BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် ✱ ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ | အမှတ် (၄၂)

## ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ပူးတွဲအစည်းအဝေး ကျင်းပပြီးစီး



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ဒုဥက္ကဋ္ဌ (၂) ဦးတင်အောင်



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ သဘာပတိအဖွဲ့ဝင် ပဒိုစောဘသင်

**ဩဂုတ်၊ (၂၁)ရက်။**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ(NCUB)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ(NCGUB)တို့၏ ပူးတွဲအစည်းအဝေးတရပ်ကို သက္ကရာဇ် ၂၀၀၃ ခုနှစ် ဩဂုတ်လ(၁၈)ရက်နေ့မှ (၂၀) ရက်နေ့အထိ ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

ယင်းအစည်းအဝေးသို့ NCUB ဒုဥက္ကဋ္ဌ ပဒိုစောဘသင်နှင့် ဦးတင်အောင်တို့ အမှူးပြုသော သဘာပတိအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် NCGUB ဝန်ကြီး ဦးဘိုလှတင့် ခေါင်းဆောင်သော ဝန်ကြီးများနှင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်တက်ရောက်ကြပြီး လက်ရှိဖြစ်ပေါ်နေသော မြန်မာ့နိုင်ငံရေးအခြေအနေများကို သုံးသပ်လျက် NCUB-NCGUB ပူးတွဲလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေများကို သုံးသပ်ကြရာ၌ ဆိုးရွားသော နိုင်ငံရေးအကျပ်အတည်းများ ပေါ်ပေါက်နေမှုသည် နအဖ စစ်အစိုးရ၏ အာဏာကို ဆက်လက်ထိန်းသိမ်းထားလိုသော ဆန္ဒသဘောထားများကြောင့်ဖြစ်သည်ဟု သဘောတူညီကြသည်။ ထို့ပြင် နိုင်ငံတကာမိသားစုကြီးမှ ထိရောက်၍ စုစည်းသော နိုင်ငံရေးအရ အရေးယူဆောင်ရွက်မှုနှင့် ပြည်တွင်းပြည်သူလူထုကြီး၏ လှုပ်ရှားမှုအရှိန်အဟုန် မြှင့်တင်ရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် အပြောင်းအလဲများ ဖြစ်ပေါ်စေရေးအတွက် သော့ချက်ကျသည့် အခြင်းအရာများဖြစ်ကြောင်း ပူးတွဲအစည်းအဝေး *ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။*

အရေးပါသည့် အချက်တချက်မှာ မြန်မာပြည် ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ လမ်းပြမြေပုံတရပ်ပေါ်ထွန်းလာရေးအတွက် ကုလသမဂ္ဂအား ဗဟိုပြုလျက် နိုင်ငံတကာမိသားစုနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်ဟု သိရှိရသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ လွှတ်ပေးရန် ယင်းအစည်းအဝေးမှ တောင်းဆိုလိုက်ပြီး ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးနှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ ဖြစ်ထွန်းလာရေးကို ဦးတည်ဆောင်ရွက်သွားကြရန် သဘောတူဆုံးဖြတ်ကြသည်ဟု သတင်းများအရ သိရှိရသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ဆန္ဒသဘောထားများအား အကောင်အထည်ဖော်ရေးအားလည်း မမှိတ်မသုန် ဆောင်ရွက်မည်ဖြစ်ပြီး အနာဂတ်တိုင်းပြည် ပြန်လည်တည်ဆောက်ရေးဖြစ်စဉ်၌ လက်နက်ကိုင်တပ်ဖွဲ့များ (တပ်မတော်)၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ လေးလေးနက်နက် ဆွေးနွေးအဖြေရှာကြမည်ဟုလည်း NCUB အထွေထွေအတွင်းရေးမှူး ဦးအောင်မိုးဇော်က မိုးကြိုးသတင်းစာသို့ ပြောကြားသွားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့အနေဖြင့် ပြည်တွင်းလုပ်ငန်း၊ နိုင်ငံတကာလုပ်ငန်းများနှင့် အခြားလုပ်ငန်းစဉ်များကို စုစုစည်းစည်း ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဟု သိရသဖြင့် အတိုက်အခံများအတွင်း စည်းလုံးညီညွတ်မှုပိုမိုရရှိလာသည့် အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုတရပ်အဖြစ် လေ့လာသူများက ရှုမြင်နေကြသည်။ ❖



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရတို့ ပူးတွဲအစည်းအဝေး ကျင်းပနေစဉ်

## လမ်းပြမြေပုံနှင့် စပ်လျဉ်း၍ မြန်မာ့နိုင်ငံရေးအင်အားစုတို့၏ သဘောထား အမြင်များ



ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်ရှိနိုင်ငံရေးအခြေအနေ အကျပ်အတည်းများ ဖြေရှင်းနိုင်ရေးအတွက် အိမ်နီးချင်း ထိုင်းနိုင်ငံက Road Map ခေါ် နိုင်ငံရေးလမ်းပြမြေပုံတခုကို အဆိုပြုလာခဲ့ရာ ထိုအဆိုပြုလွှာအပေါ် အတိုက်အခံ ဒီမိုကရေစီအင်အားစုများ၏ သဘောထားအမြင်များ အပြိုင်ပေါ်ထွက်လာခဲ့သည်။ ထိုသဘောထားအမြင်များအနက် အချို့ကို စုစည်းကောက်နုတ်ကြည့်ရာတွင် –

မြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက "ထိုင်းနိုင်ငံ တနိုင်ငံထဲနှင့် ပြီးပြည့်စုံခြင်း မရှိဘဲ၊ နိုင်ငံတကာက ပါဝင်ပတ်သက်ရန် လိုကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာက ထောက်ခံမှုရပြီး ပေါ်ပေါက်လာသည့်အခြေအနေမျိုးကိုသာ လိုလားကြောင်း၊ Road Map တွင် အဆင့်၊ အချိန်ကန့်သတ်မှုရှိသည့် အဆင့်အမျိုးမျိုးထားရန် လိုအပ်ကြောင်း၊ ထိုကာလများအတွင်း အမျိုးသားရင်ကြားစေ့ရေး၊ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရေးနှင့် နိုင်ငံရေး လွတ်လပ်မှုများ အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ ဆွေးနွေးသည့်အဆင့်များတွင် ဒီမိုကရေစီအင်အားစုများဘက်မှ ဒေါ်အောင်ဆန်းစုကြည် ခေါင်း

စာမျက်နှာ(၁၀)၊ကော်လံ(၃)သို့ ○

## နအဖစစ်တပ်တွင်း ပုန်ကန်မှုများဖြစ်ပွား

**ဩဂုတ်လ၊ (၂၂)ရက်။**

နအဖ စစ်တပ်အတွင်း အောက်ခြေအဆင့်ရှိ အကြပ်တပ်သားမိသားစုများ၏ စားဝတ်နေရေးကျပ်တည်းမှု၊ တပ်တွင်းအထက်အောက် ဖိနှိပ်မှုများကြောင့် အထွေထွေမကျေနပ်မှုများဖြစ်ပေါ်ပြီး မကွေးတိုင်း မင်းဘူးမြို့နယ်တွင် တပ်တွင်းပုန်ကန်မှုတရပ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဩဂုတ်လ(၁၉)ရက်နေ့က မကွေးတိုင်း မင်းဘူးမြို့အခြေစိုက် ခလရ (၈၈)မှ တပ်သား(၃)ဦးတို့သည် လက်နက်အပြည့်အစုံနှင့် မကွေး မင်းဘူးကြားရှိ ကျွန်းမကြီးကျွန်းပေါ်သို့ သွားရောက်တပ်စွဲကာ တပ်တွင်းပုန်ကန်မှုတရပ် ပြုလုပ်ခဲ့ကြကြောင်း ဒေသခံတို့အဆိုအရ သိရသည်။

မြို့ခံတို့၏အဆိုအရ အဆိုပါတပ်သား(၃)ဦးမှာ မင်းဘူးမြို့သားများဖြစ်ကြပြီး၊ ၎င်းတို့အနက် တဦးကို တပ်ရင်းပိုင် သနပ်ခါးတပင် ခိုးယူမှုနှင့် ဖမ်းဆီးစစ်ဆေးခဲ့ရာမှ ပြဿနာ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဖမ်းဆီးစစ်ဆေးခြင်းခံနေရသည့် အဆိုပါစစ်သားအား သနပ်ခါးခိုးမှုတွင် ပါဝင်သည့် အခြားတပ်သားတဦးနှင့် တပ်ကြပ်တဦးတို့က တပ်တွင်းအချုပ်မှ ခေါ်ထုတ်သွားပြီး ဂျီ-၃ (၃)လက်၊ ကျည်ဆံ(၄၀၀)ကျော်တို့နှင့်အတူ၊ အရှည်(၂)မိုင် အလျား(၅)ဖာလုံရှိ ကျွန်းမကြီးကျွန်းပေါ်သို့ ထွက်ပြေးတိမ်းရှောင်၍ တန်ပြန်ပုန်ကန်ခဲ့ခြင်းဖြစ်သည်။

တပ်အာဏာပိုင်များက ၎င်းတို့(၃)ဦးအား ပြန်လည်ဖမ်းဆီးမိရေးအတွက် မကွေးအခြေစိုက် တပ်မ(၈၈)၊ မင်းဘူးအခြေစိုက် ခလရ(၈၈)နှင့် စကုအခြေစိုက် ခလရ(၁၀) တပ်ရင်းတို့မှ အသေခံတပ်သား(၁၀၀)ကျော်အင်အားအသုံးပြု၍ ကျွန်းကို (၃)ရက်အကြာ အပြင်းအထန် ဝင်ရောက်စီးနင်းခဲ့ရာ ဩဂုတ်(၂၁)ရက်နေ့တွင် (၂)ဦးမှာ ကျဆုံးသွားပြီး၊ ကျန်တဦးမှာ ယနေ့အချိန်ထိ လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသူအား ပြန်လည်ရရှိရန်

စာမျက်နှာ(၁၅)၊ကော်လံ(၄)သို့ ○

# မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

## မိုးကြိုးပစ် ထန်းလက်ကာ စစ်အုပ်စု

သက်ရောက်မှုတိုင်း၌ ၎င်းနှင့်ညီမျှသော တန်ပြန်သက်ရောက်မှုရှိသည်ဟု ရူပဗေဒပညာရှင် နယူတန်က ဆိုသည်။ ထိုနည်းတူ စစ်အုပ်စု၏ ဖိနှိပ်မှုကြီးမားလေလေ ၎င်းနှင့်ညီမျှသော ပြည်သူလူထု၏ လွတ်မြောက်ရေး ရုန်းကန်လှုပ်ရှားမှု ကြီးထွားလာလေလေဖြစ်သည်။

၂၀၀၃ ခုနှစ် မေလ(၃၀)ရက်နေ့က စစ်အာဏာရှင်တို့ ကျူးလွန်လိုက်သော ဒီပဲယင်းရာဇဝတ်မှုကြီးသည် စစ်အာဏာရှင်စနစ် ဖိနှိပ်ရေးယန္တယားကြီးကို အရှိန်အဟုန်မြှင့် မောင်းနှင်လာမှု၏ အစပျိုးမှုဖြစ်သည်ဟု ပြည်သူတို့က ရှုမြင်ပေသည်။

ပိုမိုဆိုးဝါးလာနေသည်မှာ နအဖအတွင်းရေးမှူး(၁)နေရာတွင် ဒီပဲယင်း အရေးအခင်း၏ သားသတ်သမား ဗိုလ်စိုးဝင်းအား အစားထိုးခန့်အပ်လိုက်ပြီး၊ မူလတာဝန်ရှိသူ ဗိုလ်ခင်ညွန့်အား ဝန်ကြီးချုပ်အဖြစ် ချောင်ထိုးထားလိုက်သည့် လုပ်ရပ်ဖြစ်သည်။ အပေါ်ယံကြည့်လျှင် ဗိုလ်ခင်ညွန့်မှာ ဝန်ကြီးချုပ်အဖြစ် အာဏာ ပိုမိုများပြားလာသကဲ့သို့ ရှုမြင်ရသော်လည်း စစ်အုပ်စုအဆက်ဆက်တွင် အစိုးရအဖွဲ့အကြီးအကဲဟူသမျှသည် စစ်ကောင်စီအကြီးအကဲဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် စစ်ကောင်စီ၏ ညွှန်ကြားမှုကိုသာ လုပ်ဆောင်ရသည့် ရုပ်သေးမျှသာဖြစ်သည်။

မဆလ ခေတ်အဆက်ဆက်တွင် တာဝန်ယူခဲ့သော ဝန်ကြီးချုပ်များဖြစ်သည့် ဦးစိန်ဝင်း၊ ဦးမောင်မောင်ခတို့သည် ဗိုလ်နေဝင်းအာဏာရှင်အား ဖောင်းတော်ညိတ် စိတ်တော်သိခဲ့ရသည့် ရုပ်သေးဝန်ကြီးချုပ်များသာဖြစ်သည်။ လက်ရှိစစ်ကောင်စီဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်း အာဏာခွဲဝေပုံအရ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်သန်းရွှေက အာဏာအားလုံးကို ချုပ်ကိုင်ထားပြီး စီးပွားရေးနှင့် တပ်မတော်ကိစ္စများကို ဗိုလ်မောင်အေးအားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပြည်တွင်းမူဝါဒများအား အတွင်းရေးမှူး(၁)အားလည်းကောင်း လွှဲအပ်ထားသည်ဟု ယူဆရပေသည်။

သို့ပါ၍ ဝန်ကြီးချုပ်လည်းဖြစ် နအဖ ဥက္ကဋ္ဌလည်းဖြစ်သော ဗိုလ်သန်းရွှေက ဗိုလ်ခင်ညွန့်အား ဝန်ကြီးချုပ်ရာထူး လွှဲအပ်ပေးခြင်းမှာ တဂူထဲ ခြင်္သေ့ နှစ်ကောင် ပေါ်လစီကို ကျင့်သုံးခြင်း မဟုတ်ပေ။ ဗိုလ်သန်းရွှေမှာ နအဖ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး စသည့် စစ်ကောင်စီအတွင်း ဩဇာအကြီးဆုံး ရာထူးများကို ဆုပ်ကိုင်ထားဆဲဖြစ်သည်။ စစ်အုပ်စု၏ ယခုလုပ်ရပ်မှာ နအဖ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်သန်းရွှေက ဒီပဲယင်းအရေးအခင်း၏ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် ပေါ်ပေါက်လာနေသည့် နိုင်ငံတကာနှင့် ပြည်သူလူထု၏ ဒဏ်ခတ်ခံရမှုမှ ရှောင်လွှဲရန် ဇာတ်တိုက်လုပ်ကြံသော မိုးကြိုးပစ်ထန်းလက်ကာ ရုပ်ပြဇာတ်လမ်းတပုဒ်သာ ဖြစ်သည်ဟု ယူဆရပါသည်။

စစ်အုပ်စုသည် နိုင်ငံတကာအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်ကိန်း ကြုံနေရသည်။ အာဆီယံမှ ထုတ်ပစ်မည်ဟု ဂုဏ်သိက္ခာမဲ့စွာ ကြိမ်းမောင်းခံနေရသည်။ နိုင်ငံတကာ၏ ဒဏ်ခတ်အရေးယူမှုကို ခံနေရသည်။ နံပါတ်(၁)ခေါင်းဆောင် ဗိုလ်သန်းရွှေကား ပွဲလယ်မတင့်တော့၊ ဗိုလ်ခင်ညွန့် ရုပ်သေးရုပ်ကို ပွဲထုတ်၍ နိုင်ငံတကာစင်မြင့်တွင် ရုပ်သေးဆရာကြီး လုပ်လိုသူဖြစ်သည်။ သဘောထားပြော့ပြောင်းသူ၊ အပြောင်းအလဲကို လိုလားသူဟု နာမည်ထွက်သော်လည်း၊ ပို၍ကောက်ကျစ်စဉ်းလဲပြီး မြေခွေးကဲ့သို့ပါးနပ်သူ ဗိုလ်ခင်ညွန့်သည် ဝန်ကြီးချုပ်ဘဝကို တမ်းတမက်မောနေသူဖြစ်သည်။ ရာထူးမက်မောသူ၊ ရည်မှန်းချက်ကြီးမားသူဖြစ်၍ မင်းသားဝတ်သာဝတ်ရလျှင် ရုပ်သေးဝန်ကြီးချုပ်အဖြစ် ဗိုလ်သန်းရွှေ ကြိုးဆွဲရာကမည့်သူလည်း ဖြစ်သည်။

မကြာမီ အရပ်ဝတ်လဲလာနိုင်ဖွယ်ရှိသော ဗိုလ်ခင်ညွန့်သည် စစ်အုပ်စု၏ အဓိကမူဝါဒဖြစ်သော အနာဂတ်မြန်မာနိုင်ငံရေးတွင် စစ်တပ်မှ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ရေးကို မထိခိုက်စေသော နိုင်ငံတကာမှ အထူးသဖြင့် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများမှ လက်ခံအားပေးနိုင်ဖွယ်ရှိသည်ဟု ၎င်းတို့ယူဆသည့် အပေါ်ယံ ဟန်ပြပြောင်းလဲမှုများ၏ သင်္ကေတဖြစ်လာနိုင်သည်။

ပြည်သူလူထု လိုလားသည်မှာ အုပ်ချုပ်သူအပြောင်းအလဲ မဟုတ်၊ အုပ်ချုပ်မှုပုံစံ အပြောင်းအလဲ ဖြစ်သည်။ ဗိုလ်နေဝင်းမှ ဦးနေဝင်းမဟုတ်၊ ဗိုလ်သန်းရွှေမှ ဗိုလ်ခင်ညွန့်မဟုတ်၊ အာဏာရှင်မှ ဒီမိုကရေစီသို့ဖြစ်သည်၊ စစ်တပ်အုပ်ချုပ်ရေးမှ ပြည်သူလူထု အုပ်ချုပ်ရေးသို့ဖြစ်သည်။ ဤကဲ့သို့ မိုးကြိုးပစ် ထန်းလက်ကာ ပြဇာတ်ဖြင့် ပြည်သူကို လှည့်ဖြား၍ မရစကောင်း၊ သမိုင်းရေစီးကို လက်ဝါးဖြင့်ကာ၍ မရစကောင်း၊ ပြည်သူလူထု၏ ဒဏ်ခတ်မှုကို ဗိုလ်သန်းရွှေနှင့် ဗိုလ်ခင်ညွန့်စစ်အုပ်စု အနှေးအမြန် ကြုံတွေ့ရပေတော့မည်မှာ ဧကန်ဖြစ်ပေသည်။

❖

## (၅၃)နှစ်မြောက် ကရင်အမျိုးသားအာဇာနည်နေ့ ကျင်းပ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး ကြိုးပမ်းသွားရန် ကေအဲန်ယူ ဥက္ကဋ္ဌက ပြောကြား



ကရင့်အမျိုးသားအာဇာနည်ခေါင်းဆောင် စောဘဦးကြီး

**ဩဂုတ်၊ (၁၂)ရက်။**

(၅၃)နှစ်မြောက် ကရင့်အမျိုးသား အာဇာနည်နေ့အခမ်းအနားတရပ်ကို ထိုင်း မြန်မာ နယ်စပ်တနေရာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ပဒိုစောဘသင်က ဩဂုတ်လ(၁၂)ရက်နေ့သည် ကရင့်တော်လှန်ရေး ခေါင်းဆောင်စောဘဦးကြီး ကျဆုံးသောနေ့ကို ဂုဏ်ပြုသောအားဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနေ့ ရောက်တိုင်း တော်လှန်ရေးကာလ (၅၃)နှစ်အတွင်း ကျဆုံးသွားခဲ့သော ခေါင်းဆောင်ကြီးများ၊ ရဲဘော်များကို ဂုဏ်ပြုသောအားဖြင့် တော်လှန်ရေး အောင်ပွဲခံသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု အဓိဋ္ဌာန်ပြုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ စုစည်းညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးနှင့် ကရင်တမျိုးသားလုံး လိုလားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန် ကြိုးပမ်းသွားမည်ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

❖

## ပြည်သူများအားလုံး သတ္တိရှိရှိ စွန့်စွန့်စားစား တိုက်ပွဲဝင်ရန် အချိန်ရောက်ပြီ စွမ်းအားမြှင့်မြန်မာကျောင်းသားစစ်သည်တော်များ ကြေညာချက် ထုတ်ပြန်

**ဩဂုတ်လ၊ (၅)ရက်။**

၁၉၉၃ ခု အောက်တိုဘာလက ဘန်ကောက်ရှိ မြန်မာသံရုံးကို ဝင်ရောက်သိမ်းပိုက်ခဲ့သည့် စွမ်းအားမြှင့် ကျောင်းသားစစ်သည်တော်များအဖွဲ့က ယနေ့နေ့စွဲဖြင့် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာ အရေးကြီးသည့် အခြေအနေမျိုးတွင် ကျောင်းသားပြည်သူများအားလုံး သတ္တိရှိရှိ စွန့်စားပြီး တိုက်ပွဲဝင်ကြရမည်ဖြစ်ကြောင်း လှုံ့ဆော်တိုက်တွန်းလိုက်သည်။

ကြေညာချက်တွင် ဇူလိုင်(၂၆)ရက်နေ့က ပြုလုပ်ခဲ့သည့် နအဖ သတင်းစာရှင်းလင်းပွဲမှ စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း ပြောဆိုလိုက်ပြီး ဩဂုတ်လ(၈)ရက်နေ့သည် ရှစ်လေးလုံး (၁၅)နှစ်ပြည့်သည့်နေ့ဖြစ်သည့်အတွက် စွမ်းအားမြှင့်အဖွဲ့၏ တိုက်ပွဲအရှိန်ကို မြှင့်သွားမည်ဖြစ်ကြောင်း ရေးသားသည်။

၎င်းတို့အနေဖြင့် နအဖ ဗိုလ်ချုပ်ကြီးများအား အကြမ်းဖက်မှုအပါအဝင် မည်သည့်နည်းနှင့်မဆို တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း၊ ဘုံရန်သူစစ်အစိုးရကို တိုက်ခိုက်သည့်အခါ အကြမ်းမဖက်သည့်နည်း စသည်ဖြင့် အငြင်းပွားနေခြင်းသည် မိမိတို့၏ စွန့်လွှတ်အနစ်နာခံမှုကို စော်ကားရာ ရောက်ကြောင်း သတိပေးထားပြီး ပြည်သူများအနေဖြင့် မိမိတို့၏ အဓိကပစ်မှတ်ဖြစ်သည့် နအဖ ဗိုလ်ချုပ်ကြီးများနှင့် နီးနီးစပ်စပ် မနေဘဲ ဝေးဝေးရှောင်နေကြရန် လိုကြောင်း နှိုးဆော်ထားသည်။

ကြေညာချက်အရ စွမ်းအားမြှင့်ကျောင်းသားစစ်သည်တော်အဖွဲ့သည် မည်သည့်နေရာတွင် ရှိနေသည်ကို အတိအကျ မသိရသော်လည်း မြန်မာနိုင်ငံနှင့် အနီးဆုံးဒေသတွင် ၎င်းတို့ရှိနေကြောင်း ကြေညာချက်တွင် ညွှန်းဆိုထားသည်။

ကြေညာချက်နှင့်အတူ စွမ်းအားမြှင့်အဖွဲ့ခေါင်းဆောင် ကိုရဲသီဟ၏ အသံသွင်း Audio File လည်း ပါဝင်ပြီး ၎င်းက ပြည်သူလူထုအနေဖြင့် ကယ်တင်ရှင်ကို မျှော်မနေကြဘဲ ကိုယ်တိုင်ရင်ဆိုင်တိုက်ပွဲဝင်နိုင်ရန် စိတ်ဓာတ်မွေးထားကြစေလိုကြောင်း၊ နိုင်ငံတကာ၏ အကူအညီသည် အစိတ်အပိုင်းတခုမျှသာဖြစ်ပြီး တကယ်တမ်း တိုက်ပွဲဝင်ရမည်မှာ ပြည်တွင်းမှာရှိသည့် ပြည်သူ၊ ကျောင်းသား၊ နိုင်ငံရေးသမားများအားလုံး သတ္တိရှိရှိစွန့်စား၍ တိုက်ပွဲဝင်ရမည့်အချိန် ကျရောက်နေကြောင်း စွမ်းအားမြှင့် ကျောင်းသားစစ်သည်တော်များအနေဖြင့် တိုင်းပြည်အာဏာကို သိမ်းယူထားသည့် စစ်ဗိုလ်ချုပ်ကြီးများအား အဓိကပစ်မှတ်ထားပြီး တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

❖



# မန္တလေးထောင်မှ နိုင်ငံရေးအကျဉ်းသားများ အစာငတ်ခံတိုက်ပွဲဝင်

**ဩဂုတ်၊ (၉)ရက်။**

အချက် (၃)ချက်ပါ တောင်းဆိုမှုများ ရရှိရန်အတွက် မန္တလေးအကျဉ်းထောင် အတွင်းရှိ နိုင်ငံရေးအကျဉ်းသား (၃)ဦးတို့က (၅)ရက်ကြာ အစာငတ်ခံဆန္ဒပြခဲ့ကြရာ အာဏာပိုင်များက ၎င်းတို့၏ တောင်းဆိုချက်များအား လိုက်လျောခွင့်ပြုလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက မန္တလေးအကျဉ်းထောင်တွင် နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများအဖြစ် ဖမ်းဆီးခြင်းခံနေရသူ ကိုမိုးကျော်၊ ကိုအောင်စိုးမင်းနှင့် ကိုကျော်ညွန့်တို့က အချက်(၃)ချက်ပါ တောင်းဆိုချက်များ ရရှိရန် အစာငတ်ခံ ဆန္ဒပြခဲ့ကြသည်။

၎င်းတို့၏တောင်းဆိုချက်များမှာ သိမ်းဆည်းသွားသည့် စာအုပ်များ ပြန်ပေးရေး၊ စာအုပ်သစ်များ ဖတ်ခွင့်ပေးရေးနှင့် ရုပ်မြင်သံကြား ကြည့်ခွင့်ပေးရေးတို့ဖြစ်သည်။ အဆိုပါ တောင်းဆိုချက်များမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာပင်ဟေးရိုး မြန်မာ အကျဉ်းထောင်များသို့ လာရောက်စစ်ဆေးစဉ် အာဏာပိုင်များက တရားဝင် ခွင့်ပြုပြီး ဖြစ်သည်။ သို့ရာတွင် အာဏာပိုင်များက ဆက်လက်ခွင့်မပြုတော့သည့်အတွက် ကျောင်းသားလူငယ် နိုင်ငံရေးအကျဉ်းသားများက ယခုလို အစာငတ်ခံ တောင်းဆိုကြခြင်းဖြစ်သည်။

ထောင်အာဏာပိုင်များက ဆန္ဒပြသူများနှင့် လာရောက်ညှိနှိုင်းပြီး သိမ်းဆည်းစာအုပ်များ ပြန်ပေးရန်နှင့် စာအုပ်သစ်များ ထပ်မံဖတ်ခွင့်ပြုရန် လိုက်လျောခဲ့ကြပြီး၊ ရုပ်မြင်သံကြား ကြည့်ခွင့်ကိုမူ မပေးနိုင်ဟု ငြင်းပယ်ခဲ့ကြသည်။

သို့ရာတွင် ဆန္ဒပြသူများဘက်က တောင်းဆိုချက် (၃)ခုအနက် (၂)ခုကို ရရှိခဲ့သဖြင့် ဆန္ဒပြပွဲကို ရုပ်ဆိုင်းခဲ့ကြသည်။ ၎င်းတို့သည် ဇူလိုင် (၂၁)ရက်မှ (၂၅)ရက်နေ့အထိ (၅)ရက်ကြာ အစာငတ်ခံ တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ❖

# နအဖနှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ များ ဆက်ဆံရေး တင်းမာနေ

**ဩဂုတ်၊(၁၀)ရက်။(မဇ္ဈိမ)**

ရှမ်းပြည်နယ် ကွတ်ခိုင်ဒေသအတွင်းရှိ ကေအိုင်အိုခေါ် ကချင်တော်လှန်ရေးအဖွဲ့နှင့် နယ်မြေခံ နအဖတပ်ရင်းအကြား တဖက်နှင့်တဖက် ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားခဲ့ရာမှ တိုက်ပွဲဖြစ်ပွားလုနီးပါးအခြေအနေ ရောက်ရှိခဲ့ကြောင်း ကေအိုင်အို အရာရှိတဦး အဆိုအရ သိရသည်။

နအဖ ဒေသခံတပ်ရင်းများဖြစ်သည့် ခလရ ၁၂၃ နှင့် ခလရ ၄၅ တပ်ရင်းတို့က လက်နက်တပ်ဆင်ထားသည့် ဒေသခံပြည်သူ့စစ်အင်အား(၁၀၀)တို့နှင့်အတူ ကေအိုင်အိုထိန်းချုပ်ရာ တပ်ရင်း(၈)နယ်မြေသို့ ခွင့်ပြုချက် မရရှိဘဲ ဝင်ရောက်ရန် ကြိုးစားခဲ့သဖြင့် ကေအိုင်အိုတပ်ရင်း(၈)တပ်ရင်းမှူးက တားမြစ်ခဲ့ရာမှ အစပြု၍ နှစ်ဖက်အကြား ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ကေအိုင်အိုအရာရှိတဦး၏ ပြောဆိုချက်အရ နအဖတပ်များသည် မူးယစ်ဆေးနှိမ်နင်းရန် အကြောင်းပြချက်ဖြင့် ကေအိုင်အို ထိန်းချုပ်ရာနယ်မြေသို့ ဝင်ရောက်လာခဲ့ရာမှ နှစ်ဖက်အကြား ပစ်ခတ်မှုများ ဖြစ်ပွားလုနီးပါး ကြုံခဲ့ရသည်ဟု ဆိုသည်။ ထိုဖြစ်ရပ်မတိုင်မီက ကေအိုင်အိုအဖွဲ့သည် အပစ်အခတ်ရပ်စဲထားသည့် အခြားအဖွဲ့များနှင့်အတူ ဒီပဲယင်းဖြစ်ရပ်နှင့်ပတ်သက်သည့် ၎င်းတို့၏ စိုးရိမ်မှုများအား သဘောထား ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ ထို့နောက် ယခုလိုဖြစ်ရပ် ပေါ်ပေါက်လာခြင်းမှာ ထူးခြားချက်တရပ်ဖြစ်ကြောင်း၊ စစ်အုပ်စုအနေဖြင့် ထိုကြေညာချက် ထုတ်ပြန်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များအပေါ် ဖိအားပေးမှုများ ပြုလုပ်လာခဲ့ကြောင်း မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းနေသူအချို့က သုံးသပ်ခဲ့ကြသည်။

အခြားသတင်းတရပ်တွင် နအဖသည် ‘ဝ’တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(UWSA)ကို လက်နက်များ ရုပ်သိမ်းရန် ကြိုးပမ်းသည့် အရိပ်လက္ခဏာများ မြင်တွေ့နေရကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လက နအဖဗိုလ်မှူးချုပ်ကျော်သိန်းသည် ကေအိုင်အိုအပါအဝင် မြန်မာပြည် အရှေ့မြောက်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ သွားရောက်၍ စစ်အုပ်စု၏သဘောထားကို လိုက်လံရှင်းပြခဲ့ပြီး အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များအနေဖြင့် နအဖအပေါ် ထောက်ခံရပ်တည်ပေးရန် ဖိအားပေးသွားခဲ့ကြောင်း သိရသည်။ ❖

# ပေါက်ခေါင်းမြို့နယ်အတွင်း သံဃာတော်များနှင့် ရဲတပ်ဖွဲ့ များအုံကြွမှုဖြစ်

**ဩဂုတ်၊ (၁၃)ရက်။**

ပဲခူးတိုင်း အနောက်ဘက်ခြမ်းရှိ ပေါက်ခေါင်းမြို့၌ ယခုလ (၁၂)ရက်နေ့ ညနေပိုင်းတွင် စာသင်သားသံဃာတော်များနှင့် နယ်မြေခံ ရဲတပ်ဖွဲ့တို့ကြား ပြဿနာတရပ်ဖြစ်ခဲ့ရာမှစ၍ ပြည်သူလူထုများပါ ပါဝင်လာသည့် အဓိကရုဏ်းတခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ထိုနေ့ညပိုင်း (၉)နာရီအချိန်ခန့်က စာသင်သားသံဃာ အပါး(၁၀၀)ကျော်ရှိသည့် ပေါက်ခေါင်းမြို့၊ ကျောက်စရစ်ကုန်းကျောင်း စာသင်တိုက်မှ သံဃာတော်အချို့သည် မြို့တွင်းသို့ ကိစ္စကြီးငယ်ရှိ၍ သွားရောက်ခဲ့ရာတွင် ရဲတပ်ဖွဲ့ဝင်အချို့က တားဆီးမေးမြန်းမှုများပြုလုပ်ခဲ့ရာ သံဃာတော်များက မကျေမနပ်ဖြစ်ပြီး ရဲအဖွဲ့ဝင်များနှင့် ပြဿနာဖြစ်ပွားခဲ့သည်။

ထို့သို့ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ ကျောင်းတိုက်သို့ မြို့နယ်မှူးအဆင့်ရှိ ရဲတပ်ဖွဲ့များ ကားဖြင့်ရောက်ရှိလာပြီး ပြဿနာဖြစ်ပွားခဲ့သည့် သံဃာတော်များအား ထုတ်ပေးရန် တောင်းဆိုခဲ့ရာ ထိုတောင်းဆိုချက်ကို သံဃာတော်များက မကျေနပ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် မော်တော်ယာဉ်ကို ခဲများနှင့် ပစ်ပေါက်ခဲ့ကြကြောင်း မြို့ခံတို့အဆိုအရ သိရသည်။

ထိုသို့ သံဃာတော်များနှင့် ရဲအဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားနေသည့်အတွက် ပတ်ဝန်းကျင်ရှိ ပြည်သူများ ရောက်ရှိလာပြီး ရဲတပ်ဖွဲ့ဝင်များနှင့် စီးနင်းလာသည့် မော်တော်ယာဉ်ကို ဝိုင်းဝန်းတိုက်ခိုက်သည်အထိ ဖြစ်ပွားခဲ့ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ယခုလိုဖြစ်ပွားရခြင်းသည် ပြည်မြို့နယ်အတွင်း ညမထွက်ရအမိန့်ကို တရားဝင် ထုတ်ပြန်ထားခြင်းမရှိသော်လည်း လုံခြုံရေးတာဝန်ယူထားသူများက အမိန့်ထုတ်ထားသကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်းကြောင့် သံဃာတော်များနှင့် ပြဿနာဖြစ်ပွားခဲ့ရပြီး နောက်ဆုံးတွင် အဓိကရုဏ်းအဆင့်အထိ ရောက်ရှိသွားခြင်းဖြစ်ကြောင်း ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိလာသူ ဒေသခံတဦး အဆိုအရ သိရသည်။

ယခုအခါ ပဲခူးတိုင်း ပြည်ခရိုင်အတွင်းတွင် သံဃာတော်များနှင့် ပြည်သူလူထုများက လုံခြုံရေးတပ်ဖွဲ့များအပေါ် မကျေနပ်မှုများ ဖြစ်ပေါ်နေသလို အာဏာပိုင်များဘက်ကလည်း လုံခြုံရေး တင်းကျပ်စွာ ချထားကြောင်း သိရသည်။ ❖

# တရုတ်–မြန်မာနယ်စပ် နှစ်ဖက်တပ်များ စစ်အင်အား အပြိုင်အဆိုင် တိုးချဲ့ ချထား

**ဩဂုတ်၊ (၆)ရက်။**

ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းကစ၍ တရုတ်–မြန်မာနယ်စပ်တလျှောက်ရှိ ဒေသများတွင် တရုတ်နိုင်ငံဘက်မှ စစ်အင်အားများ အလုံးအရင်းချထားခဲ့ရာ ယနေ့ရရှိသည့် သတင်းများအရ နအဖဘက်ကလည်း တရုတ်နယ်စပ်ဘက်သို့ စစ်အင်အား လက်နက်အင်အားများ ထပ်မံတိုးချဲ့ ချထားကြောင်း သိရသည်။

သတင်းများအရ ကိုးကန့်ဒေသ၊ လောက်ကိုင်မြို့ အခြေစိုက်၊ အမှတ်(၅၀၆) အမြောက်တပ်ရင်းသို့ အမြောက်ကြီး (၁၂) လက်နှင့် အမြောက်ဆွဲယာဉ် (၅)စီးကို မိတ္ထီလာဗဟိုအမြောက်တပ်က ပေးပို့ခဲ့ကြောင်း စစ်ဘက်သတင်းများအရ သိရသည်။

လက်နက်ကြီးများကို လောက်ကိုင်ဒေသကွပ်ကဲရေး စစ်ဌာနချုပ် (ဒကစ) လက်အောက်ခံ အမြောက်တပ်ခွဲ အမှတ်(၀၇၉)နှင့် ကွမ်းလုံမြို့ရှိ အမြောက်တပ်ခွဲ (၀၇၃)သို့ ဆက်လက်ပို့သွားမည်ဟုဆိုသည်။

အလားတူ ဇူလိုင် ပထမပတ်အတွင်းကလည်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်းရှိ ကျောက်မဲအခြေစိုက် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ် (၁)နှင့် သိန္နီအခြေစိုက် စကခ(၁၆)သို့ အဆင့်မြင့်စိန်ပြောင်းများ ပေးပို့ခဲ့သေးသည်ဟု အဆိုပါ သတင်းရပ်ကွက် အဆိုအရ သိရသည်။

အတည်မပြုနိုင်သေးသည့် သတင်းများအရ အဆိုပါလက်နက်ကြီးများမှာ တရုတ်နိုင်ငံလုပ် လက်နက်များ မဟုတ်ဘဲ အိန္ဒိယမှ ဝယ်ယူထားသည့် လက်နက်ကြီးများ ဖြစ်သည်ဟု ဆိုသည်။ ❖

# တောင်ပေါ်က ကချင်ဒူဝါတဦးရဲ့ “ပြည်သူ့အသံ”တစ်ပြချက်

စစ်အစိုးရ(နအဖ)တို့က ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ယနေ့ထိ ခဏခဏ ပြောသံ ကြားရပါတယ်။

၁၉၉၀ ခုနှစ် မေလ(၂၇)ရက်နေ့မှာ တရားမျှတတဲ့ ရွေးကောက်ပွဲရလဒ်ကို ယနေ့ထိ အကောင်အထည် မဖော်နိုင်ဘဲလျက် ဘယ်လို ရွေးကောက်ပွဲအသစ် ပြုလုပ်နိုင်မလဲ။ ကလေးမွေးဖို့ ဗိုက်ထဲ ကိုယ်ဝန်အရင့်အမာရှိလျက် ကလေး မမွေးနိုင်ဘဲ ဘယ်လို နောက်ထပ် ကိုယ်ဝန်အသစ်ပြန်ယူမလဲ။

ဒီလိုလုပ်ရပ်ကို ယနေ့ ပြည်သူများ လုံးဝ လက်မခံတော့ဘူး။ ၁၉၉၀ ခုနှစ် တရားမျှတတဲ့ ရွေးကောက်ပွဲရှိလျက် အခြားရွေးကောက်ပွဲအသစ် ပြန်လုပ်မယ်ဆိုတာ ပြည်သူလူထုက လုံးဝ မကြားချင်တော့ဘူး။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အကျိုးမရှိဘူး၊ မဟုတ်ဘူးဆိုရင် ဘယ်ဟာ ဟုတ်မလဲ။

ပြည်သူလူထုက နအဖ စစ်အစိုးရ၏ အသစ်ပြန်လုပ်ပေးမည့် ရွေးကောက်ပွဲကို လုံးဝ အယုံအကြည် မရှိတော့ဘူး။ စိတ်လည်း မဝင်စားတော့ဘူး။ ၁၉၉၀ ရွေးကောက်ပွဲ အကောင်အထည်မပေါ်လို့ပဲ။ ထို့ကြောင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အမြန် အကောင်အထည်ဖော်ရန်သာ ဖြစ်တယ်။

အဲန်အယ်လ်ဒီ နိုင်လို့ ပြောနေတာ မဟုတ်ဘူး။ မည်သည့် နိုင်ငံရေးပါတီပဲနိုင်နိုင် အာဏာအပ်ရမှာပဲ ဖြစ်တယ်။ တကယ်လို့ အဲန်အယ်လ်ဒီအစိုးရဖြစ်လျှင်လည်း (၄)နှစ်ပဲ၊ ထာဝရကုလားထိုင် မဟုတ်ဘူး။ (၄)နှစ်ပြီးလျှင် အဲန်အယ်လ်ဒီကသာ ရွေးကောက်ပွဲအသစ် လုပ်ပေးပြီး နိုင်သည့်အဖွဲ့ကို အာဏာပြန်အပ်ရမည်သာ ဖြစ်တာပဲ။

ကမ္ဘာ့နိုင်ငံရေးများအားလုံးလည်း ရွေးကောက်ပွဲရလဒ်ကို လေးစားတန်ဖိုးထားပါတယ်။ မြန်မာနိုင်ငံစစ်အစိုးရကသာ ယနေ့ထိ ရွေးကောက်ပွဲရလဒ် အကောင်အထည် မဖော်ပေးခြင်းဟာ ပြည်သူများအားလုံးကို မတရားစော်ကား၊ လိမ်လည်ခြင်းသာ ဖြစ်တယ်၊ ကမ္ဘာကိုလည်း လိမ်လည်နေတာပဲ။

အကယ်၍ မလွှဲမရှောင်သာ၍ ပြန်ရွေးလိုပါက ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များထဲက သေဆုံးသူနှင့် အသက်ရှင်နေသူစာရင်းပြုစုပြီး သေဆုံးသူရှိက ၎င်းတို့အစား(၃)လအတွင်း အမြန်ဆုံး အရေးပေါ်ရွေးချယ်ခြင်း ပြုလုပ်ပြီး ကျန်သက်ရှိထင်ရှားရှိနေသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြန်ရွေးရန် လုံးဝ မလိုအပ်ပါ။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်သည် ပြည်သူလူထုကို မတရားခြိမ်းခြောက်၍ အနိုင်ရသည့် ရွေးကောက်ပွဲ မဟုတ်ဘူး။ ပါတီစုံရွေးကောက်ပွဲမှ ပြည်သူများက မိမိတို့ နှစ်သက်သည့် ပြည်သူ့ကိုယ်စားလှယ်များကို လှိုက်လှဲစွာ ‘အသည်းနှလုံးကြားက မဲပြား’ ပေးခြင်းသာဖြစ်သည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ရက်ပေါင်း(၆၀)အတွင်း လက်ရှိအစိုးရက ရွေးကောက်ပွဲမှ တက်လာသည့် ပြည်သူ့ကိုယ်စားလှယ်များကို အာဏာပြန်အပ်သည်မှာ ၁၉၄၈ မှ ၁၉၆၁ အထိ (၁၀)နှစ်ကျော် ကျင့်သုံးခဲ့ပြီးဖြစ်သည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ပြည်သူက ဖျက်သိမ်းသည် မဟုတ်။ ၎င်းအချိန် အာဏာရ ဦးနေဝင်းက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အခြေခံဥပဒေကိုလည်း လွှတ်တော်၌သာ ရေးဆွဲရမည်ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲကြီး ခံသွားပြီးဖြစ်လို့ အမျိုးသားညီလာခံ ကျင်းပနေဖို့ မလိုတော့ဘူး။

၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ပြင်ဆင်၍ သုံးလျှင်သုံး၊ အသစ်ပဲ ရေးဆွဲဆွဲ၊ ပြည်သူ့လွှတ်တော်မှာသာ ရေးဆွဲပိုင်ခွင့်ရှိသည်။ နအဖ သတင်းစာတွင် အခြေခံ ဥပဒေပေါ်ပေါက်ရေးသည် ပြည်သူတိုင်း၏ တာဝန်ဖြစ်သည်ဟု ဖော်ပြထားသည်။ သန်းပေါင်း(၅၀)ကျော်ကိုယ်စား လွှတ်တော်စားလှယ်များ ရွေးထားပြီးဖြစ်၍ နိုင်ငံတော် အခြေခံ ဥပဒေကို လွှတ်တော်၌သာ ရေးဆွဲရမည် ဖြစ်သည်။

ထို့ကြောင့် စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်၊ ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံး လွှတ်ပေးပြီး မိမိတို့ ကတိအတိုင်း သဘောထားကြီးကြီးနှင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် အလေးအနက် တိုက်တွန်းသည်။

အကယ်၍ နောင်အခါ၌ ပြည်သူ့ဆန္ဒ မဆောင်ရွက်ပေးနိုင်၍ ဖြစ်ပေါ်လာသော အကျိုးဆက်များသည် နအဖ စစ်အစိုးရ၏ တာဝန်သာဖြစ်သည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# နိုင်ငံတကာ

## ဘဂ္ဂဒက်မြို့ အသေခံ ထရပ်ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ကုလသမဂ္ဂအထူးသံတမန်သေဆုံး

**ဩဂုတ်၊ (၂၁)ရက်။**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ယခုလ(၂၁)ရက်နေ့ညနေပိုင်းက အင်အားပြင်းထန်သည့် အသေခံ ထရပ်ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂ အထူးသံတမန်အဖြစ် ဆောင်ရွက်နေသူ ဆာဂျီယိုဗီရီရာဒီမဲလ်လိုအပါအဝင် စုစုပေါင်း လူ(၂၀)ဦးသေဆုံးပြီး (၁၀၀)ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ မစ္စတာဗီရီရာဒီမဲလ်လို အသက်(၅၅)နှစ်သည် ဘရာဇီးနိုင်ငံသား တဦးဖြစ်ပြီး ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ နှစ်ပေါင်း(၃၀)ကျော်ပြီဖြစ်သည်။ ၎င်းသည် အရှေ့တီမော၊ ကိုဆိုဗို၊ မိုဇမ်ဘစ်နှင့် ရဝမ်ဒါ စသည့် အန္တရာယ်များသည့် နိုင်ငံတို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ဒီမဲလ်လိုသည် လူ့အခွင့်အရေး မဟာမင်းကြီးအဖြစ် ယခင်က တာဝန်ထမ်းဆောင်နေခဲ့ရာမှ ပြီးခဲ့သော ဇွန်လကမှ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် ယာယီ ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။

ယခုလို မစ္စတာဒီမဲလ်လိုအား ပစ်မှတ်ထား၍ အသေခံ ဗုံးဖောက်ခွဲမှုအပေါ် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက ပြစ်တင်ရှုတ်ချခဲ့ကြပြီး အမေရိကန်သမတဘုရှ်က ယင်းကဲ့သို့ တိုက်ခိုက်မှုများရှိနေလင့်ကစား အီရတ်တွင် အမေရိကန်ဦးဆောင်သည့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ပြောရေးဆိုခွင့်အကြီးအကဲ Fred Eckhard က ဤဖောက်ခွဲမှုသည် ဝမ်းနည်းဖွယ်ရာဖြစ်ပြီး အီရတ်ရှိ ကုလသမဂ္ဂ လုပ်ငန်းစဉ်များအတွက်လည်း အဟန့်အတားတရပ်ဖြစ်စေခဲ့ကြောင်း ပြောဆိုခဲ့သည်။

အီရတ်ရှိ အမေရိကန်စစ်တပ်များ၏ ပြောဆိုချက်အရ ယခုတိုက်ခိုက်မှုသည် မူဆလင်စစ်သွေးကြွများနှင့် ဆက်ဒမ်ဟူစိန် သစ္စာခံများက စီစဉ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ အမေရိကန်စစ်တပ်များထက် လုံခြုံရေး လျော့နည်းသော ကုလသမဂ္ဂဌာနချုပ်ကို ပစ်မှတ်ထားခဲ့ပုံပေါ်ကြောင်း ပြောကြားခဲ့သည်။



ဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့ရသော မစ္စတာ ဗီရီရာဒီမဲလ်လို

အီဂျစ်နိုင်ငံမှ နိုင်ငံရေးနှင့်မဟာဗျူဟာ ပညာရပ်ကျွမ်းကျင်သူ Dia'a Rashwan က ဤတိုက်ခိုက်မှုသည် အယ်လ်ဂိုက်ဒါ အကြမ်းဖက်အဖွဲ့၏သဘောတရားများနှင့်ကိုက်ညီနေပြီး ၎င်းတို့က ကုလသမဂ္ဂ အဖွဲ့ကြီးသည် ပါလက်စတိုင်းတွင် အမေရိကန်တို့ ဝင်ရောက် ခြယ်လှယ်နိုင်ရန်နှင့်အီရတ်၌ နေရာယူစိုးမိုးနိုင်ရန် ကူညီပေးနေသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတရပ်အဖြစ် ယူဆသောကြောင့် ဖြစ်နိုင်ကြောင်း ပြောကြားခဲ့ကြသည်။

ဗုံးပေါက်ကွဲခဲ့သည့် ဘဂ္ဂဒက်ကုလသမဂ္ဂဌာနချုပ်သည် အီရတ်ရှိ ကုလသမဂ္ဂ အေဂျင်စီများအားလုံး စုပေါင်းရုံးစိုက်ရာနေရာဖြစ်ပြီး ဝန်ထမ်းအင်အား စုစုပေါင်း (၃၀၀)ကျော် ရှိသည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားရသူများအနက်(၁၄)ဦးမှာ ကုလသမဂ္ဂ ဝန်ထမ်းများဖြစ်သည်။ ❖



ကုလသမဂ္ဂ ရုံးချုပ် အသေခံဗုံးခွဲထရပ်ကားဖြင့် တိုက်ခိုက်ခံရပြီးနောက်

## အင်ဒိုနီးရှားနိုင်ငံ ဗုံးပေါက်ကွဲမှု လူ(၁၄)ဦးသေဆုံး

**ဩဂုတ်၊ (၈)ရက်။ [ဘန်ကောက်ပို့စ်]**

လွန်ခဲ့သောနှစ် ဘာလီကျွန်း ဗုံးပေါက်ကွဲမှုပြီးလျှင် ဒုတိယမြောက် အကြီးဆုံးဖြစ်သော အသေခံ ကားဗုံးပေါက်ကွဲမှုတခု အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်ရှိ မားရီးယော့ဟိုတယ်၌ ဩဂုတ်လ (၅)ရက်နေ့တွင် ဖြစ်ပွားခဲ့ရာ လူ(၁၄)ဦးသေဆုံးသွားပြီး လူ(၁၅၀)ကျော် ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ရိုက်တာသတင်းတပုဒ်အရ သိရသည်။

ယင်းပေါက်ကွဲမှုသည် ဂျမားအစ္စလာမ်မီရာ အကြမ်းဖက်အဖွဲ့၏ ဝိသေသလက္ခဏာအားလုံးကို ဖော်ဆောင်နေကြောင်း လေ့လာသုံးသပ်သူများက ဆိုကြသည်။ မွတ်စလင်စစ်သွေးကြွအဖွဲ့ဖြစ်သော ဂျမားအစ္စလာမ်မီရာ၏ ခေါင်းဆောင် အဘူဘေကာဘရှာအား ရုံးထုတ်ချိန်နှင့် အချိန်ကိုက်စီစဉ်ခဲ့သော ထိုဗုံးဖောက်ခွဲမှုသည် လူအများ နေ့လည်စာထမင်းစားချိန်နှင့် ဗလီတက်ချိန်တွင် အချိန်ကိုက် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

Asmal ဆိုသူက အသေခံကားဗုံး ဖောက်ခွဲခဲ့ခြင်း ဖြစ်နိုင်ကြောင်းနှင့် သေချာခိုင်လုံမှုအတွက် DNA (Deoxyribo Nucleic Acid)နည်းဖြင့် စစ်ဆေးဖော်ထုတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား ထောက်လှမ်းရေးအကြီးအကဲကဆိုသည်။ ထိုနည်းအရ Asmal နှင့် သူ့မိသားစုဝင်တို့၏ ဇီဝလက္ခဏာချင်း တိုက်ဆိုင်စစ်ဆေး ဖော်ထုတ်မည်ဖြစ်သည်။ ဗုံးပေါက်ကွဲမှုသည် ဟိုတယ်၏ ဧည့်ခန်းရှေ့တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဘာလီကျွန်း ဗုံးပေါက်ကွဲမှုနှင့် ဆင်တူသည်ဟု ဆိုသည်။

မားရီးယော့ဟိုတယ်သည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကြားတွင် ရေပန်းစားပြီး ဂျကာတာမြို့တော်၏ စီးပွားရေးအချက်အခြာဖြစ်သော ကူနင်ကန် ရပ်ကွက်တွင်ရှိပြီး အနောက်နိုင်ငံ သံရုံးအများအပြားရှိရာ ရပ်ကွက်နှင့်လည်း နီးကပ်စွာတည်ရှိသည်။

အဆိုပါဟော်တယ်သည် ဇူလိုင် (၄) ရက်နေ့က ကျရောက်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည့် ဟော်တယ်ဖြစ်သည်။

ယခု တိုက်ခိုက်မှုသည် ဂျမားအစ္စလာမ်မီရာ အကြမ်းဖက်အဖွဲ့အနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ခိုင်ခိုင်မာမာ အမြစ်တွယ်နေသည်ကို ပြသနေပြီး ဒေသတခုလုံးကို ခြိမ်းခြောက်နေသည်ဟု လေ့လာသုံးသပ်သူများကဆိုသည်။ ဤတိုက်ခိုက်မှုသည် နောက်ထပ်တိုက်ခိုက်လာနိုင်မှုများအတွက်ရှေ့ပြေးအဖြစ် ပြသနေပြီး အရှေ့တောင်အာရှဒေသတွင်းရှိ မည်သည့်နေရာတွင်မဆို အထူးသဖြင့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့၌ ဂျမားအစ္စလာမ်မီရာအဖွဲ့က တိုက်ခိုက်နိုင်သည်ဆိုသည်ကို ပြသနေကြောင်း သုံးသပ်နေကြသည်။ ❖

## ယူဂန္ဒာ အာဏာရှင် သမတဟောင်း အိုင်ဒီအာမင် ဇာတ်သိမ်းပြီ

**ဩဂုတ်၊ (၁၈)ရက်။**

ယူဂန္ဒာနိုင်ငံကို အာဏာစက်သုံးပြီး အုပ်ချုပ်လာခဲ့သူ သမတဟောင်း အိုင်ဒီအာမင်(၇၈)နှစ်သည် ဆော်ဒီအာရေဗျ နိုင်ငံ ဂျာဒတ်မြို့ဆေးရုံ၌ သီတင်းပတ်အတန်ကြာ အသည်းအသန်ဖြစ်နေခဲ့ရာမှ ဩဂုတ်လ (၁၆)ရက်နေ့တွင် သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

ဖက်ဆစ်အာဏာရှင် ဟစ်တလာကို အားကျခဲ့သူ အိုင်ဒီအာမင်သည် အာဖရိကတိုက်၏ အရက်စက်ဆုံးအုပ်ချုပ်သူ အာဏာရှင်တဦးအဖြစ် ကျော်ကြားခဲ့ပြီး ၎င်းအာဏာရှိစဉ်ကာလ ၁၉၇၁ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ယူဂန္ဒာနိုင်ငံသား စုစုပေါင်း (၃)သိန်းကျော်ကို သတ်ဖြတ်ခဲ့သူ၊ အခြေခံလူ့အခွင့်အရေး ချိုးဖောက်ခဲ့သူအဖြစ် တကမ္ဘာလုံးက စွပ်စွဲခဲ့ကြသည်။ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံတဦးဖြစ်ခဲ့သူ အာမင်သည် နိုင်ငံရေးပြိုင်ဘက်များကို သတ်ဖြတ်ပြီး ဦးခေါင်းများကို ၎င်း၏ ရေခဲသေတ္တာထဲတွင် ထည့်ထားတတ်ခြင်း၊ အလောင်းများအား မိချောင်းစာကျွေးလေ့ရှိကြောင်း ဆိုစမှတ်ပြုခြင်းခံရသူဖြစ်သည်။ ထို့ပြင် ၎င်းကို လူသားစားသူအဖြစ် နီးစပ်သူများက စွပ်စွဲကြသည်။



ယူဂန္ဒာနိုင်ငံ အာဏာရှင်ဟောင်း အာဒီအာမင်

၁၉၇၈ ခုနှစ်တွင် အိမ်နီးချင်း တန်ဇန်နီးယားသို့ ဝင်ရောက်ကျူးကျော်ရာမှ ယင်းတပ်များနှင့် ပြည်ပရောက်ယူဂန္ဒာ အတိုက်အခံများက ၎င်းအား ပြန်လည်ဖြုတ်ချခဲ့ကြရာ ၁၉၇၉ ဧပြီလတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ အစ္စလာမ်ဘာသာ ကိုးကွယ်သူ အိုင်ဒီအာမင်အား ဆော်ဒီအစိုးရက ဘာသာရေးအခွင့်အရေးတရပ်အဖြစ် ခိုလှုံခွင့်ပေးခဲ့သည်။ အာဒီအာမင်သည် ၎င်း၏ ဇနီး(၄)ဦးနှင့်အတူ သေဆုံးချိန်အထိ ဆော်ဒီအာရေးဗီးယားနိုင်ငံမှာပင် ဆော်ဒီအစိုးရ၏ ထောက်ပံ့စရိတ်ဖြင့် မထင်မရှား နေထိုင်သွားခဲ့သည်။ ❖

## အမေရိကန်နှင့် မြောက်ကိုးရီးယား နျူကလီးယားပြဿနာ ပြေလည်မှု မရသေး

**ဩဂုတ်၊ (၁)ရက်။ [ဘန်ကောက်ပို့စ်]**

အမေရိကန် ထိပ်တန်းစေ့စပ်ရေးမှူး ဂျွန်ဘော်တန်က မြောက်ကိုးရီးယားခေါင်းဆောင် ကင်ဂျုံအီးအား မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီယားပြဿနာနှင့်ပတ်သက်၍ ၎င်းသည် ပြည်သူလူထုကို ငရဲခန်းသို့ အတင်းအကျပ် တွန်းပို့နေကြောင်း စွပ်စွဲပြောဆိုလိုက်ကြောင်း အေအက်ဖ်ပီသတင်းတပုဒ်တွင် ဖော်ပြထားသည်။

အမေရိကန် လက်နက်ထိန်းချုပ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအကြီးအကဲက ကင်ဂျုံအီးအနေဖြင့် နျူကလီယားလက်နက်များကို ဖြုတ်ပစ်ရမည်ဖြစ်ပြီး ယခုလို တပ်ဆင်ထားခြင်းအားဖြင့် ၎င်း၏အချုပ်အခြာအာဏာကို ထိန်းချုပ်ထားနိုင်မည်ဟု ယုံကြည်ပါက လုံးဝမှားယွင်းမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဂျွန်ဘော်တန်က ဆက်လက်ပြောဆိုရာတွင် မြောက်ကိုးရီးယားနိုင်ငံ၏ ခြိမ်းခြောက်ငွေညှစ်နေမှုမှာ ဆုံးခန်းတိုင်ပြီ ဖြစ်သည်ဟု ဆိုလ်းမြို့အခြေစိုက် မြောက်ကိုရီးယား ကျွမ်းကျင်သူများအဖွဲ့တဖွဲ့ဖြစ်သည့် East Asia Institute ၌ ပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံက အမေရိကန်၊ မြောက်ကိုရီးယားနှင့် တရုတ် သုံးနိုင်ငံပါဝင်သော တွေ့ဆုံဆွေးနွေးပွဲမှ တောင်ကိုရီးယား၊ ဂျပန်၊ ရုရှနိုင်ငံတို့ပါ ပါဝင်သော (၆)နိုင်ငံ ဆွေးနွေးပွဲအဆင့်သို့ တိုးတက်ဆွေးနွေးလိုသော်လည်း မြောက်ကိုရီးယားနိုင်ငံကမူ အမေရိကန်နိုင်ငံတည်းနှင့်သာ ဆွေးနွေးရန် တောင်းဆိုနေခဲ့သည်။ အကယ်၍ အမေရိကန်နိုင်ငံကသာ မြောက်ကိုရီးယားနိုင်ငံ၏ လုံခြုံရေးကို အာမခံပေးနိုင်ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် ထားရှိသည့် အမေရိကန်အစိုးရ၏ မူဝါဒကို ပြောင်းလဲပေးမည်ဆိုပါက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လိုက်လျောမှုများ ပြုလုပ်ပေးသွားနိုင်ကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံကမူ တရုတ်နိုင်ငံနှင့် အခြားသက်ဆိုင်သောနိုင်ငံများ၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ပီကင်းမြို့၌ ပထမအကြိမ် ဆွေးနွေးခဲ့ကြသော နိုင်ငံအားလုံးက ဒုတိယအကြိမ် ဆွေးနွေးပွဲကို ပြန်လည်စတင်ရန် အကောင်းမြင်လျက်ရှိကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တစောင်တွင် ဖော်ပြခဲ့သည်။ ပထမအကြိမ် ဆွေးနွေးပွဲက ပြီးခဲ့သည့် ဧပြီလက ပီကင်းမြို့၌ပင် ပြုလုပ်ခဲ့သေးသော်လည်း မည်သည့်ရလဒ်မှ မရပဲ ပြီးစီးခဲ့သည်။

နောက်ဆုံးရရှိသည့်သတင်းများအရ အမေရိကန်တို့ လိုလားနေသည့် (၆)နိုင်ငံ ဆွေးနွေးပွဲကို ယခုလ (၂၇)ရက် ဗုဒ္ဓဟူးနေ့တွင် တရုတ်နိုင်ငံ ပီကင်းမြို့၌ ကျင်းပပြုလုပ်သွားရန်ရှိကြောင်း သိရသည်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း ဒုဥက္ကဋ္ဌ၊ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းနှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခြင်း



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း

## ဒေါ်စန်းစန်း၏ အထုပ္ပတ္တိအကျဉ်း

ဒေါ်စန်းစန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း ဒုတိယဥက္ကဋ္ဌ။

ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

အဘ ဦးဘသော် (ပုလိပ်အရာရှိ)၊ အမိ ဒေါ်မမလေး။

စစ်ကိုင်းတိုင်း မုံရွာမြို့ဇာတိ၊ ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် မွေးဖွား။

ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ရရှိပြီး ၁၉၅၂–၅၅ ထိ ဗဟိုအထက (ရန်ကုန်) အထက်တန်းပြ၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန၌ သရုပ်ပြဆရာမအဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ယူဂိုဆလားဗီးယားသို့ ပညာတော်သင် သွားခဲ့သည်။ ၁၉၅၉–၈၈ ခုနှစ်အထိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် ဒုညွှန်မှူးအဖြစ် တာဝန်ယူနေစဉ် ၁၉၈၈ အရေးတော်ပုံတွင် အလုပ်သမားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ထိုနှစ်အောက်တိုဘာလတွင် အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ ယာယီအစိုးရဖွဲ့စည်းရေး အစည်းအဝေးတက်ရောက်မှုဖြင့် ၁၉၉၁ ခုနှစ် ဧပြီလ(၁၀)ရက်နေ့တွင် ထောင်ဒဏ်(၂၅)နှစ် အပြစ်ပေးခံခဲ့ရသည်။ ၁–၅–၁၉၉၂ ခုနှစ်တွင် နဝတ၏ အမိန့်အမှတ် (၁၁/၉၂)အရ ပြစ်ဒဏ်လျှော့ပေါ့ခံခဲ့ရပြီး အင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက်လာသည်။

၁၉၉၆ ခုနှစ်တွင် ထပ်မံဖမ်းဆီးခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာကာ ၁၉၉၇ ခုနှစ် အောက်တိုဘာ(၂၈)ရက်နေ့တွင် မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်ရုံး၊ လူငယ်တာဝန်ပေးအပ်ခြင်း အစည်းအဝေးတက်ရောက်ခဲ့သော အခြားရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့များနှင့်အတူ ထပ်မံဖမ်းဆီးခြင်းခံခဲ့ရပြီး မူလ လျှော့ပေါ့ပြစ်ဒဏ်များ ပယ်ဖျက်၍ ထောင်ဒဏ်ထပ်မံကျခံခဲ့ရသည်။

၂၀၀၁ ခုနှစ် ဩဂုတ် (၁)ရက်နေ့တွင် ထောင်မှပြန်လွတ်လာပြီး ဒီပဲယင်းအရေးအခင်းအပြီး နအဖ ဥက္ကဋ္ဌထံ စာရေးတောင်းဆိုသည့် လွှတ်တော်ကိုယ်စားလှယ် (၇၀)ဦးကို ဦးဆောင်ခဲ့သူဖြစ်သည်။

၂၀၀၃ ခုနှစ် ဇူလိုင်လတွင် အသက် (၇၃)နှစ်အရွယ်ရှိပြီး ကျန်းမာရေး မကောင်းသည့်အတွက် နအဖ၏ ဖမ်းဆီးခြင်းကို ရှောင်တိမ်းရန် ယခုလဆန်းပိုင်းက ထိုင်း–မြန်မာနယ်စပ်သို့ ထွက်လာခဲ့သည်။

### ထောင်ကျရတဲ့ အကြောင်းရင်းနဲ့ ထောင်တွင်းအခြေအနေ

ကျမ ထောင်ကျခဲ့တာက ပထမ ဦးဘိုလှတင့်၊ ဒေါက်တာစိန်ဝင်းတို့နဲ့ အမှုတွဲပဲ၊ အားလုံး (၃၅)ယောက်၊ အမတ်တွေကြီးပဲ၊ အဲ့ဒီမှာ ခုဒီဘက်ကိုထွက်လာတဲ့ ဦးဘိုလှတင့်တို့၊ ဒေါက်တာစိန်ဝင်းတို့က သေဒဏ်။ ကျန်တဲ့ ဗမာပြည်အတွင်းကလူတွေက (၂၅) နှစ်နဲ့ညီမျှတဲ့ တသက်တကျွန်း၊ အဲ့ဒီမှာ ကျမ ပထမဦးဆုံး ၁၉၉၀ ကနေ ၁၉၉၂ ခုနှစ် မေလမှာ ကျမလွတ်ခဲ့တယ်။ 'လွတ်ငြိမ်းချမ်းသာခွင့်'မဟုတ်ဘူး၊ 'လွတ်ငြိမ်းသက်သာခွင့်' နဲ့ လွတ်လာခဲ့တယ်။

ကျမက နိုင်ငံရေး ပြန်ပြီးလုပ်ခဲ့တဲ့အတွက် ၁၉၉၇ ခုနှစ်မှာ ရန်ကုန်တိုင်း ဒုဥက္ကဋ္ဌဖြစ်တယ်။ နောက် မရမ်းကုန်းက အမတ်တွေ၊ ဒေါ်မေဝင်းမြင့်တို့ လူငယ်အဖွဲ့ အစည်းအရုံးသွားတဲ့အခါမှာ ဒေါ်မေဝင်းမြင့်ကို ဖမ်းတယ်၊ ဒေါက်တာသန်းငြိမ်းကိုလည်း ဖမ်းတယ်၊ ကျမကို ခေါ်ပြီး ဖမ်းထားပြီးတော့ အရင်တုန်းက တသက်တကျွန်းဟာ အဲ့ဒီတုန်းက (၁)နှစ်ခွဲပဲ ခံရသေးတယ်။ နောက်ထပ် အဲ့ဒီတုန်းက အမှုနဲ့ပဲ ပြည်ထဲရေးဝန်ကြီးက ပေးထားတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ရုတ်သိမ်းလိုက်ပြီးဆိုပြီး ကျမ ထောင်ကျသွားပါတယ်။

ကျမ နောက်ထပ်ထောင်ကျတဲ့အခါ ထောင်ထဲမှာ ကျမက အသက်ကလည်းကြီး၊ နောက် အဲဒီအချိန်မှာနေမကောင်းဖြစ်တယ်။ နောက်ပြီးတော့လည်း အဲဒီအချိန်မှာ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်ပြန်လွှတ်နေတာနဲ့ ကျမကို ပြန်လွှတ်ပေးလိုက်တယ်။

### ဒီပဲယင်းအရေးအခင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်တဦးအနေဖြင့် သဘောထားအမြင်

ကျမ ကြားကြားခြင်းတော့ ဒီလောက်ရက်စက်လိမ့်မယ်လို့ မထင်ဘူး။ ဒီလောက်သေကြတာ ကြားရတော့ ဟုတ်မှ ဟုတ်ပါ့မလားလို့တောင်ဖြစ်တယ်။ နောက်ပြီး နအဖကပဲ Sponsor လုပ်တယ်ဆိုတာသိတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဥပဒေအရအရေးယူဖို့ လုပ်ရမယ်ဆိုတာ စိတ်ကူးကြတယ်။

ဒုတိယအချက်ကတော့ ရုံးတွေ ပြန်ဖွင့်ဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ UN က ချမှတ်ထားတဲ့ Resolution တွေကို ပြန်ပြီးတော့ အကောင်အထည်ဖော်ဖို့၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည် ဖော်ပေးဖို့၊ ပြည်သူ့လွှတ်တော် ခေါ်ပေးဖို့ အဲ့ဒီလိုပဲ ကျမတို့ တောင်းဆိုလိုက်တာ။ ဒီတောင်းဆိုချက်တွေကတော့ အမြဲတမ်းဆက်ဆက်ပြီးတော့ တောင်းနေမယ်။ အခုလောလောဆယ် အရေးကြီးတာကတော့ ဒေါ်စုနဲ့ CEC တွေ လွတ်မြောက်ဖို့ ဒေါ်စုရဲ့ ကျန်းမာရေး၊ CEC တွေရဲ့ ကျန်းမာရေးဟာလည်း အတော်ကြီးကို မကောင်းဘူး၊ မတရားဖမ်းခံရတဲ့ ကျမတို့ ခေါင်းဆောင်တွေနဲ့ လူတွေ လွတ်မြောက်ရေးအတွက် ကြိုးစားမှုဖြစ်မယ်။ အရေးကြီးဆုံးကတော့ ဒေါ်စုကို လွှတ်ဖို့၊ CEC တွေကို လွှတ်ဖို့၊ ကျမတို့ ခေါင်းဆောင်တွေပြန်ရောက်လာမှ ကျမတို့ လိုအပ်တာတွေ ပြန်လုပ်လာနိုင်မယ်။

နောက်ပြီးတော့ ဒေါ်စုဟာ ထောင်ထဲမှာနေပြီး ထောင်ထဲက သူတို့ရဲ့ အစားအစာတွေ စားမှာ မဟုတ်ဘူး။ အခုတော့ အိမ်က ပို့တဲ့ အစားအစာရပြီ၊ ကျမတို့ ရှိတုန်းကတော့ သိပ်မရသေးဘူး။ အဲ့ဒီတော့ ဒေါ်စုအနေနဲ့က ထောင်ထဲကကျွေးတဲ့ အစားအစာကို စားမှာ မဟုတ်ဘူး၊ မစားနိုင်လို့ မဟုတ်ဘူး။ အရင်တုန်းက သူ့ကို အကျယ်ချုပ် တယောက်ထဲထားတုန်းကလည်း သူ့ပိုက်ဆံနဲ့ သူဝယ်စားတယ်၊ ပိုက်ဆံမရှိတော့ Furniture တွေရောင်းပြီး ဝယ်စားတယ်။ အဲ့ဒီတော့ သူ့အတွက် ကျမတို့က စိုးရိမ်တယ်။

### အဖွဲ့ချုပ် ရန်ကုန်တိုင်းရုံးရဲ့ လုပ်ဆောင်ချက်များ

ကျမတို့ ရန်ကုန်တိုင်းတင် မကဘူး၊ နောက်ပြီး မြန်မာပြည်မှာရှိတဲ့ ရုံးတွေအားလုံး ပိတ်လိုက်တယ်။ ကျမတို့ ရန်ကုန်တိုင်းမှာဆိုရင် မြို့နယ်အစည်းအရုံး (၄၀) ရှိပါတယ်။ (၄၀)ရှိတော့ ကျမတို့ ရန်ကုန်တိုင်းရုံးကျတော့ ချိတ်ပိတ်ထားပါတယ်။ ကလပ်စည်းတွေ၊ တချို့ဥက္ကဋ္ဌတွေက အိမ်ပိုင်ရှင်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျမတို့က အဲ့ဒီ ဥက္ကဋ္ဌအိမ်တွေကို သွားလည်လို့ရတယ်။ ဥက္ကဋ္ဌအိမ်မှာ သာရေးနာရေးရှိရင် သွားလည်လို့ရတယ်။ ကျမတို့ အချင်းချင်းလည်း အဲ့ဒီနေရာတွေမှာ သွားဆုံလေ့ရှိတယ်၊ ကြည့်မြင်တိုင်မှာ ကျမတို့ ဆုံလေ့ရှိကြတော့ ကြည်မြင်တိုင် ဥက္ကဋ္ဌက တနေ့ဆန်(၄)ပြည်လောက် ချက်ကျွေးရတယ်။ နောက်တော့လည်း သူ့ကို မျက်စိနောက်တယ် ထင်ပါရဲ့။ သူ့ကိုခေါ်ပြီး (၇)ရက်လောက် ထိန်းသိမ်းလိုက်တယ်။ ဒါပေမယ့် ကျမတို့က ကြည့်မြင်တိုင်သွားတာပဲ။ ကမာရွတ်လည်း သွားတယ်၊ အလုံလည်း သွားတယ်၊ အဲ့ဒီလိုလုပ်ကြရပါတယ်။

လုပ်ကြတဲ့ အခါမှာ ကျမတို့ ရန်ကုန်တိုင်းမှာဆိုရင် တာဝန်အကြီးဆုံး ကျန်တာက ကျမက ဒုဥက္ကဋ္ဌ၊ ကျမက အကြီးဆုံးလို့ ပြောရမှာ။ အတွင်းရေးမှူး ဒေါက်တာ ဝင်းနိုင် ပါတယ်။ ကျမတို့မှာ အမှုဆောင်အဖွဲ့ဝင် (၉)ယောက်လောက် ရှိပါတယ်။

ဒါပေမယ့် အဲ့ဒီလူတွေက မစုနိုင်ဘူး။ ကျမတို့ စုမယ်လို့ ချိန်းထားတဲ့နေ့မှာ ထောက်လှမ်းရေးတွေဟာ တယ်လီဖုန်းပေါက်စနလေးတွေနဲ့ အနားမှာ အများကြီး ဝိုင်းနေတယ်။ ကျမတို့ကို အိမ်ရှင်က သိပ်ပြီး လက်မခံတော့ဘူး။ လူစုခွဲပါလို့ ပြောပါတယ်။ ကျမတို့ရဲ့ သဘောထားကို စုစည်းပြီးတော့ မတင်ပြနိုင်ဘူး။

### အဖွဲ့ချုပ်အနေနဲ့ ဘာဆက်လုပ်သင့်ပါသလဲ

Road Map ဆိုတာကတော့ ကျမတို့ နောက်ဆုံးဖြစ်ရမယ့်ဥစ္စာက ဒီမိုကရေစီရဖို့ပါပဲ၊ ကျမတို့က Dialogue ပါပဲ။ နအဖရယ်၊ တိုင်းရင်းသားတွေရယ်၊ ကျမတို့ နိုင်ငံရေးခေါင်းဆောင်တွေရယ်၊ ကျမတို့အဖွဲ့ချုပ်ရယ် အားလုံးဟာ အဲ့ဒီ Road Map ကို ဆွေးနွေး အဖြေရှာကြဖို့ လိုမယ်လို့ ကျမ ထင်ပါတယ်။

### ရှေ့ဆက် ဘာတွေလုပ်ဆောင်မလဲ

ပြည်ပကို ရောက်သွားတဲ့သူတွေနဲ့ ရှင်းရှင်းပြောရမယ်ဆိုရင် ကျမအနေနဲ့ တခါမှ အဆက်အဆံမရှိပါဘူး။ ဒီဘက်ကလည်း ကျမတို့ရဲ့ လုံခြုံမှုကိုကြည့်ပြီးတော့ လာပြီး ဆက်သွယ်တာ မရှိပါဘူး။ ဒါပေမယ့် ကျမကတော့ ထွက်မလာလို့ရှိရင် ကျမမှာလည်း နိုင်ငံရေးလုပ်ဖို့ဟာ ကျမတို့မှာ အကွက်မရှိတော့ဘူး။ နောက်ပြီး ကျမ နောက်တခါ ဖမ်းဆီးခံရမှာလည်း ကြောက်တယ်။ ကျမဆီမှာလည်း အကြွေးတွေက ကျန်နေတယ်။ ကျမ ထွက်လာခဲ့ပြီးနောက် ဒီမှာ ဒီကလူတွေ ဘာလုပ်သလဲ၊ ဘယ်နှစ်ဖွဲ့ရှိသလဲ၊ ဒီလူတွေက ဘယ်သူတွေလဲ၊ ဘာတွေ လုပ်နေကြသလဲဆိုတာ ကျမ အခုလေ့လာနေတုန်းပဲရှိတယ်။ ဒီကလူတွေက ဘယ်လောက်အလုပ်လုပ်ကြတယ်ဆိုတာ သိတယ်။

### ပြည်သူလူထုသို့ ....

ကျမပြောချင်တာကတော့ အခုအချိန်မှာ နိုင်ငံတကာဖိအားတွေ ပေးနေတယ်၊ အတွင်းထဲက ဘာမှ မလုပ်ဘူးလိုဖြစ်တယ်။ ကျမတို့က ဗိုလ်ချုပ်မှူးကြီးဆီ စာပို့တယ်။ ကျမတို့အားလုံးက Signature Campaign တွေလုပ်တယ်။ ကျမတို့ တော်တော်ကြီး ထောင်ကျခံရမယ့် အခြေအနေကို ကျမတို့ ကြည့်ပြီးတော့ လုပ်တာပါ။ ဒီလောက်လေး လုပ်တာတောင်မှ ကျမတို့ ဗဟိုအမျိုးသမီး (၆)ယောက်ကို ခေါ်ပြီး မေးမြန်းခြင်းခံရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က တတိုင်းတပြည်လုံးသွားတဲ့အခါမှာ သူမကို သိန်းချီပြီးတော့ ကြိုဆိုတယ်၊ မုံရွာမှာ သိန်းချီပြီးတော့ ကြိုဆိုတယ်။ ဒါဟာ လုံးဝမငြင်းနိုင်ဘူး၊ ဓာတ်ပုံတွေလည်း ရှိတယ်။ ဒီလို သိန်းချီပြီး ကြိုဆိုတာဟာ ကျမတို့အဖွဲ့ချုပ်က အင်အားပြလိုက်တာပဲ။ ဒါ အင်အားပြတာ၊ ဒါ လူထုအင်အားကို ပြလိုက်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှု၊ အဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုဟာ ဘယ်လောက်တောင် လိုလားတယ်ဆိုတာ သူတို့ပြတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီ လိုလားတယ်ဆိုတာ ပြတယ်။ နအဖက ဒီမိုကရေစီမရှိဘူးဆိုတာ အားလုံးသိတယ်။ ကျမဆိုလိုချင်တာက ဒီပဲယင်းကိစ္စမှာလည်း ကျမတို့ ဗမာလူမျိုးတွေဟာ အမြဲတမ်း ခွင့်လွှတ်တတ်တဲ့အခြေအနေရှိတယ်၊ သွေးအေးမသွားပါနဲ့။ အခုဆိုလို့ရှိရင် ကျမတို့ ဒီပဲယင်းမှာ ပျောက်နေတဲ့လူ၊ တကယ်လို့ ဆေးရုံမှာ သေလို့ရှိရင် အဲဒီလူတွေအတွက် ဘုန်းကြီးကျောင်းသွားပြီး တိတ်တိတ်ဆိတ်ဆိတ်နဲ့ သပိတ်မသွတ်ပါနဲ့၊ သူများတွေပါသိအောင် ဖိတ်ကြားပြီးလုပ်ပါ။ ကိုယ်ရဲ့ဆန္ဒရယ် ကိုယ်ရဲ့မကြောက်တရားဖော်ပြပါ။ ဒီသပိတ်သွတ်တယ်ဆိုတဲ့ အလုပ်ဟာ ဗမာတွေရဲ့ တကယ့်အရေးကြီးတဲ့ အလုပ်ပါ။ နောက်ဘဝအတွက် သူတို့ ကောင်းဖို့ဆိုတာ ကျမတို့ရဲ့မိဘတွေ၊ သားသမီးတွေ၊ ညီအကိုမောင်နှမတွေ ကောင်းဖို့ ကျန်ရစ်တဲ့သူတွေက သပိတ်သွတ်ရမယ် ဆိုတာ သိပါတယ်။ ပေါ်ပေါ်ထင်ထင်နဲ့ လူထုလှုပ်ရှားပြီးနောက် လူထုတွေ အများကြီး ပါလာအောင် ဖိတ်ကြားပြီးတော့ သပိတ်သွတ်ပါလို့ ကျမ ပြောချင်ပါတယ်။

❖

# နိုင်ငံရေးပြဿနာများအား တွေ့ဆုံဆွေးနွေး အဖြေရှာရန် မွန်ပြည်သစ်ပါတီ တောင်းဆို

**ဩဂုတ်၊ (၁၃)ရက်။**

မြန်မာနိုင်ငံရေးပြဿနာများအား တွေ့ဆုံဆွေးနွေး အဖြေရှာရန် နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီက ဩဂုတ်လ(၁၂)ရက်နေ့တွင် ကျရောက်သည့် (၅၆)နှစ်မြောက် မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ချက်၌ နအဖကို တိုက်တွန်းလိုက်သည်။

ထိုကြေညာချက်တွင် မွန်ပြည်သစ်ပါတီ အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်သွားမည်ဖြစ်ပြီး နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာရန် လိုကြောင်း ဖော်ပြထားသည်။

ထိုနေ့က မွန်တော်လှန်ရေးနေ့ အခမ်းအနားများကို မွန်ပြည်သစ်ပါတီ ဗဟိုဌာနချုပ်ရုံးစိုက်ရာ မော်လမြိုင်မြို့အပါအဝင် ခရိုင်မြို့နယ်ရုံးစိုက်ရာဒေသများ၌ စစ်ရေးပြ အခမ်းအနား အပြည့်အစုံနှင့် ကျင်းပခဲ့ကြောင်း ထိုင်းမြန်မာနယ်စပ်အခြေစိုက် လွတ်လပ်သည့် မွန်သတင်းအေဂျင်စီသတင်း အဆိုအရ သိရသည်။

မွန်လက်နက်ကိုင်တော်လှန်ရေးကို လွန်ခဲ့သည့် (၅၆)နှစ်က စတင်ခဲ့ပြီး မပြီးဆုံးသေးသည့် သမိုင်းပေးတာဝန်ကို ဆက်လက်ဆင်နွှဲသွားမည်ဖြစ်သည်ဟု ဆိုသည်။

မွန်ပြည်သစ်ပါတီသည် နအဖနှင့် ၁၉၉၅ ခုနှစ်က အပစ်အခတ် ရပ်စဲခဲ့သည်။ ❖

# အပစ်အခတ်ရပ်စဲရေးအဖွဲ့ခေါင်းဆောင်များအား နအဖ ထောက်လှမ်းရေးမှူးချုပ် ခေါ်ယူတွေ့ဆုံ

**ဩဂုတ်၊ (၁၈)ရက်။**

နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များအား နအဖ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်မြို့တွင် ခေါ်ယူတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

ထိုသို့တွေ့ဆုံရာတွင် အဖွဲ့ (၉)ဖွဲ့၏ ခေါင်းဆောင်များကို သီးခြားစီ ခေါ်ယူတွေ့ဆုံခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်ဟု အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့ကိုယ်စားလှယ်တဦးက ဆိုသည်။

စောစောပိုင်းသတင်းများအရ ယခုလို ရန်ကုန်မြို့သို့ ခေါ်ယူတွေ့ဆုံခြင်းမှာ လွန်ခဲ့သည့် ဇူလိုင်(၁)ရက်နေ့က အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့(၇)ဖွဲ့က ဒီပဲယင်း လူသတ်ပွဲကိစ္စရပ်အပေါ် စုံစမ်းဖော်ထုတ်ပေးရန် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ခြင်းကြောင့်ဟု သိရပြီး၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ ယခုတွေ့ဆုံမှုတွင် ပါဝင်ခြင်းရှိ မရှိကိုမူ ပြောဆိုခဲ့ခြင်း မပြုခဲ့ပေ။

သျှမ်းသံတော်ဆင့် သတင်းတပုဒ်အဆိုအရ အဆိုပါအဖွဲ့များအား ဩဂုတ်လ(၁၆)ရက်နေ့တွင် စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက တွေ့ဆုံပြီး ဒီပဲယင်းဖြစ်စဉ်ကို စီကာပတ်ကုံး ရှင်းလင်းပြောကြားသွားခဲ့သည်ဟု ရှမ်းကိုယ်စားလှယ်တဦး၏ အဆိုကို ကိုးကား၍ ဖော်ပြထားသည်။

မေ (၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအား စုံစမ်းဖော်ထုတ်ပေးရန် ကချင်ပြည် လွတ်မြောက်ရေးအဖွဲ့၊ မွန်ပြည်သစ်ပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီလူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့၊ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ ပလောင်ပြည် လွတ်မြောက်ရေးအဖွဲ့နှင့် ရှမ်းပြည် ငြိမ်းချမ်းရေးကောင်စီတို့က ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ❖

# စီးပွားရေးပိတ်ဆို့မှုအတွက် တွန်းလှန်ရန် ဗိုလ်ခင်ညွန့် ညွှန်ကြားချက်ထုတ်ပြန်

**ဩဂုတ်၊ (၁၉)ရက်။**

အမေရိကန်၏ စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့် ဖြစ်ပေါ်လာမည့် အခက်အခဲများကို ကျော်လွှားရန်အတွက် ရန်ကုန်တိုင်းရှိ စစ်ရုံးချုပ်နှင့် ရဲချုပ်ရုံးတို့အား (၁၇)ရက်နေ့ နေ့စွဲဖြင့် ညွှန်ကြားချက် ထုတ်ပြန်ထားသည်ဟု သတင်းရရှိသည်။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ အလုပ်သမားနှင့် ဝန်ထမ်းများ ဆုံးရှုံးမှုမရှိရအောင် အစိုးရက ဖြေရှင်းနေကြောင်း၊ ယင်းပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို မျိုးချစ်ပြည်ချစ်စိတ်ဖြင့် ပူးပေါင်းတားဆီးကာကွယ်သွားရေးအတွက် ပညာပေး စည်းရုံးသွားရန် ညွှန်ကြားထားသည်။

တနိုင်ငံလုံးအတိုင်းအတာနှင့် လုပ်ဆောင်နေသည့် ပြည်ပရန်ကာကွယ်ရေး ပြည်သူ့စစ်သင်တန်းများတွင်လည်း အလားတူ စည်းရုံးဟောပြောနေကြောင်း၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများအား တပ်တွင်း ပညာပေး အပတ်စဉ် စည်းရုံးဟောပြောမှုများတွင် အဆိုပါအကြောင်းကို ထည့်သွင်းဟောပြောနေကြောင်း ကြားသိရသည်။ ❖

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ရှစ်လေးလုံး လူထုအရေးတော်ပုံ (၁၅)နှစ်မြောက် အခမ်းအနားများ ကျင်းပ

**ဩဂုတ်၊ (၉)ရက်။**

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးမှ ဦးစီးကျင်းပသော ရှစ်လေးလုံးလူထုအရေးတော်ပုံ (၁၅) နှစ်မြောက် အခမ်းအနားများကို မကဒတ ဗဟိုဌာနချုပ် (ဒေါင်းဂွင်)နှင့် တပ်ရင်းတပ်ဖွဲ့ အသီးသီးတွင် ကျင်းပခဲ့ကြပါသည်။ တပ်ရင်း (၈) ဝါးရုံပင်စခန်းတွင် ကျင်းပသည့် အခမ်းအနားသို့ မကဒတ တပ်ဖွဲ့ဝင်ရဲဘော်များ၊ မဟာမိတ် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ခေါင်းဆောင်များ၊ ရဲဘော်များ၊ ဗကသများအဖွဲ့ချုပ် (နိုင်ငံခြားရေး ကော်မတီ)၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
ဥက္ကဋ္ဌ ကိုသံခဲ

အဆိုပါအခမ်းအနားတွင် "ရှစ် လေးလုံးစိတ်ဓာတ်ဆိုတာ ဘာလဲ"၊ "ရှစ်လေးလုံးစိတ်ဓာတ်ကို ဘာကြောင့် ဆွဲကိုင်တိုက်ပွဲဝင်သွားသင့်ပါသလဲ"ဆိုသော အမြင်များနှင့် "ယနေ့ကာလသည် ရှစ်လေးလုံးစိတ်ဓာတ်နှင့် သမိုင်းအစဉ်အလာ ကြီးမားသော လူထုတိုက်ပွဲဝင်စိတ်ဓာတ်ကို ဒုတိယအကြိမ် ပြသကြတော့မည့် အချိန်ကာလဖြစ်ကြောင်း" စသည့် နိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာများကို အခမ်းအနားတွင် ဆွေးနွေးခဲ့ကြသည်။

ရှစ်လေးလုံး လူထုအရေးတော်ပုံ (၁၅)နှစ်မြောက်နေ့အခမ်းအနားနှင့် ပတ်သက်၍ မကဒတဥက္ကဋ္ဌ ရဲဘော်သံခဲမှ ပြည်ပအသံလွှင့်ဌာနအချို့နှင့် တွေ့ဆုံမေးမြန်းခန်းတွင် "ကျောင်းသားတိုက်ပွဲနဲ့ လူထုတိုက်ပွဲဟာ အမြဲတမ်းပူးတွဲပြီး ပါဝင်လာတယ်။ ဒီလူထုတိုက်ပွဲလို့ ကျနော်တို့ ပြောတဲ့အခါမှာ၊ လူထုဆိုတာ ဘာလဲ၊ ဘာကြောင့် အထွေထွေအုံကြွမှုလို့ ပြောရတာလဲလို့ ကျနော် အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။ အထွေထွေအုံကြွမှုဆိုတာ အထွေထွေမကျေနပ်မှုက လာပါတယ်။ အထွေထွေမကျေနပ်မှုဆိုတာ စီးပွားရေးလား၊ နိုင်ငံရေးလား၊ လူမှုရေးလား၊ ပညာရေးလား၊ ကျန်းမာရေးလား အရာရာအားလုံးဟာ ပျက်သုဉ်းနေလို့ အထွေထွေမကျေနပ်မှု ဖြစ်တာပါ။ အထွေထွေဆိုတာဟာ လူတန်းစားအားလုံးကို ရည်ညွှန်းပါတယ်။ ကျောင်းသားလား၊ ဘုန်းကြီးလား၊ ပညာတတ်လား၊ ကျောင်းဆရာလား၊ ကျောင်းသူလား၊ ဝန်ထမ်းလား၊ စစ်သားလား အားလုံးဟာ အထွေထွေ အကျပ်အတည်းကြီးကြားမှာ ရင်ဆိုင်နေရပါတယ်။ ကျနော်တို့နိုင်ငံဟာ ကမ္ဘာ့မျက်နှာပြင်ပေါ်မှာ ဒီမိုကရေစီတိုက်ပွဲရဲ့ ရှေ့မှာရှိတယ်ဆိုတာဟာ ကျနော်တို့အတွက် ဂုဏ်ယူစရာ ကောင်းတယ်ဟု ပြောဆိုသွားခဲ့သည်။ ❖

# ၅၃ နှစ်မြောက် ကရင့်အမျိုးသား အာဇာနည်နေ့သို့ မကဒတ မှ သဝဏ်လွှာပေးပို့

**ဩဂုတ်၊ (၁၃)ရက်။**

၂၀၀၃ ခုနှစ် ဩဂုတ်လ (၁၂)ရက်နေ့တွင် ကျရောက်သော (၅၃)နှစ်မြောက် ကရင့်အမျိုးသားအာဇာနည်နေ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးမှ သဝဏ်လွှာတစောင် ပေးပို့ခဲ့ကြောင်း သိရသည်။

သဝဏ်လွှာတွင်..... ကရင်အမျိုးသားများသည် ပင်ကိုယ်သဘာဝအားဖြင့် အေးအေးချမ်းချမ်းနှင့် ရောင့်ရဲစွာ နေထိုင်လိုကြသောသူများဖြစ်ကြသည်။ သို့သော် အုပ်စိုးသူအဆက်ဆက်၏ မဟာလူမျိုးကြီးဝါဒနှင့် စစ်ဝါဒများကြောင့် ကရင်အမျိုးသားများသည် တရားမျှတသော ခုခံကာကွယ်ရေးစစ်ကို ဆင်နွှဲခဲ့ရသည်မှာ ရာစုနှစ်တဝက် ကျော်လွန်ခဲ့ပြီဖြစ်ပြီး၊ ဤခုခံတော်လှန်စစ်အတွင်း ကရင့်သားကောင်း အာဇာနည်ပေါင်းများစွာတို့ အသက်ပေးလှူခဲ့ကြရပြီဖြစ်ကြောင်း၊ ဤသို့သောစွန့်လွှတ်မှုများကြောင့်ပင် ကရင်အမျိုးသားတို့၏ဂုဏ်သိက္ခာမှာ တောက်ပမြင့်တက်လျှက်ရှိနေသည်ဟု မကဒတမှ ယူဆကြောင်း။

ကရင်အမျိုးသားထု၏ တော်လှန်မှုဘဝ ပုံရိပ်သည် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)ပင်ဖြစ်သည်။ ကေအဲန်ယူအဖွဲ့ အစည်းအနေဖြင့် ရာစုနှစ်ဝက်ကျော် ကြာမြင့်နေသည့် ခုခံတော်လှန်စစ်ကို ဆင်နွှဲနေနိုင်သည်မှာ အခြေခံအားဖြင့် ကေအဲန်ယူ၏ လမ်းစဉ်ပေါ်လစီ မှန်ကန်မှု၊ ကရင်အမျိုးသားထုကြီးအပါအဝင် လူမျိုးစုံပြည်သူများ မဟာမိတ်များ၏ စာနာထောက်ခံ ပူးပေါင်းပါဝင်မှု၊ ဤလမ်းစဉ်ပေါ်လစီများအား အသက်ပေးထမ်းရွက်ခဲ့ကြသည့် ကရင့်သားကောင်း အာဇာနည်များ၏ စွန့်လွှတ်မှုများကြောင့်ပင်ဖြစ်သည်ဟု မကဒတမှ ယူဆကြောင်း။

မျက်မှောက် မြန်မာနိုင်ငံတွင် နအဖ စစ်အုပ်စုသည် "ဒီပဲယင်းလုပ်ကြံမှုကြီး"ကဲ့သို့သော ရိုင်းစိုင်းယုတ်ညံ့သည့် လုပ်ကြံမှုကြီးကို လက်ရဲဇက်ရဲကျူးလွန်လာသည်နှင့်အတူ ကရင်အမျိုးသားများအပါအဝင် လူမျိုးစုံပြည်သူလူထုကြီးတရပ်လုံးအား ပို၍ အတင့်ရဲစွာ ဆတိုးဖိနှိပ်ချေမှုန်းလာခြင်းဖြင့် တိုင်းပြည်အား အလုံးစုံ ပျက်သုဉ်းရေးလမ်းပေါ်သို့ တွန်းပို့နေပြီဖြစ်သည်။ ဤသို့သော အခြေအနေတွင် ခုခံတော်လှန်စစ်သမိုင်း ရှိခဲ့သော၊ အမျိုးသားဂုဏ်သိက္ခာအတွက် အသက်ပေးကာကွယ်ခဲ့သည့် သမိုင်းရှိခဲ့သော ကေအဲန်ယူနှင့် ကရင့်သားကောင်းရတနာများသည် အာဇာနည်တို့၏ သွေးခင်းသောလမ်းအတိုင်း ပြတ်သားရဲဝံ့စွာဖြင့် တိုက်ပွဲဝင်သွားမည်ဟု မကဒတမှ ယူဆယုံကြည်ပါကြောင်း ဖော်ပြထားသည်။ ❖

# အကျဉ်းထောင်တွင်း နှိပ်စက်ညှဉ်းပန်းမှုကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦး မျက်စေ့ကွယ်ရ

**ဩဂုတ်၊ (၂၅)ရက်။**

မေ(၃၀)ဒီပဲယင်းအရေးအခင်းဖြစ်ပွားပြီး ရက်ပိုင်းအတွင်း ဖမ်းဆီးခံခဲ့ရသည့် ပဲခူးတိုင်း အမှတ်(၁)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ CRPP အဖွဲ့ဝင် ဦးစိုးဝင်းသည် အကျဉ်းထောင်အတွင်း နှိပ်စက်ညှဉ်းပန်းခံခဲ့ရသည့်အတွက် မျက်လုံးတဖက် ကွယ်သွားကြောင်း သိရသည်။

ဦးစိုးဝင်းသည် ဒီပဲယင်းအရေးအခင်းဖြစ်ပွားပြီးနောက် ဇွန်လ(၃)ရက်နေ့တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဖမ်းဆီးခြင်းခံနေရစဉ် နှိပ်စက်ညှဉ်းပန်းခံရမှုကြောင့် ကျန်းမာရေးဆိုးဝါးလှသည့်အတွက် ဇွန်လ(၂၉)ရက်နေ့တွင် ထောက်လှမ်းရေးမှ ပြန်လည်လွှတ်ပေးလိုက်သည်။ အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက်ပိုင်း ဆေးဝါးကုသရန် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးကုခန်းတွင် တက်ရောက်ကုသခြင်းခံခဲ့သော်လည်း ဆေးရုံမှ ဆင်းလာပြီး ရက်သတ္တပတ်အကြာတွင် ယခုလို မျက်လုံးတဖက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

ဦးစိုးဝင်းမိသားစုနှင့် နီးစပ်သူများ အဆိုအရ ကွယ်သွားသည့် မျက်လုံးမှာ ညာဘက်ဖြစ်ပြီး အသံလည်း ပျက်စီးသွားသည်ဟုဆိုသည်။ ထို့အပြင် ထောင်တွင်းညှဉ်းပန်းမှုများခံခဲ့ရစဉ် ဒဏ်ရာရခဲ့သည့်နေရာများတွင်လည်း အညိုအမည်းများ စွဲလျက်ရှိနေဆဲ ဖြစ်ကြောင်း သိရသည်။

အခြားသတင်းတရပ်အရ ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးခံခဲ့ရသည့် စစ်ကိုင်းတိုင်း ခန္တီးအကျဉ်းထောင်ရှိ အဖွဲ့ချုပ် လူငယ်(၁၇)ဦးအနက် ဗဟိုလူငယ် ဖွဲ့စည်းရေးတာဝန်ခံ ကိုထွန်းဇော်ဇော်နှင့် အောက်မြန်မာနိုင်ငံ လူငယ်ဖွဲ့စည်းရေးအဖွဲ့ဝင် ကိုတိုးလွင်တို့လည်း အစာအိမ်ရောဂါနှင့် ချောင်းဆိုးရင်ကြပ်ရောဂါများ ခံစားနေရကြောင်း သိရပြီး အခြားအဖွဲ့ဝင်လူငယ်များမှာ စိတ်ဝေဒနာခံစားနေကြရကြောင်း သိရသည်။ ❖

# ချိုးငှက်လေလား အလံဖြူလား

ရဲထွဋ်

လာမယ့်အောက်တိုဘာလ(၁)ရက်နေ့မှာ ကေအိုင်အိုက (၁၀)နှစ်မြောက် အပစ်အခတ်ရပ်စဲရေးနေ့ အခမ်းအနားကို လှိုင်ဇာမှာ တခမ်းတနားကျင်းပဖို့ အစီအစဉ်ရှိကြောင်း သတင်းများထွက်ပေါ်လာခဲ့ပါတယ်။ ဒီအခမ်းအနားကို နအဖနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ အခြားအဖွဲ့အစည်းများအပြင် နအဖထိပ်သီးခေါင်းဆောင်များကို ဖိတ်ကြားပြီး ယွမ်ငွေသိန်းပေါင်းများစွာ အကုန်အကျခံကာ ခြိမ့်ခြိမ့်သဲသဲကျင်းပမယ်လို့ ကေအိုင်အိုနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းက ဆိုပါတယ်။ တချိန်တည်းမှာပဲ ‘ငြိမ်းချမ်းရေး (၁၀)နှစ်ပြည့်’ အခမ်းအနားအနေနဲ့ နဖူးစည်းတပ်မယ်ဆိုရင် နအဖ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်မှာဖြစ်ပြီး ‘အပစ်အခတ်ရပ်စဲရေး (၁၀)နှစ်ပြည့်’ အခမ်းအနားလို့သာ အမည်တပ်လို့ကတော့ နအဖက ဒီအခမ်းအနားကို သပိတ်မှောက်မှာဖြစ်တဲ့အပြင် နှစ်ဖက်ဆက်ဆံရေးများ ဆိုးဝါးလာနိုင်စရာရှိကြောင်း သတိပေးထားတယ်လို့ သတင်းများအရ သိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်နဖူးစည်းကို ရွေးချယ်ရမလဲဆိုတာ ကေအိုင်အို ခေါင်းဆောင်များ ခေါင်းခဲနေကြရပါပြီ။ လူကြီးပိုင်း နိုင်ငံရေးခေါင်းဆောင်များကတော့ ဗိုလ်ခင်ညွန့်အလိုကျ လိုက်လျောလိုကြပေမယ့် ကချင်လွတ်မြောက်ရေးတပ်မတော်မှာ တာဝန်ယူကြတဲ့ လူငယ်စစ်ရေးခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေးခေါင်းစည်းသာ တပ်ရမယ်လို့ သဘောထားပေးကြတာကြောင့် လိပ်ခဲတည်းလည်းဖြစ်နေဆဲပါ။

ငိုအားထက် ရယ်အားသန်ကြရတဲ့ကိစ္စပါ။ ပြာပုံထဲမှာတောင် လောကဓံတရားပေပဲရယ်လို့ ပြုံးသူအသစ် ဖြစ်သူအဟောင်းစိတ်ဓာတ်နဲ့ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့တတ်ကြတဲ့ မြန်မာလူမျိုးများအတွက်ကတော့ ဘုံဘဝမှာ ကြုံရသမျှတွေကို ခါးစည်းလို့သာ ခံကြရစမြဲပါ။ နအဖက ဦးစီးကျင်းပခဲ့တဲ့ အမျိုးသားညီလာခံဟာ ဂရင်းနစ်စာအုပ်မှာ စံချိန်တင်ဖော်ပြရလောက်အောင် (၁၀)နှစ်ကျော် သက်တမ်းရှည်ခဲ့ပါပြီ။ ကမ္ဘာ့သမိုင်းမှာ မှတ်တမ်းတင်ရစ်မှာပါ။ ဒီကိစ္စအတွက် နအဖဗိုလ်ချုပ်ကြီးများ ဂုဏ်ယူလောက်ကြပါပေတယ်။ အပစ်အခတ်ရပ်စဲရေးဟာလည်း တချို့အဖွဲ့တွေဆို (၁၃)နှစ်ကျော် (၁၄)နှစ်ထဲ ဝင်ခဲ့ပါပြီ။ အပစ်အခတ်ရပ်စဲရေးကနေ တဆင့်တက်လာတာ မရှိသေးပါ။ ဒီကိစ္စဆိုလည်း ကမ္ဘာကျော်ဂရင်းနစ်စာအုပ်ထဲမှာ မှတ်တမ်းတင်ရမယ့် ဖြစ်ရပ်ဆန်းပါပဲ။ ဒါငါပစ်တာလို့ နအဖဗိုလ်ချုပ်ကြီးများက ဂုဏ်ယူကြဦးမှာ သေချာပါတယ်။

ငြိမ်းချမ်းရေးလား၊ အပစ်အခတ်ရပ်စဲရေးလား၊ ဒါမှမဟုတ် ချိုးငှက်လား အလံဖြူလား…. သဲကွဲဖို့ အချိန်ရောက်လာပြီဖြစ်ပါတယ်။ ဒီနေရာမှာ ၁၉၆၁ ခုနှစ် ဩဂုတ်လ(၂၀)ရက်နေ့က ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းကျောင်းတိုက်အတွင်းမှာ ကျင်းပခဲ့တဲ့ ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ တိုက်နယ်ကေဒါပေါင်းစုံအစည်းအဝေးကြီးမှာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဇော ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေထဲက ကောက်နုတ်ချက်အချို့ကို ဖောက်သည်ချပါရစေ။ ကနေ့ အပစ်အခတ်ရပ်အဖွဲ့များ ရင်ဆိုင်နေရတဲ့အခြေအနေနဲ့ တူညီလှတာမို့ စဉ်းစားနိုင်ဖို့ ဖြစ်ပါတယ်။

ဗိုလ်ချုပ်ကျော်ဇော ပြောတာက….

“ဒီနေရာမှာ တချို့ကပြောကြပါတယ်၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တရားဝင်တည်ရှိခွင့်ပေးရင် ဝင်လာကြဖို့ဆိုတဲ့ သဘောထားနဲ့ ငြိမ်းချမ်းရေး မရနိုင်ဘူးလားလို့ ပြောကြပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ယခင် သတင်းစာကွန်ဖရင့်မှာ ကျနော်တို့ ပြောခဲ့ဖူးပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တရားဝင်တည်ရှိခွင့်ဆိုတဲ့ အချက်(၂)ချက်ကို စဉ်းစားပါတယ်။ ဒီနှစ်ချက်နဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ပြီလို့ မယူဆပါ။ ဒီနှစ်ချက်ဟာ သူပုန်များ မြေပေါ်ရောက်လာရေးလောက်သာ ဖြစ်နိုင်ပါတယ်။

သူပုန်များ မြေပေါ်ရောက်လာရေးနဲ့ ငြိမ်းချမ်းရေးဟာ ကွာလှမ်းနေပါသေးတယ်။ ငြိမ်းချမ်းရေးရဖို့ အဓိကကတော့ မြေပေါ်ရောက်ရှိရေးလောက်နဲ့ မပြီးပါ။ မြေပေါ်ရောက်ပြီး လက်တွေ့အားဖြင့် ဘယ်လောက်နိုင်ငံရေး ဆက်ပြီးလုပ်နိုင်ခွင့်ရှိတယ်၊ မရှိဘူးဆိုတဲ့အပေါ်မှာ တည်နေပါတယ်။ မြေပေါ်ရောက်ပြီးနောက် သူတို့ယုံကြည်တဲ့ အမျိုးသားရေး၊ နိုင်ငံရေးလမ်းစဉ်လုပ်ငန်းများကို ဆောင်ရွက်ခွင့် ဘယ်လောက်ရရှိတယ်၊ မရရှိဘူးဆိုတဲ့အပေါ်မှာ ငြိမ်းချမ်းရေးဟာ အဓိကတည်နေပါတယ်။

ပြည်တွင်းစစ်ဖြစ်ရတဲ့ အကြောင်းကလည်း လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တရားဝင်ဆိုင်းဘုတ်တင်ခွင့်ကြောင့် မဟုတ်သေးဘူးလို့ ယူဆပါတယ်။

သူပုန်ပါတီများကို မတရားသင်း ကြေညာတာဟာ သူပုန်ထပြီးနောက် (၄)နှစ်လောက်ကြာမှ ဖြစ်ပါတယ်။ အဓိကကတော့ သူတို့ယုံကြည်တဲ့အမျိုးသားနိုင်ငံရေးလမ်းစဉ်၊ လုပ်ငန်းများ လုပ်ရင်းက နိုင်ငံရေးအကျပ်အတည်း၊ ဒီမိုကရေစီအကျပ်အတည်း ဆိုက်လာပြီးတော့ တောထဲရောက်ကြခြင်း ဖြစ်ပါတယ်။

သူပုန်များ မြေပေါ်ရောက်လာရေးနဲ့ ငြိမ်းချမ်းရေးဟာ ကွာလှမ်းနေပါသေးတယ်။ ငြိမ်းချမ်းရေးရဖို့ အဓိကကတော့ မြေပေါ်ရောက်ရှိရေးလောက်နဲ့ မပြီးပါ၊ မြေပေါ်ရောက်ပြီး လက်တွေ့အားဖြင့် ဘယ်လောက် နိုင်ငံရေး ဆက်ပြီး လုပ်နိုင်ခွင့်ရှိတယ် မရှိဘူး ဆိုတဲ့အပေါ်မှာ တည်နေပါတယ်။ မြေပေါ်ရောက်ပြီးနောက် သူတို့ယုံကြည်တဲ့ အမျိုးသားရေး နိုင်ငံရေးလမ်းစဉ်လုပ်ငန်းများကို ဆောင်ရွက်ခွင့် ဘယ်လောက်ရရှိတယ်၊ မရရှိဘူးဆိုတဲ့အပေါ်မှာ ငြိမ်းချမ်းရေးဟာ အဓိက တည်နေပါတယ်။

ဒါကြောင့် ဆိုင်းဘုတ်တင်ရဖို့ ပြဿနာကြောင့် ပြည်တွင်းစစ်ဖြစ်ရခြင်း မဟုတ်ဘူးလို့ ယူဆရပါတယ်။

စစ်အစိုးရခေတ်(အိမ်စောင့်အစိုးရ ၁၉၅၈–၆၀)မှာ အားလုံးသိကြတဲ့အတိုင်း၊ ဘယ်ပါတီမှ မတရားသင်း မကြေညာပါ။ တရားဝင် ရပ်တည်ခွင့်ရှိကြတာပါပဲ။ ဒါပေမယ့် ဘယ်ပါတီမှ ထိထိရောက်ရောက် လှုပ်ရှားနိုင်ခြင်း မရှိခဲ့ပါ၊

ဒါကြောင့် ဆိုင်းဘုတ်တင်ခွင့်နဲ့ နိုင်ငံရေး လုပ်ဆောင်ပိုင်ခွင့်ဟာ ကွာလှမ်းနေပါတယ်။



ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဇော
တိုက်နယ်ကေဒါပေါင်းစုံအစည်းအဝေးကြီးတွင် မိန့်ခွန်းပြောကြားနေစဉ်
(၂၀–၈–၁၉၆၁)

ဒီတော့ တကယ့် ငြိမ်းချမ်းရေး ရရှိဖို့ကတော့ တမျိုးသားလုံးအကျိုးအတွက် ဒီမိုကရေစီအတိုင်းအတာ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခွင့်ရှိကြတယ်၊ မရှိကြဘူးဆိုတဲ့အချက်ပေါ်မှာ အဓိက တည်ပါတယ်။

ဒါကြောင့် ကျနော်တို့ဟာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တရားဝင်တည်ရှိခွင့်ဆိုတဲ့ အချက်(၂)ချက်နဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ပြီလို့ မယူဆနိုင်ခြင်းဖြစ်ပါတယ်”

ဒါက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇောက သူ့အမြင်ကို ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ (၄၂)နှစ်က လူထုကို ချပြခဲ့တာပါ။ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေက သူတို့ကြုံနေရတဲ့ အခြေအနေတွေနဲ့ နှိုင်းယှဉ်စဉ်းစားဖို့ပါပဲ။ အပစ်ရပ်အဖွဲ့ (Cease–Fire groups)တွေဟာ နဝတ/နအဖနဲ့ အပစ်ရပ်ဖို့ ဆွေးနွေးစဉ်တုန်းက ငြိမ်းချမ်းရေး မဆိုထားနဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တရားဝင်တည်ရှိခွင့်ဆိုတဲ့ အခွင့်အရေးလေးတွေတောင် မရရှာကြပါဘူး။ ကိုယ့်နယ်မြေမှာ ကိုယ်နေထိုင်ခွင့် ရှိတယ် (ဒါဟာလဲ တဖြည်းဖြည်း လုံးပါးပါးနေပါပြီ)။ ကိုယ့်လက်နက် ကိုယ်ကိုင်တွယ်ထားခွင့်ရှိတယ် (အကန့်အသတ် အလွန်ကြီးပါတယ်)၊ စီးပွားရေးလုပ်ခွင့်ပေးမယ်(နအဖရဲ့ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီအောက်မှာ သူတို့ပေးသမျှ စားရတာပါ)ဆိုတဲ့အချက်တွေပေါ်မှာ သဘောတူပြီး အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ အပစ်ရပ်အဖွဲ့တွေအနေနဲ့ တရားဝင်တည်ရှိဖို့ဆိုတဲ့ အခွင့်အရေးကတော့ ဝေလာဝေး၊ အများစုဟာ ပြည်နယ်ရဲအဖွဲ့တွေအဖြစ် သတ်မှတ်ခံရပြီး နအဖက ထုတ်ပေးတဲ့ ရိက္ခာနဲ့ လစာကို စားနေရပါပြီ။ တပ်မတော်အစိုးရဟာ နိုင်ငံရေးပါတီ မဟုတ်ဘူး၊ နိုင်ငံရေးပါတီအစိုးရ တက်လာမှ နိုင်ငံရေးဆွေးနွေးပါဆိုတဲ့ ချွေးသိပ်မှုကြောင့် အပစ်ရပ်အဖွဲ့တွေဟာ သူတို့တော်လှန်ရေး လုပ်ရ၊ တောခိုကြရတဲ့ မူလအကြောင်းရင်းတွေကို မေ့ထားကြရပါတယ်။ သူတို့အဖွဲ့တွေ တရားဝင်နိုင်ငံရေးပါတီအဖြစ် ဆိုင်းဘုတ်တင်ရဖို့ ဝေးစွ၊ ပြည်သူတွေအမြင်မှာ အထင်မြင်သေး ရှုံ့ရှာစက်ဆုပ်ဖွယ်ဖြစ်လာအောင် နအဖက ဖန်တီးနေတာကို ရှောင်လွှဲဖို့ မနည်းကို ကြိုးပမ်းနေရပါတယ်။ အပစ်ရပ်အဖွဲ့တွေ အခြေအနေကတော့ ဆုပ်လဲစူး၊ စားလဲရှူးရမယ့် အနေအထားပါပဲ။

ကနေ့ မြန်မာပြည်ပဋိပက္ခဟာ လက်တဆုပ်စာစစ်ဗိုလ်တစုနဲ့ တိုင်းရင်းသားလူမျိုးများအပါအဝင် လူထုကြီးတရပ်လုံးရဲ့ ပဋိပက္ခဖြစ်တယ်လို့ ဒီမိုကရေစီခေါင်းဆောင်တချို့က ဆိုပါတယ်။ အဖိနှိပ်ခံ ပြည်သူလူထုဘက်ကို စစ်မျက်နှာ(၃)ရပ်နဲ့ ပြဆိုကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အကြမ်းမဖက်တဲ့နည်းလမ်းကို ကျင့်သုံးနေကြတဲ့ ပြည်တွင်းအင်အားစုများ၊ အပစ်မရပ်သေးတဲ့အင်အားစုများနဲ့ ကေအိုင်အိုအပါအဝင် အပစ်ရပ်ထားတဲ့အဖွဲ့များလို့ အဓိပ္ပာယ် ဖွင့်ဆိုကြပါတယ်။ ဒီပဲယင်းအရေးအခင်းနောက်ပိုင်း ထူးခြားလာတဲ့ နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေတွေနဲ့ ဆက်စပ်ပြီး လူပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်းဟာ စစ်အုပ်စုဘက်က နေမလား၊ ဒီမိုကရေစီကို ရွေးချယ်မလား ဆိုတာ ဆုံးဖြတ်ရတော့မယ့် လမ်းဆုံလမ်းခွကို ရောက်နေပြီဖြစ်ပါတယ်။ ဘယ်သူမှ ကြားနေလို့ မရတော့ပါ။

ဒါကြောင့် အပစ်ရပ်အဖွဲ့များအနေနဲ့လည်း ငြိမ်းချမ်းရေးမဆိုထားနဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တရားဝင်တည်ရှိခွင့် (ဆိုင်းဘုတ်ထောင်ခွင့်)တောင်မရှိတဲ့ ဆယ်စုနှစ်တစုကျော်ကြာအောင် နအဖနဲ့ တည်ဆောက်ထားတဲ့ အပစ်အခတ်ရပ်စဲရေးကိစ္စကို အခုလိုကာလမှာ အပြန်ပြန်အလှန်လှန် သုံးသပ်ဖို့ လိုနေပါပြီ။ မှားသလား၊ မှန်သလား၊ ပြင်သင့်သလား၊ ဆက်တိုးသင့်သလားဆိုတာကိုတော့ ကိုယ့်အမျိုးသားအကျိုးစီးပွားကို အခု ဆယ်စုနှစ်တာကာလမှာ ဘယ်လောက်အကောင်အထည်ဖော်နိုင်ခဲ့သလဲဆိုတဲ့ ပေတံနဲ့ပဲ တိုင်းတာရမှာဖြစ်ပါတယ်ဆိုတာ တင်ပြရင်း အပစ်ရပ်အဖွဲ့များအနေနဲ့ ချိုးငှက်လေလား အလံဖြူလားဆိုတာကို သဲသဲကွဲကွဲ အဖြေထုတ်ပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ကြဖို့ အချိန်သင့်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

၇–၈–၂၀၀၃

❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# သတင်းစာများတွင် ဖော်ပြနေသည့်ဆောင်းပါးများ ပြည်သူလူထုကန့်ကွက်ခံရ

**ဩဂုတ်၊ (၂၄)ရက်။**

နအဖအာဘော်ကို ဖော်ပြနေသည့် သတင်းစာများတွင် ပါဝင်သည့် သတင်းဆောင်းပါးများသည် ဒီမိုကရေစီ လိုလားကြသည့် ပြည်သူလူထုအား မထေမဲ့မြင်ပြု ရေးသားထားမှုများ ပါဝင်နေသဖြင့် ပြည်သူလူထုက ဆောင်းပါးများနှင့် စာရေးသူကိုပါ စိစစ်ရန် လိုအပ်ကြောင်း ကန့်ကွက်စာ ပေးပို့ခဲ့သည်ဟု သိရသည်။

ထိုကန့်ကွက်စာကို မကွေးတိုင်း မြစ်ခြေမြို့နယ် သံဗျင် မင်းသမီးစာကြည့်တိုက် ဥက္ကဋ္ဌလည်းဖြစ် မကွေးတိုင်း အဖွဲ့ချုပ် လူငယ်တာဝန်ခံတဦးလည်းဖြစ်သည့် ကိုကျော်ကျော်နိုင်က ဩဂုတ်လ(၄)ရက်နေ့ နေ့စွဲဖြင့် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်ထံ စာရေးကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကန့်ကွက်စာတွင်"ယနေ့ မြန်မာနိုင်ငံတွင် ထုတ်ဝေနေသည့် သတင်းစာများသည် နအဖ စစ်အုပ်စု၏ သဘောထားဖြစ်ပြီး နိုင်ငံတော်၏ အခြေအနေသည် ဒီမိုကရေစီထူထောင်ရေးအတွက် အစပျိုး စမ်းသပ်နေသည့်ကာလဖြစ်သည့်အလျောက် တိုင်းပြည်ထူထောင်ရေး အရေးကြီးနေချိန်တွင် အမျိုးသားရင်ကြားစေ့ရေးကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ဒီမိုကရေစီ လိုလားကြသည့် ပြည်သူများအား မထီမဲ့မြင်ရေးသားမှုများ ထည့်သွင်းဖော်ပြနေခြင်းမှာ တိုင်းပြည်ထူထောင်ရေးအတွက် အဟန့်အတားဖြစ်စေကြောင်း ထောက်ပြရေးသားထားသည်။

ထို့အပြင် ဆောင်းပါးပါအချက်အလက်များသည် စစ်အုပ်စုနှင့် ပြည်သူကို ရန်တိုက်ပေးသည့် အသွင်ဆောင်နေပြီး စာနယ်ဇင်းသမားများ၏ ဂုဏ်သိက္ခာကို ကျဆင်းစေကြောင်း၊ ထို့ကြောင့် လက်ရှိ နိုင်ငံတော်၏ အခြေအနေကို ပြန်လည်သုံးသပ်ပြီး သတင်းစာတွင် ဖော်ပြမည့် ဆောင်းပါးများအား စိစစ်ရုံမျှမက ဆောင်းပါးရှင်များ၏ ကိုယ်ရေးရာဇဝင်ကိုပါ စိစစ်ပြီးမှ ထည့်သွင်းစေလိုကြောင်း ဖော်ပြရေးသားထားသည်ဟု သိရသည်။

ယခုအခါ စက္ကူကုန်ကြမ်းများ ရှားပါးလာသည့်အတွက် မြန်မာဘာသာဖြင့် ထုတ်ဝေနေသည့် နအဖပိုင် သတင်းစာများအား ပုံမှန်ထုတ်လုပ်နေသည့် စောင်ရေထက် (၃၀) ရာခိုင်နှုန်း လျှော့ချလိုက်ရသည်ဟု သိရသည်။

❖

# ဘုရင်ရူး ဗိုလ်ချုပ်မှူးကြီး၏ စံအိမ်သစ်တက်ပွဲ



နအဖ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

**ဩဂုတ်၊ (NCGUB)။**

ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ရန်ကုန် မရမ်းကုန်းမြို့နယ်အတွင်း ယခင် အရှေ့ထောင်နှင့် မလှမ်းမကမ်းတွင် နန်းတော်ကြီးတမျှ ဆောက်လုပ်ထားသော အဆောက်အဦတခု၌ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စံအိမ်သစ်တက်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ပေ (၂၀၀ × ၁၈၀) မြေကွက်အပြည့် ဆောက်လုပ်ထားသော အဆိုပါ အိမ်ကြီးမှာ နန်းတော်ကြီးတမျှ ခမ်းနားကြီးကျယ်ကြောင်း ၎င်းတို့နှင့် နီးစပ်သူ အသိုင်းအဝိုင်းအဆိုအရ သိရပြီး အိမ်ကြီးကို လေးထောင့်ကျကျ တည်ဆောက်ထားသည်ဟု ဆိုသည်။ ထို့ပြင် အိမ်ကြီးကို နှစ်ခြမ်းခွဲထားပြီး မိသားစုများကတခြမ်း ဗိုလ်ချုပ်မှူးကြီးကတခြမ်း သပ်သပ်စီနေသည်ဟု သိရသည်။

အိမ်နံရံနှင့် တိုင်လုံးကြီးများကို တရုတ်ပြည်မှ စကျင်အမျိုးအစား ကျောက်ဖြူများဖြင့် စီခြယ်မွမ်းမံထားပြီး ပေ(၃၀)ပတ်လည် ရေချိုးခန်း (၃)ခန်းပါရှိသည်။ ရေချိုးခန်းတိုင်းတွင် မတ်တပ်၊ ထိုင်လျက်၊ ပက်လက် အနေအထားသုံးမျိုးဖြင့် အသုံးပြုနိုင်သည့် ရေနွေးစိမ်ကန်များ ပါရှိပြီး၊ ရေချိုးခန်းနံရံများအား ကျောက်စိမ်းများဖြင့် အထူးမွမ်းမံကပ်ထားကြောင်း အတွင်းသိတို့က ဆိုသည်။ အိမ်ကြီးတခုလုံးတွင် Split Type 2H.P/ Aircon (လေအေးစက်) အလုံးပေါင်း ၁၂၀ တပ်ဆင်ထားပြီး၊ လျှပ်စစ်ဓာတ်အား ပြည့်မီရေးအတွက် မြောက်ဥက္ကလာ၊ မရမ်းကုန်းနှင့် အင်းစိန်မြို့နယ်များမှ (3-Phase)ကြီးများ ဆက်သွယ်ထားကာ ဓာတ်အားပြတ်တောက်မှုမရှိစေရန် (1-Phase)လျှင် ၄၈၀ ဝပ်အထိ မီးအားဖြည့်ဆွဲယူထားသည်။

နအဖ စစ်အစိုးရ၏ မှားယွင်းသော စီမံခန့်ခွဲမှုများနှင့် မအောင်မြင်သည့် စီးပွားရေးပေါ်လစီများကြောင့် ယခုလို တိုင်းပြည်တပြည်လုံး စီးပွားရေးချွတ်ခြုံကျ ယိုယွင်းပြိုလဲနေချိန်တွင် နအဖ ဥက္ကဋ္ဌ ဘုရင်ရူးကြီး သန်းရွှေက ၎င်း၏စံအိမ်ကြီးကို နန်းတော်ကြီးတမျှ ဆောက်လုပ်ကာ စည်းစိမ်ယစ်မူးနေသည့်အတွက်၊ အခြားဗိုလ်ချုပ်ကြီးများကပင် အဆိုပါကိစ္စအတွက် မကျေမချမ်းဖြစ်နေကြသည်ဟု အတွင်းသတင်းများက ဆိုသည်။

နိုင်ငံတော်အခမ်းအနားများတွင် ဗိုလ်ချုပ်မှူးကြီးနှင့် ယှဉ်တွဲတွေ့ရလေ့ရှိသည့် မြေးတော် မောင်မျောက်လောင်းကလည်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှိ ၎င်း၏သူငယ်ချင်းများအား "ငါ့ကို သာမန်လူလို မဆက်ဆံနဲ့ မင်းတို့နဲ့ ငါနဲ့ မတူဘူး၊ ငါတို့က ဘုရင်မျိုးလို့ ငါ့အဘိုးက ပြောတယ်"ဟု ပြောလေ့ရှိကြောင်း ၎င်းတို့နှင့် နီးစပ်သူများအသိုင်းအဝိုင်း အဆိုအရ သိရသည်။ ❖

# ☆ ဗမာ့တပ်မတော်သားများထံသို့ တိုက်တွန်းနှိုးဆော်ချက် ☆



ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ဦးစီးဌာနချုပ် ဗိုလ်ချုပ်ကြီးတာမလာဘော

ဗမာ့တပ်မတော်သားအပေါင်းတို့ ....

ဗိုလ်ချုပ်အောင်ဆန်း စတင်ဖွဲ့စည်းတည်ထောင်တဲ့ ဗမာ့တပ်မတော်ဟာ တိုင်းပြည်ကာကွယ်ရေးတာဝန်ကို သီးသီးသန့်သန့် လုပ်ဆောင်ဖို့ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားတာဖြစ်သည်။ ထိုအချိန်မှာ ဗမာ့တပ်မတော်ဟာ ပြည်သူအတွက် ဖွဲ့စည်းတည်ထောင်ထားတဲ့အတွက် ပြည်သူရဲ့ ချစ်ခင်လေးစားမှုကို ခံခဲ့ရတယ်။ တပ်က နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်တာ ဗိုလ်ချုပ်အောင်ဆန်း လုံးဝမလိုလားပါ။ တကယ်လည်း ဒီအတိုင်းပဲ ဖြစ်ရမယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က တပ်ကနေထွက်ပြီး နိုင်ငံရေးထဲ ခြေစုံပစ်ဝင်ရောက်တာဟာ တပ်ဆိုသည်မှာ နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်းနေရမယ်လို့ မီးမောင်းထိုးပြလိုက်ခြင်းဖြစ်တယ်။

ဗမာ့တပ်မတော်သားအပေါင်းတို့ ....

၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်း အာဏာသိမ်းပြီး စစ်တပ်ကို သူ့ပုံစံအတိုင်း သွတ်သွင်းလိုက်တယ်။ ပြည်သူတွေဟာ တပ်မတော်အတွက်ဖြစ်လာတယ်။ စစ်တပ်နှင့် ပြည်သူ ကင်းကွာလာပြီး ပြည်သူလူထုကို အနိုင်ကျင့် ဗိုလ်ကျ၊ ပြည်သူတွေကို သတ်ဖြတ်၊ တိုင်းပြည်ကို ဖျက်ဆီးပစ်တဲ့ တပ်မတော်ဖြစ်လာတယ်။ ယခုလက်ရှိ နအဖ ဗိုလ်ချုပ်ကြီးတွေဟာ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်သည်သာမက အာဏာကို အကြမ်းဖက်နည်းဖြင့် မတရားလုယူကာ ဖက်ဆစ်အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်လျက်ရှိတယ်။ ရက်စက်တဲ့နေရာမှာလည်း ကမ်းကုန်အောင် ယုတ်မာတယ်။ လက်တဆုပ်စာ စစ်အာဏာရှင်တွေဟာ ၎င်းတို့တစု ကောင်းစားရေးနဲ့ အာဏာတည်မြဲရေးအတွက်သာ တစိုက်မတ်မတ်လုပ်ဆောင်တာကြောင့် ပြည်သူတွေဟာ အဖိနှိပ်ခံဘဝဖြင့် ဆင်းရဲမွဲတေလျက်ရှိတယ်။ မဆလလက်ထက်မှစ၍ အာဏာရှင်စနစ်ဆိုးဒဏ်ကို ခါးစည်းခံနေရတဲ့ ပြည်သူတွေဟာ မခံမရပ်နိုင်တော့သဖြင့် ၁၉၈၈ ခုနှစ်မှာ တပြည်လုံး ဆန္ဒပြတောင်းဆိုမှု ပေါ်ပေါက်လာခဲ့တယ်။ ဗိုလ်ချုပ်ကြီးတွေရဲ့ အမိန့်နဲ့ စစ်တပ်က ရက်ရက်စက်စက် သေနတ်ဖြင့် ဆန္ဒပြသူတွေကို အစုလိုက်အပြုံလိုက် ပစ်သတ်လိုက်ကြတယ်။ ခံစားချက်အပေါ် အရင်းခံပြီး ပေါက်ကွဲမှုပြင်းထန်လွန်းသော ပြည်သူတွေကို ချွေးသိပ်တဲ့အနေနဲ့ အာဏာပိုင်တွေက ရွေးကောက်ပွဲလုပ်ပေးဖို့ ကတိပေးလိုက်ရတယ်။ သို့သော် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြီးရင် အနိုင်ရတဲ့ နိုင်ငံရေးပါတီအား အာဏာလွှဲပေးမည်ဟု တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ ကတိကို အာဏာမက်မောတဲ့ ဗိုလ်ချုပ်ကြီးတွေက ဖောက်ဖျက်ပြီး ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ပထုတ်လိုက်ကြတယ်။ ဖောက်ပြန်တဲ့ ဗိုလ်ချုပ်ကြီးတွေဟာ မင်းသားမလုပ်ရရင် ပတ်မကြီးကို ထိုးဖောက်မည့်သူတွေဖြစ်တယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို မကြည့်ပဲ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီး တိုင်းပြည်ကို စုတ်ပြတ်အောင် သူတို့လုပ်နေတယ်။ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ NLD ပါတီကို ယခုထက်တိုင် အာဏာလွှဲမပေးသည့်အပြင် NLD ပါတီနှင့် ပြည်သူတွေကို တစိုက်မတ်မတ် တင်းကြပ်စွာ ဖိနှိပ်ချုပ်ချယ်လျက်ရှိတယ်။ မကြာသေးမီက ပြည်သူလူထုတွေဟာ တင်းကြပ်စွာ ဖိနှိပ်ချုပ်ချယ်မှုကြားကနေ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်ကို တခဲနက်ထောက်ခံကြိုဆိုတာကြောင့် ဗိုလ်ချုပ်ကြီးတွေအဖို့ တုန်လှုပ်ခြောက်ခြားသွားစေတယ်။ ဒါကြောင့် မေလ(၃၀)ရက် ဒီပဲယင်းခရီးစဉ်တွင် လိုက်ပါတဲ့ NLD အဖွဲ့ဝင်တွေကို အစီအစဉ်ရှိရှိဖြင့် သတ်ဖြတ်ကာ လူသတ်မှုကြီးကို ကျူးလွန်လျက်ရှိတယ်။

ဗိုလ်ချုပ်ကြီးတွေဟာ ဒီပဲယင်းလူသတ်မှုမှာ ၎င်းတို့နှင့် မဆိုင်သလိုလို ၎င်းတို့ ပါဝင်ပတ်သက်မှုကို ဖုံးကွယ်လိုတဲ့အနေဖြင့် အဆိုပါကိစ္စမှာ NLD ကို ထောက်ခံသူနှင့် မထောက်ခံသူတို့အကြား ဖြစ်ပွားတဲ့ကိစ္စလို့ တာဝန်မဲ့ပြောနေတယ်။ NLD ခရီးစဉ်တွင် လိုက်ပါသူအား ဒီပဲယင်းမရောက်ခင် နှစ်မိုင်လောက်အကွာ ဆက်သွယ်မှုပြတ်တောက်တဲ့နေရာ၊ မိုးချုပ်စအချိန်မှာ ထောင်နှင့်ချီတဲ့ လူအုပ်ကြီးက စောင့်ကြိုတိုက်ခိုက်တာဟာ အာဏာပိုင်တွေက အစီအစဉ်ရှိရှိဖြင့် ဇာတ်တိုက်လုပ်ဆောင် အမိန့်ပေးနေတာ သံသယပွားစရာမရှိပါ။ တကယ်လို့ အာဏာပိုင်တွေ မပါဝင်ပတ်သက်ဘူးဆိုရင် ဒီလောက်များတဲ့ လူအုပ်နဲ့ ဒီလိုနေရာ၊ ဒီလိုအချိန်မျိုးမှာ ဖြစ်ပေါ်နိုင်စရာ အကြောင်းမရှိဘူး။ လူထုက ရွေးချယ်တင်မြှောက်တဲ့ ခေါင်းဆောင်ကို သတ်ဖို့ ကြံစည်တဲ့ ဤလုပ်ရပ်ဟာ နိုင်ငံတော်လုပ်ကြံမှုတရပ်ဖြစ်တယ်။ တိုင်းပြည်အကျိုးကို စေတနာမှန်ကန်စွာဖြင့် လုပ်ဆောင်မည့် ခေါင်းဆောင်တွေကို ဤသို့ အကြမ်းဖက် လုပ်ဆောင်ခြင်း၊ ဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်လျက်ရှိတယ်။

ဒါအပြင် ၎င်းတို့အချင်းချင်း အတွင်းကြိတ် စားခွက်လုကာ အနှောင့်အယှက်ဖြစ်မည့်သူ မှန်သမျှကို ရှင်းထုတ်ပစ်တယ်။ ဗိုလ်ချုပ်ကြီးတွေအတွက် အကာအကွယ်ပေး လုပ်ဆောင်ခြင်းဟာ တပ်မတော်သားတွေအဖို့ အကျိုးယုတ်မည်သာဖြစ်တယ်။ ဗိုလ်ချုပ်ကြီးတွေဟာ တတိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူလူထုကို ကျွန်သဘောက်ပြုလျက်ရှိသည်သာမက လက်အောက်ငယ်သားတွေအပေါ်လည်း ဂုတ်သွေးစုပ်ကာ သနားညှာတာမှု ကင်းမဲ့လျက်ရှိပြီး ၎င်းတို့ ကိုယ်ကျိုးအတွက်သာ အသုံးချလျက်ရှိတယ်။ ဆွေမျိုးသားချင်း မိဘပြည်သူကို သတ်ခိုင်းကာ တပ်မတော်ကို လူသတ်တဲ့တပ်၊ မုဒိမ်းကျင့်တဲ့တပ်ဖြစ်အောင် တွန်းပို့နေတယ်။ ဗိုလ်ချုပ်ကြီးတွေ အမိန့်သာ ဆက်လက်နာခံဦးမယ်ဆိုရင် ပြည်သူရဲ့ ရွံရှာမုန်းတီးမှုကို တသက်လုံးခံရမည်ဖြစ်ပြီး အလိုတူ အလိုပါ သမိုင်းတရားခံဘဝ ရောက်သွားမှာဖြစ်တယ်။

ဗမာ့တပ်မတော်သားပေါင်းတို့ ....

တပ်မတော်သားတွေဟာ မိမိတို့ဘဝကို သဘောပေါက်သင့်ပြီ။ ပြည်သူထဲက ပေါက်ဖွားလာတဲ့ တပ်မတော်ဟာ ပြည်သူချစ်တဲ့ တပ်မတော်ဖြစ်ရမယ်။ ပြည်သူကို စိတ်ဆင်းရဲအောင် လုပ်တဲ့တပ်ဟာ ပြည်သူရဲ့ ဒဏ်ခတ်မှုကို မလွဲမသွေခံရလိမ့်မယ်။ ဒါကြောင့် အာဏာမက်မောပြီး ပြည်သူအပေါ် ဖိနှိပ်ချုပ်ချယ်တဲ့ နအဖ ဗိုလ်ချုပ်ကြီးတွေရဲ့ အမိန့်ကို ဆန့်ကျင်သွားကြပြီး ၎င်းတို့ကို စွန့်ခွာကြဖို့၊ ပြည်သူရဲ့ သားကောင်းရတနာဖြစ်အောင် ပြန်လည်ကြိုးစားကြစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

ဗဟိုစစ်ဦးစီးဌာနချုပ်
ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်
ကော်သူလေး

၂၅-၈-၂၀၀၃

# ဖွတ် မထွက်ခင်ကတည်းက ဖောလို့ မှန်း သိတယ်

လာမယ့် ၂၀၀၃ ခုနှစ် စက်တင်ဘာ (၁၈)ရက်နေ့ဟာ စစ်အုပ်စုက တတိယအကြိမ် အာဏာသိမ်းလိုက်တဲ့ (၁၅)နှစ်မြောက်နေ့ပါပဲ။ အိမ်စောင့်အစိုးရ (၂)နှစ် (၁၉၅၈–၆၀)၊ မဆလ (၂၆)နှစ် (၁၉၆၂–၈၈)နဲ့ နဝတ/နအဖ (၁၅)နှစ် (၁၉၈၈–၂၀၀၃)၊ ပေါင်း(၄၃)နှစ်ဟာ မြန်မာပြည်သူတွေ စစ်အာဏာရှင်စနစ်အောက် ပြားပြားမှောက် ကျရောက်နေရပြီး တိုင်းပြည်လည်း ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ ကိန်းစိုက်၊ ငါးပါးသာမက သံဃာစင်ပါမှောက်ရတဲ့ ဘဝကို ရောက်ရှိခဲ့ရတာပါပဲ။

ဒီနေရာမှာ စစ်အုပ်စုအနေနဲ့ တလျှောက်လုံး ကျင့်သုံးခဲ့တဲ့ နိုင်ငံရေး ပရိယာယ်နဲ့ အခင်းအကျင်းအမျိုးမျိုးရှိတဲ့အနက် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်လ်ဒီကို ဦးတည်ဖြိုခွဲတဲ့ အကြောင်းကို အဓိက ဆွဲထုတ် စိစစ်ပြချင်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်း ဒီမိုကရေစီအင်အားစုများရဲ့ အထွေထွေသပိတ် အားကောင်းနေတုန်း ၁၉၈၈ ဩဂုတ်လ (၂၄)ရက်နေ့မှာ တပြည်လုံးမှာရှိတဲ့ ထောင်တော်တော်များများကို ထောင်တွင်းဆူပူမှုတွေ ဖန်တီးပေးပြီး အကျဉ်းသားအများအပြားကို ထောင်ခါလွှတ်လိုက်ပါတယ်။ ဩဂုတ်(၂၆)နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ရွှေတိဂုံအနောက်ဖက်မုခ် လူထုစည်းဝေးပွဲကြီးမှာ မိန့်ခွန်းပြောရင်း ဗမာပြည်နိုင်ငံရေးလောကထဲ စတင်ခြေချလိုက်ပါတယ်။ အဲဒီနေ့မတိုင်မီ တရက်အလို ဩဂုတ်(၂၅)မှာ အောင်ကြီးကို ကမန်းကတန်းထောင်က လွှတ်ပေးပြီး စမ်းချောင်း ပဒုမ္မာကွင်းမှာ ''စစ်တပ်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့''ဆိုတဲ့ အပြောမျိုးတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံး နိုင်ငံရေးခြေလှမ်းကို စတင်ရိုက်ချိုး ပွဲလှန့်လိုက်တာပါပဲ။

စစ်အုပ်ချုပ်ရေး ရုတ်သိမ်းပြီးသွားတဲ့နောက် အထူးသဖြင့် ရန်ကုန်မြို့မှာ မင်းမဲ့စရိုက် လုပ်ဆောင်မှုတွေ ဖြစ်ပေါ်စေခဲ့တယ်။ တပြိုင်နက်တည်းမှာ ဝန်ကြီးဌာနပေါင်းစုံနဲ့ ဝန်ထမ်းအသီးသီးကို ပုတ်ခတ်တိုက်ခိုက်တဲ့ စာများ၊ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးအရ အောင်တန်းကျကျ တိုက်ခိုက်တဲ့ စာများကို သူတို့စစ်သားတွေကိုယ်တိုင် စစ်ကားတွေနဲ့ လိုက်လံဝေငှခဲ့တယ်။ ဂိုဒေါင်ဖောက်တာ၊ ပစ္စည်းတွေယူတာလည်း သူတို့စစ်တပ်ကပဲ စလုပ်ခဲ့တာပါပဲ။

၁၉၈၈ ခု စက်တင်ဘာ(၁၆)ရက်နေ့မှာ မဆလပါတီအနေနဲ့ တပ်မတော်၊ ပြည်သူ့ရဲနဲ့ ဝန်ထမ်းများကို ပါတီဝင်အဖြစ်က နုတ်ထွက်ခွင့်ပြုကြောင်း အာဏာမသိမ်းမီ (၂)ရက်အလိုမှာ ကမန်းကတန်း ကြေညာခဲ့တယ်။ နောက် ညကြီးမင်းကြီးမှာ ပြည်ထောင်စုဘဏ်က အရာရှိ ဦးမောင်မောင်သန်းကို အဓမ္မသော့ဖွင့်ခိုင်းပြီး ကျပ်ငွေကုဋေ(၆၀၀)ကို ထုတ်ယူသွားခဲ့တယ်။

(စကားချပ်– နောက် စစ်တပ်အာဏာသိမ်းပြီး သတင်းစာရှင်းလင်းပွဲတခုမှာ နဝတ ဗိုလ်ချုပ်ကြီးစောမောင်ဆိုသူက သူ့စစ်တပ်ကိုတော့ အငတ်မထားနိုင်လို့ ယူသွားတာလို့ လူထုကို စော်ကား မော်ကား ရှင်းသွားတယ်။)

ဒါတွေဟာ ဘာကြံရွယ်ချက်နဲ့ လုပ်တာလဲ၊ လွန်ခဲ့တဲ့ (၂၆)နှစ်တာကာလအတွင်း စစ်အစိုးရနဲ့ မဆလပါတီကြောင့် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အမျိုးသားရေး အကျိုးပျက်ကွက်မှုများဟာ လက်ရှိ နဝတ (သို့) တပ်မတော်အစိုးရနဲ့ ဘာမှ မပတ်သက်၊ မသက်ဆိုင်သလို တပ်မတော်အနေနဲ့ ဘယ်လို မကောင်းမှုမျိုးမှ မကျူးလွန်ခဲ့သလို ပုံဖမ်းပြီး ဆင်သေကို ဆိတ်ရေနဲ့ ဖုံးဖို့ ကြိုးပမ်းတာ၊ အာဏာကို လုယက်သိမ်းပိုက် ဗိုလ်ကျစိုးမိုး မင်းမူလာခဲ့တဲ့ သူတို့ရဲ့ ကြောင်သူတော် ကြွက်သူခိုးလုပ်ရပ်ကို ဖုံးကွယ်ဖို့ ကြိုးပမ်းခဲ့တာပဲ။

အဲဒီအချိန်ကစပြီး စစ်အုပ်စုက သူရဲ့ ဝါဒဖြန့်ချိရေး ယန္တရားပေါင်းစုံကို ပုံစံအမျိုးမျိုးနဲ့ လှုပ်နှိုးပြီး အမျိုးသားရေး မှိုင်းတိုက်မှုကြီးကို အကြီးအကျယ် ပြုလုပ်ခဲ့တယ်။

(၁) တပ်မတော်ဟာ သမိုင်းအစဉ်အလာရှိတဲ့ အမျိုးသားနိုင်ငံရေးအင်အားစုကြီး ဖြစ်တယ်။

(၂) လွတ်လပ်ရေးခေတ် မြန်မာနိုင်ငံသမိုင်းတလျှောက်လုံးမှာ အခက်အခဲကြုံတိုင်း နိုင်ငံတော်ကို ကယ်တင်ထိန်းသိမ်းခဲ့တဲ့ အမျိုးသားနိုင်ငံရေးအင်အားစုကြီးလည်း ဖြစ်တယ်။

(၃) ဒါကြောင့် တပ်မတော်ကို အမျိုးသားနိုင်ငံရေးမှာ ခေါင်းဆောင်မှုပေးရမယ်၊ တပ်မတော်က ခေါင်းဆောင်မှုပေးမှသာ မြန်မာ့နိုင်ငံရေးဟာ အနာဂတ်ရှိမယ်။

(၄) စင်စစ် တပ်မတော်သည် စစ်တန်းလျားတွင်နေရင်း အလုပ်ပေါင်းစုံကို လုပ်နေရခြင်းဖြစ်ရာ စစ်တန်းလျားသို့ ပြန်သွားစရာ အကြောင်းမရှိပေ။

(၅) ဤအင်အားစုကြီးကို အနာဂတ်နိုင်ငံရေးစင်မြင့်ပေါ်သို့ တက်ရောက်ခွင့် မပြုဘဲ ပွဲကြည့်ပရိသတ်အဖြစ်သာ ထိုင်ကြည့်ခိုင်းမည်လော။ စစ်တန်းလျားမှာပဲ ပါးစပ်ကို ပလာစတာ ကပ်ခါ လက်ပိုက်ကြည့်ခိုင်းထားမည်လော။

ဒီဖော်ထုတ်ချက်တွေက ဘာကို ထင်ဟပ်ပါသလဲ။ စစ်အုပ်စုရဲ့ ကြံရွယ်ချက်ကို ပြောင်ပြောင်တင်းတင်း မရှက်မကြောက် ထင်ဟပ်ထားတာတွေချည်းပါပဲ။ ခဏခဏ အာဏာမသိမ်းရအောင် ကျုပ်တို့ တခါတည်း အာဏာသိမ်းထားမယ်။ စစ်တန်းလျား ပြန်သွားစရာ မလိုဘူးလို့ ပြောလိုက်တာပါပဲ။

၁၉၄၈ ကနေ ဒီကနေ့အထိ နိုင်ငံရေး ဖြစ်ပေါ်မှုတွေကို နက်နက်နဲနဲ ထိုးဖောက်

**မောင်ပေါက်ကျိုင်း**

သိမြင် ဆုပ်ကိုင်မထားရင် မြန်မာနိုင်ငံ ဒီမိုကရေစီအရေးတော်ပုံအတွက် ဆုံးရှုံးနစ်နာမှုတွေကို အထူးသတိပြုကြဖို့ လိုအပ်ပါတယ်။

၁၉၈၈ စက်တင်ဘာ(၁၈)ရက် တတိယအကြိမ် စစ်အုပ်စု အာဏာသိမ်းပြီး တက်လာကတည်းက သူတို့ရဲ့လုပ်ရပ်အားလုံးဟာ ဒီနိုင်ငံရေးအခင်းအကျင်းအောက်က အပြုအမူများသာ ဖြစ်တယ်ဆိုတာ ရှင်းရှင်းကြီး တွေ့ရမှာ ဖြစ်တယ်။



**ခဏခဏ အာဏာမသိမ်းရအောင်**
**ကျုပ်တို့ တခါတည်း အာဏာသိမ်းထားမယ်။**
**စစ်တန်းလျား ပြန်သွားစရာ မလိုဘူးလို့ ပြောလိုက်တာပါပဲ။**

အဲန်အယ်လ်ဒီဟာ ၁၉၈၈ စက်တင်ဘာ (၂၇)ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး မကြာခင် လပိုင်းလေးအတွင်းမှာ အဖွဲ့ဝင်များ သန်းချီရှိလာပြီး မြို့နယ်အများအပြားမှာ ဆိုင်းဘုတ်တင်၊ ရုံးခန်းတွေ ဖွင့်နိုင်ခဲ့တယ်။ ဒါကို စစ်အုပ်စုက မရှုစိမ့်နိုင်တဲ့အတွက် တမြို့နယ်မှာ ရုံးတရုံးနဲ့ ဆိုင်းဘုတ်တခုပဲ ရှိရမယ်ဆိုပြီး ကန့်သတ်လာခဲ့တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ၁၉၈၉ ဇန်နဝါရီလက အဲန်အယ်လ်ဒီ ဥက္ကဋ္ဌနဲ့ အထွေထွေအတွင်းရေးမှူး(၂)ဦးတို့က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံခဲ့ကြပြီး ခုလို သဘောတူမှု ရယူခဲ့ကြတယ်။

(၁) ပြည်နယ်/တိုင်းနှင့် မြို့နယ်များတွင် တိုင်းရုံးနှင့် မြို့နယ်ရုံးတရုံး ဖွင့်နိုင်သည်။

(၂) ၁၉၈၉ ဇန်နဝါရီလမတိုင်မီက တင်ထားခဲ့ပြီးသည့် ရပ်/ကျေး ဆိုင်းဘုတ်များ ဆက်လက် တင်ထားရန်။

(၃) ရပ်/ကျေး ဆိုင်းဘုတ်များကို မတင်ရသေးသော်လည်း ဆိုင်းဘုတ်တင်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ပြီးပါက ဆိုင်းဘုတ်တင်နိုင်ခြင်းတို့ ဖြစ်ပါတယ်။

ဒါပေမယ့် တကယ့်လက်တွေ့မှာ တမြို့နယ်မှာ တရုံးပဲ ဆိုင်းဘုတ်တင် ရုံးခန်းဖွင့်နိုင်ခဲ့တယ်။ ဒါတွေဟာ ခေတ်ဦး အဲန်အယ်လ်ဒီကို ကန့်သတ်ချုပ်ချယ်တားဆီးခဲ့တာဖြစ်တယ်။

နောက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေးခရီးစဉ်တွေမှာလည်း အမျိုးမျိုးနှောင့်ယှက်မှုတွေ လုပ်ခဲ့တယ်။ ၁၉၈၉ ခု ဇန်နဝါရီနဲ့ ဧပြီလတုန်းက ဧရာဝတီတိုင်း ခရီးစဉ်တလျှောက်လုံးမှာ စည်းရုံးရေးအဖွဲ့ ရောက်မယ့် မြို့ရွာများအားလုံးရှိ အသံချဲ့စက်တွေကို စစ်တပ်က သိမ်းဆည်းထားတာ၊ ရေယာဉ်၊ သမ္ဗာန်၊ ကား၊ အငှားယာဉ် စတာတွေကို နဝတ အမိန့်မရဘဲ မည်သူ့ကိုမျှ မငှားရန် တားထား၊ မြို့ရွာများမှာ တပ်များ ထပ်ချထားပြီး မြို့လူထုကို ခြောက်လှန့်တာ၊ တချို့မြို့ရွာများမှာ သေနတ်ပစ်ဖောက်တာ၊ လက်ခုပ်မတီးရ၊ ပန်းမဆက်ရ၊ အိမ်အပြင်မထွက်ရ၊ ကျန်းမာပါစေ ကြွေးကြော်သံကိုပင် မဆိုရ စတဲ့ အမိန့်တွေကို တင်းကြပ်စွာ ထုတ်ပြန်ပြီး အဖွဲ့ချုပ် အဖွဲ့ဝင်တွေကိုလည်း (၂/၈၈)ဥပဒေကို အကြောင်းပြုပြီး ဖမ်းဆီးချုပ်နှောင်ခဲ့တယ်။ ကျုံမငေးနဲ့ ဓနုဖြူမြို့တွေမှာ ဒေါ်အောင်ဆန်းစုကြည်ကို သေနတ်နဲ့ ပစ်ဖို့ ချိန်ရွယ်တဲ့အဆင့်အထိဖြစ်ပေါ်ခဲ့တယ်။

နောက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ရင်လည်း သူရဲ့ နိုင်ငံရေးအဆင့်နေရာရှိမှုကို အမြဲ ကန့်သတ်ပိတ်ပင်ခဲ့တယ်။ စစ်အုပ်စုရဲ့ ကော်မရှင်က ပြဋ္ဌာန်းပေးလိုက်တဲ့ ရွေးကောက်ပွဲ ဥပဒေ ၁၀(င)မှာ ခုလို ကန့်သတ်ထားတယ်။

[အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ။

ပုဒ်မ ၁၀(င)– နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူများ (သို့မဟုတ်) ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ (သို့မဟုတ်) ထိုအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ]

တကယ်တော့ ဒီပုဒ်မ ၁၀(င)ဟာ လူထုက တခဲနက်ထောက်ခံနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲ ဝင်ခွင့်မရအောင် မူလထဲက စည်းဝါးကိုက်ပြီး အကြံယုတ်နဲ့ ထည့်သွင်းထားတာဖြစ်တယ်။

၁၉၈၉ ဇွန်–ဇူလိုင်လောက်ကစပြီး ''အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြ'' ဆိုတဲ့ ကြွေးကြော်သံအောက်မှာ လူထုတိုက်ပွဲအရှိန်တွေ မြင့်တက်လာခဲ့အခါ နောက်ဆုံး ၁၉၈၉ အာဇာနည်နေ့အပြီးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို ပထမအကြိမ် အကျယ်ချုပ်ချလိုက်တယ်။

အာဏာသိမ်းခဲ့တဲ့ အချိန်ကစပြီး ရွေးကောက်ပွဲ ကျင်းပပြီးသွားတဲ့ အချိန်အတွင်း စစ်အုပ်စုအာဏာပိုင်တွေဟာ လျှာအရိုးမရှိတိုင်း မစားရဝခမန်း ကတိကဝတ်တွေ အများကြီးပေးခဲ့တယ်။ ဒါပေမယ့် ရွေးကောက်ပွဲအပြီး (၂)လအကြာ ဂန္ဒီခန်းမ အစည်းဝေးမစမီ တရက်အလိုမှာ ဇူလိုင်(၂၇)ရက်နေ့စွဲနဲ့ နဝတ ကြေညာချက် အမှတ် (၁/၉၀)နဲ့ စတင်ပြီး ကတိတွေကို ဖောက်ဖျက်ခဲ့တယ်။ အခြေခံဥပဒေသစ်အရ ပေါ်ထွက်လာမယ့် အစိုးရတရပ် မဖွဲ့စည်းမီ စစ်အုပ်စုက တိုင်းပြည်ကို ဆက်အုပ်ချုပ်သွားမယ်လို့ ဖော်ပြခဲ့တယ်။ စစ်အုပ်စုရဲ့ ဇာတိရုပ် စပေါ်လာတာပဲဖြစ်တယ်။

ဒါကြောင့် စစ်အုပ်စုခေါင်းဆောင်များဟာ အခြေခံဥပဒေသစ်တရပ် မရှိဘဲနဲ့ ဘာကြောင့် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သလဲ၊ လုထုကို လှည့်စားဖို့သက်သက်ပဲဖြစ်တယ်။ ရွေးကောက်ပွဲရလဒ်နဲ့အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းဟာ ရွေးကောက်ပွဲ တာဝန်ယူ ကျင်းပပေးခဲ့တဲ စစ်အုပ်စုမှာ ဥပဒေအရ တာဝန်ရှိတယ်။ ဥပဒေပြဋ္ဌာန်းသူဟာ ဥပဒေနဲ့အညီ လုပ်ဆောင်ရမှာ ဖြစ်တယ်။ ဥပဒေပြုသူဟာ ဥပဒေချိုးဖောက်သူ မဖြစ်သင့်ဘူး။

ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်

# ပြည်ပရန်ကာကွယ်ရေးသင်တန်းများ ပြည်သူများစိတ်ဝင်စားမှုမရှိ

**ဇူလိုင်၊ (၃၀)ရက်။**

ဇူလိုင်လ(၂၁)ရက်နေ့ကို ပြည်ပရန်ကာကွယ်ရေး ပြည်သူ့စစ်များနေ့အဖြစ် သတ်မှတ်ပြီး ရဲနှင့် မီးသတ်တပ်ဖွဲ့ မိသားစုဝင်များသာမက မြို့နယ်များအတွင်းရှိ အသက်(၁၈)နှစ်နှင့် (၄၀)နှစ်အတွင်း လူငယ်လူရွယ်များကို စုစည်း၍ အခြေခံစစ်ပညာနှင့် လက်နက်ငယ်သင်တန်းများ ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများ ပေးရခြင်း၏ ရည်ရွယ်ချက်မှာ အမေရိကန်နှင့် အခြားနယ်ချဲ့နိုင်ငံများ၏ ကျူးကျော်မှုကို ခုခံတားဆီးရန်ဖြစ်ကြောင်း နအဖ က ပြောဆိုသော်လည်း သင်တန်းတက်နေသူများကိုယ်တိုင် စိတ်ပါဝင်စားမှု မရှိကြဟု ဆိုသည်။ ပြည်ပကျူးကျော်မှု ကာကွယ်ရန်ဆိုသော်လည်း ထိုသင်တန်းများတွင် အခြေခံစစ်ပညာ၊ လောက်လေးခွပစ်နည်းနှင့် ဝါးရင်းတုတ်ရိုက်နည်းတို့ကိုသာ သင်ကြားပေးသည်ဟု သိရသည်။ အဆိုပါသင်တန်းများအတွက် နယ်မြို့များတွင် သင်တန်းကုန်ကျစရိတ်အတွက် ငွေကြေးကောက်ခံမှုများရှိကြောင်းလည်း သိရသည်။

ထိုကဲ့သို့သော ပြည်သူ့စစ်သင်တန်းများကို ပြည်နယ်နှင့် တိုင်းအလိုက် ရဲတပ်ဖွဲ့ဝင်များ ကြီးမှူး၍ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ အမာခံများနှင့် အရံအင်အားစုများ၊ မြို့နယ်အလိုက် လက်နက်ကိုင်အဖွဲ့အစည်းဝင် ဝန်ထမ်းများ၏ မိသားစုများ၊ စစ်သားမိသားစုများ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ မတက်မနေရ တက်ရောက်နေရကြောင်း သိရသည်။

မကွေးတိုင်းအတွင်းမှ ကိုယ်တိုင် သင်တန်းတက်နေရသည့် ရဲဝန်ထမ်းတဦး၏ဇနီးနှင့် ဒီဗွီဘီအသံလွှင့်ဌာနတို့ တွေ့ဆုံမေးမြန်းခဲ့ရာတွင်–"အဲ.... ဖြစ်နိုင်ရင်တော့ တက်ရမယ်တဲ့။ အဲ.... မတက်နိုင်ဘူးလား နင်တို့ဘာရောဂါဖြစ်နေသလဲ၊ ရောဂါဖြစ်တယ်ဆိုရင် ဆရာဝန်ဆီက ဆေးစာယူခဲ့ပါ၊ ဆေးစာနဲ့ ဖြစ်ရမယ်၊ ဟို.... ဆေးစာနဲ့ပြပြီးတော့ လုပ်ပါ။ ခင်ဗျားတို့ ဆေးစာမှ မပြနိုင်ဘူးဆိုရင် ဟိုဥစ္စာကို တင်မယ် အပြစ်ပေးမယ်။ ဘယ်လို အပြစ်ပေးမလဲဆိုတာတော့ မပြောနိုင်ဘူး၊ အဲလိုမျိုးတော့ ပြောတာပေါ့။ ကြောက်တော့ ကြောက်ကြတာပေါ့နော်။ ကိုယ့်ယောကျ်ားတွေလည်း ဟိုဟာလုပ်တယ်ဆိုတော့၊ လစာလေးနဲ့ ဝန်ထမ်းလောကထဲမှာ လှုပ်ရှားနေရတော့ ကိုယ့်ယောကျ်ားလည်း အလုပ်ပြုတ်မှာတွေဖြစ်သွားမှာလည်း ကြောက်ကြတာပေါ့၊ ကြောက်ရတယ်လို့လည်း ပြောရမှာပေါ့"ဟု ပြောဆိုခဲ့သည်။

အခြားပြည်သူတဦးကမူ ပြည်သူတွေအနေဖြင့် ဤကိစ္စကို စိတ်မဝင်စားကြောင်း၊ စစ်သင်တန်းကို စိတ်မဝင်စားသလို တက်လည်း မတက်ချင်ကြောင်း၊ ပြည်သူလူထုကို သူတို့ စည်းရုံး၍ရမည် မဟုတ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်မူ ၎င်းတို့ပေးသောလစာကို စားနေရသည့်အတွက် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ တက်ရမှာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အစောပိုင်းတွင် အဆိုပါသင်တန်းများကို ပြည်နယ်နှင့် တိုင်းအတွင်းရှိ နယ်မြို့များတွင်သာ ပြုလုပ်ခဲ့သော်လည်း ယခုအခါ ရန်ကုန်မြို့ပေါ်ရှိ မီးသတ်နှင့် အစိုးရဝန်ထမ်းများကိုပါ စတင်တက်ရောက်ခိုင်းနေပြီဟု သိရသည်။

ရန်ကုန်မြို့ခံတဦးက ယခုအခါ ရန်ကုန်မြို့ပေါ်၌ မီးသတ်တပ်ဖွဲ့ဝင်များ၏ မိသားစုများကို စစ်သင်တန်းများ ပေးနေကြောင်း၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများပါ ပါဝင်မည်ဟု ကြားသိရကြောင်း ပြောကြားခဲ့သည်။

သုံးသပ်သူများက အဆိုပါသင်တန်းများသည် နယ်ချဲ့ကျူးကျော်မှုကို ကာကွယ်ရန် ရည်ရွယ်ရင်းမဟုတ်ဘဲ လူထုဆန္ဒပြပွဲများဖြစ်လာပါက ထိုအင်အားစုများကို အသုံးချရန်ဖြစ်ကြောင်း သုံးသပ်နေကြသည်။ ❖

# တိုင်းပြည်အေးဆေးတည်ငြိမ်မှ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမည်ဟု ဦးဝင်းအောင်ပြောကြား



နအဖ နိုင်ငံခြားရေးဝန်ကြီး
ဦးဝင်းအောင်

**ဩဂုတ်၊ (၁)ရက်။**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများ ပုံမှန်အတိုင်း အေးအေးဆေးဆေးဖြစ်သွားမှ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က ဘန်ကောက်မြို့သို့ ရောက်ရှိလာစဉ် သတင်းထောက်များအား ပြောကြားလိုက်သည်။

လာအို၊ မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ပါဝင်သည့် ပထမအကြိမ် လေးနိုင်ငံ စီးပွားပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိလာစဉ် ဦးဝင်းအောင်က ထို့သို့ ပြောကြားလိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုနှင့် မင်းမဲ့စရိုက်များ မပေါ်ပေါက်လာရန် ဟန့်တားသည့်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ယခုလို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘန်ကောက်မြို့သို့ ရောက်ရှိစဉ် သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ရာ၌ ဦးဝင်းအောင်က မိမိတို့အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ရန် လောလောဆယ် အချိန်သတ်မှတ်ချက် မရှိသေးကြောင်း၊ သို့ရာတွင် အချိန်အကြာကြီး ဆွဲထားပြီး ထိန်းသိမ်းထားရန် ရည်ရွယ်ချက် မရှိပါကြောင်း၊ အစိုးရက အခြေအနေတွေ အေးချမ်းတည်ငြိမ်သွားသည်ကို စောင့်ကြည့်နေခြင်းသာ ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ နယ်စပ်ဒေသများတွင် ရောက်ရှိနေသည့် အဖွဲ့အစည်းများက တိုင်းပြည်ကို မင်းမဲ့စရိုက်နှင့် အကြမ်းဖက်မှုများ၊ လူထုအုံကြွမှုများဖြစ်လာအောင် လုပ်ဆောင်နေကြသည်ဟု စွပ်စွဲပြောဆိုသွားခဲ့သည်။

ဆက်လက်၍ မိမိတို့အစိုးရက မြေအောက်လှုပ်ရှားသူနှင့် အကြမ်းဖက်သမား (၁၂)ဦးကို ဖော်ထုတ်ဖမ်းဆီးထားကြောင်း၊ မိမိတို့သည် မင်းမဲ့စရိုက်အပြုအမူများကြောင့် တိုင်းပြည်တစစီ ပြိုကွဲပျက်စီးသွားသည့်အခြေအနေမျိုးကို ကြုံတွေ့ခဲ့ဖူးသည့်အတွက် ထိုအခြေအနေမျိုး ထပ်မံ မဖြစ်ပွားရန် လုပ်ဆောင်နေကြကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် အောက်တိုဘာမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်မည့် အစီအစဉ်ရှိပါသလားဟု သတင်းထောက်များက မေးမြန်းခဲ့သည်ကို ဝေ့လည်ကြောင်ပတ်လုပ်ကာ မရေမရာ ဖြေကြားသွားခဲ့ကြောင်း သိရသည်။

❖

## လမ်းပြမြေပုံနှင့် စပ်လျဉ်း၍ မြန်မာ့နိုင်ငံရေးအင်အားစုတို့၏ သဘောထား အမြင်များမှ ○

ဆောင်သည့် အဲန်အယ်လ်ဒီက ရှေ့ဆောင်၍ အခြားအင်အားစုများဖြစ်သည့် တိုင်းရင်းသားခေါင်းဆောင်များကပါ နအဖနှင့် ဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသွားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ကုလသမဂ္ဂကပြုလုပ်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဆွေးနွေးပွဲများ ရှေ့ဆက်သွား၍ မရတော့သည့်အတွက် ထိုင်း၏ အဆိုပြုချက်သည် ရွေးချယ်စရာတခု ဖြစ်လာကြောင်း၊ UN mandate မပါသော်လည်း အာဆီယံ၊ အာဆမ်၊ အီးယူ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ ပါဝင်လာသည့်အတွက် အတိုင်းအတာတခုအထိ ထိရောက်လိမ့်မည်ဟု ထင်ပါကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂနှင့် ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အဆိုအရ Road Map အစီအစဉ်ကို နအဖထံ ပေးပြီးပြီဟု ပြောသော်လည်း တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများမှာ ထိုအစီအစဉ်ကို တစုံတရာ ဘာမှမသိရသေးကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နအဖနှင့် ညှိနှိုင်းပြီးဖြစ်၍ တဖက်သတ် လုပ်ဆောင်မှုမျိုးဖြစ်ပါက မြန်မာပြည် ပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ဟု ပြောဆိုခဲ့သည်။

ပဲခူးတိုင်း တောင်ငူမြို့နယ်မှ အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်က ထိုင်းတို့၏ အဆိုပြုလွှာကို အဲန်အယ်လ်ဒီပါတီသို့ တင်ပြခဲ့ခြင်း မရှိသေးကြောင်း၊ အချိန်ဆွဲမည့် လမ်းညွှန်မှုဆိုပါက မည်သူမျှ လက်ခံနိုင်မည် မဟုတ်ကြောင်း၊ Road Map တွင် ပါဝင်မည့် လုပ်ထုံးလုပ်နည်းနှင့် အချက်အလက်များအား သိခွင့်ပေးမည်ဆိုပါက စကားပြောဆိုမှု ရပ်တန့်နေမှုထက်စာလျှင် စဉ်းစားရမည်ဖြစ်ကြောင်း၊ သို့သော် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်နိုင်ငံအစဉ်အလာများကို သုံးသပ်ကြည့်ခြင်းအားဖြင့် ထိုင်း၏ အဆိုပြုချက်ကို မြန်မာတို့က အယုံအကြည်ရှိပါ့မလားဟု မေးခွန်းထုတ်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ထိုင်းတို့၏ Road Map အဆိုပြုလွှာထက် လွှတ်တော်ခေါ်ယူရေးသည်သာ အရေးကြီးကြောင်း ယခုလို ပြောဆိုခဲ့သည်။

"အရေးကြီးဆုံးက လွှတ်တော်ခေါ်ရမယ်၊ လွှတ်တော်ကနေ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်ဖွဲ့မလား၊ လွှတ်တော်ကနေ ကျင်းပတဲ့၊ လွှတ်တော်ကနေ အတည်ပြုတဲ့ အမျိုးသားညီလာခံကျင်းပမလား။ အဲ့ဒါတွေအားလုံးကို အဆုံးအဖြတ်ပေးနိုင်ဖို့က တိုင်းသူပြည်သားတွေ ရွေးချယ်ထားတဲ့၊ တိုင်းသူပြည်သားတွေက Mandate ပေးထားတဲ့ လွှတ်တော်ကပဲ ဆုံးဖြတ်နိုင်တယ်။ အဲဒီတော့ ဒီနေ့ ဗမာပြည်ရဲ့ ကံကြမ္မာကို ဆုံးဖြတ်မယ်ဆိုရင် ဗမာပြည်သူပြည်သားတွေ ရွေးချယ်ထားတဲ့ လွှတ်တော်ကပဲ ဆုံးဖြတ်ရမယ်။ အဲ့ဒါကြောင့် ဘယ်အရာပဲလုပ်လုပ် ပုံစံကို အဓိက မစဉ်းစားနဲ့၊ အနှစ်သာရအားဖြင့် လွှတ်တော်ခေါ်ရလိမ့်မယ်"ဟု ၎င်း၏ သဘောထားအမြင်ကို ပြောကြားသွားခဲ့သည်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကြွယ်က Road Map အပေါ် ၎င်း၏ သဘောထားကို ပြောကြားရာတွင် ထိုအဆိုပြုချက်အပေါ် တစုံတရာပြောကြားလိုခြင်း မရှိကြောင်း၊ ယနေ့လိုအပ်နေသည်မှာ ကုလသမဂ္ဂက ကြီးကြပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဖော်ဆောင်ပေးဖို့သာ လိုအပ်သည်ဟု ယူဆကြောင်း ပြောဆိုသွားခဲ့သည်။

အလားတူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိမ်းက ၎င်းအနေဖြင့် ထိုင်းနိုင်ငံ၏ အဆိုပြုချက်အပေါ် အမြင်မကြည်လင်ကြောင်း၊ နအဖ အတွက် အချိန်ပေးသည်ဟု ထင်ကြောင်း၊ အဓိကအားဖြင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးသာဖြစ်ပြီး ခေါင်းဆောင်အားလုံး ပြန်လွတ်လာမှသာလျှင် အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်ပြီး ဘာဆက်လုပ်ရမည်ဆိုသည်ကို တိုင်ပင်ဆွေးနွေးလုပ်သင့်ကြောင်း ပြောဆိုသွားခဲ့သည်။

ကုလသမဂ္ဂမှ မြန်မာ့အရေး ကြားဝင်ဆောင်ရွက်ပေးနေသူ အထူးသံကြီး မစ္စတာ ရာဇာလီက ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့်အလျောက် မြန်မာ့နိုင်ငံရေး ရှေ့ဆက်လှမ်းနိုင်ရေး၊ အခြေခံမူဘောင်တရပ် ပေါ်ပေါက်လာစေရန် ထိုင်းနိုင်ငံအနေဖြင့် ကြိုးပမ်းနေမှုသည် အဓိပ္ပာယ်ရှိကြောင်း၊ ထိုအခြေခံမူဘောင်အပေါ် လက်ခံနိုင်သည့်အဆင့်မျိုးဖြစ်လာရန် တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်ကမူ ထိုင်းတို့၏ အဆိုပြုချက်သည် ရှုပ်ထွေးနက်နဲလှသည့်အတွက် လေ့လာနိုင်ရန် အချိန်ပိုပေးဖို့ လိုအပ်ကြောင်း ပြောကြားထားသည်။

❖

# အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်း ပြန်လည်လွတ်မြောက်



ဦးခွန်မြင့်ထွန်း

**ဩဂုတ်၊ (၈)ရက်။**

ထောင်ဒဏ်နှစ်ရှည်ကျခံနေရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းသည် ဩဂုတ်လ(၁)ရက်နေ့က ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်မှ ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

အသက်(၄၀)အရွယ်ရှိ ဦးခွန်မြင့်ထွန်းသည် မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်ပြီး ၁၉၉၆ ခု မေလတွင် စစ်အုပ်စု၏ ဖမ်းဆီးခြင်းကို ခံခဲ့ရကာ ပြည်ပရောက်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ပြုလုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် ထောင်ဒဏ်(၇)နှစ် ချမှတ်ခံခဲ့ရသူ ဖြစ်သည်။ ❖

# အိုဘယ့်... တို့မီဒီယာ

ဇော်နိုင်ဦး

ယခင်လမှအဆက်

ဒီလိုပြောသည့်အတွက် ကျနော်တို့ အင်အားစုများအား Watch မလုပ်ရဘူးဟု ဆိုလိုခြင်းမဟုတ်ပါ။ ကျနော်တို့ Movement မှာလည်း အားနည်းချက်များ ရှိပါသည်။ တပြိုင်နက်ထဲမှာပင်လျှင် မီဒီယာ၏ အားနည်းချက်များကိုလည်း ကျနော်တို့က တွေ့ပါသည်။ တခါတရံ ကျနော်တို့လူတွေက Activist လို လုပ်ကြပါသည်။ တခါတရံ Acadamic လို လုပ်ကြပါသည်။ တခါတရံ Journalist လို လုပ်တာတွေလည်း တွေ့ပါသည်။ တဦးထဲက သုံးမျိုး လေးမျိုးစလုံး လုပ်ကြတာလည်း တွေ့ပါသည်။ ဒီကနေ့ မီဒီယာသမားတွေရဲ့ Role က ဘာလည်းဆိုတာ လေ့လာရပါဦးမည်။ အဘယ်ကြောင့်ဆိုသော် ကျနော်တို့လည်း Audience ပရိတ်သတ်တွေဖြစ်သောကြောင့် ဖြစ်ပါသည်။

နောက်တချက် 'ဘက်'ကိစ္စဖြစ်ပါသည်။ 'ဘက်'ရပ်တည်မှုမရှိသော မီဒီယာမျိုး ဖြစ်လာအောင် ကြိုးစားချင်သူများ ရှိကြပါသည်။ ကျနော်တို့တိုင်းပြည် ဒီမိုကရေစီ အလင်းရောင်အောက်မှာ လင်းလင်းချင်းချင်း ရှိလာမည့်တချိန်ချိန်တွင် ဒီကိစ္စကို ကျနော်တို့အားကို အားပေးကြရပါမည်။ ကိုယ့်ဘာသာကိုယ် ဘယ်ဘက်ကပဲရပ်ရပ်၊ အဲ့ဒီလိုမီဒီယာမျိုး ခိုင်ခိုင်မာမာရှိလာဖို့လည်း ကျနော်တို့ လိုလားပါသည်။

ယခုလောလောဆယ် ကမ္ဘာပေါ်မှာ ဘက်မရှိသော မီဒီယာမျိုးကတော့ ကျနော် မမြင်မိသေးပါ (ကျနော် ညံ့တာလည်း ဖြစ်နိုင်ပါသည်)။ အစိုးရတခုခု၊ နိုင်ငံရေးအဖွဲ့အစည်းတခုခု၊ ဘာသာရေးအဖွဲ့အစည်းတခုခု၊ စီးပွားရေးအုပ်စုတခုခု၊ အဲန်ဂျီအိုတခုခု .... တခုခုသော တခုခု၏ ဘက်တွင် ရှိနေကြသည်သာဖြစ်သည်ဟု မြင်နေရပါသည်။ 'ဘ–ခြောက်လုံး'အခြေခံပေမင့် ဖွဲ့စည်းထားသော နာမဝိသေသနများ၊ ကြိယာဝိသေသနများ၊ ခေါင်းစဉ်တပ်ပုံများကို ကြည့်လိုက်ရုံနှင့်ပင် ဘယ်ဘက်ကရပ်ပြီး ပြောချင်နေတာလဲဆိုတာ ရိပ်မိရပါသည်။ သို့သော် သူတို့နှုတ်ဖျားက လွတ်လပ်ချင်စိတ်များကိုတော့ တပြားသားမျှ မလျှော့ကြပါ။ အချို့သတင်းများဆိုလျှင် သတင်းသမား၏ Preconceived Idea ကို ရုပ်လုံးမပေါ် ပေါ်အောင် ဖော်ထားမှန်း သိသာလှပါသည်။ သတင်းသမားများသည် Comment ပေးလို့ရပါသည်။ News Commentary ဆရာကြီးတွေကို ကျနော်တို့ တွေ့ဖူးပါသည်။ အားလုံးက လေးစားရသော ဆရာကြီးများလည်း ရှိပါသည်။ သူတို့မှာ သင့်တင့်လုံလောက်သော အတွေ့အကြုံနှင့် ဗဟုသုတ၊ ရိုးသားသော စိတ်နေသဘာဝတို့ ရှိပုံရပါသည်။ ဒီအတွက်လည်း အောင်မြင်ကြပုံပေါ်ပါသည်။ ငွေတမတ်နှင့် ငါးကြင်းခေါင်းကိုင်သူများကိုလည်း တွေ့ဖူးပါသည်။ ငါ့မှာလည်း ပြောခွင့်ရှိတယ် ဆိုပြီး 'ဗိုလ်ချုပ်အောင်ဆန်းဆိုတာ အလကားလူကြီးပါ'ဟု လက်လွတ်စပယ်ပြောကြလျှင် ရပါရိုးလား။

ကျနော်တို့အင်အားစုများက ကိုယ့်အမြင်ကို ကိုယ်ပြောလျှင် အဆိုးမြင်လွန်းသည်၊ Negative တွေ များလွန်းသည်ဟု တံဆိပ်ကပ်လေ့ရှိကြပါသည်။ သို့သော် မိမိကိုယ်မိမိ 'ကြားနေ'များဟု ကြွေးကြော်သူများ ကိုယ်တိုင် တင်ဆက်သည့် သတင်းများ၊ ဆောင်းပါးများ၊ အစီအစဉ်များကို လေ့လာကြည့်သောအခါ တခါတရံ သူတို့ကပင် နိုင်ငံရေးသမားတွေထက် ပိုပြီးကဲနေကြတာကိုလည်း ဖတ်ရ၊ ကြားရပါသည်။ ဩော် .... ဒီလိုတော့လည်း လုပ်လို့ရပေကသားပဲဟု တွေးမိခဲ့ပါသည်။

မနှစ်က ကျနော့်ကို ဖုန်းဖြင့် အင်တာဗျူးတခု လုပ်ခဲ့ပါသည်။ မြန်မာပြည်တွင်း အခြေအနေတချို့နှင့်ပတ်သက်ပြီး ကျနော့်အမြင်ကို ပြောပြပေးဖို့ဖြစ်ပါသည်။ မပြောပြခင် ကြိုတင် စည်းကမ်းတခု သတ်မှတ်ပေးပါသည်။ အခြားသူများ၏ Comment နှင့် မတူအောင် ပြောပေးဖို့၊ အခြားသူတွေ ဘာပြောထားတယ်ဆိုတာကိုလည်း ကျနော့်ကို ပြောပြပါသည်။ မေးသူမှာ လူချင်းကလည်း အတော်ခင်နေသူ ဖြစ်သည့်အတွက် ကျနော် စိတ်အနှောင့်အယှက် ဖြစ်သွားပါသည်။ 'ကျနော် မြင်တာ ကျနော် ပြောလို့ မရဘူးလား၊ အခြားသူတွေနဲ့ တူချင်လည်း တူမှာပေါ့'ဟု ပြန်ပြောမိပါသည်။ 'သတင်းတွေက လှအောင် လုပ်ရတာဗျ၊ ဘာပဲဖြစ်ဖြစ် ပြောကြည့်ပေါ့'လို့ သူက ကျနော့်ကို ပြောခွင့်ပြုခဲ့ပါသည်။ ကျနော်က အခြားခေါင်းဆောင်တယောက်နှင့် တူကောင်းတူနေနိုင်မည့် အမြင်ကိုပင် ပြောပြမိပါသည်။ သို့အတွက် ကျနော့်အသံကို သူမသုံးခဲ့ပါ။ ဒါက သူ့လုပ်ပိုင်ခွင့်ထဲကကိစ္စဖြစ်သော်လည်း တခုခုတော့ မှားနေသလို ကျနော်ခံစားရပါသည်။ သတင်းတွေကို ဘာကြောင့် လှအောင်လုပ်ဖို့လိုသလဲဆိုတာ ကျနော် တကယ်မသိပါ။

တခါကလည်း Economic Sanction ကိစ္စနှင့်ပတ်သက်ပြီး ကျနော့်ကို မေးရာ ကျနော်က Sanction လုပ်ကို လုပ်ရမယ်၊ ထောက်ခံတယ်လို့ ပြန်ပြောခဲ့ပါသည်။ ကျနော့် အင်တာဗျူးအပြီးမှာ အင်တာဗျူးလုပ်သူက ကျနော့်ကို ဝမ်းသာကြောင်း ပြောခဲ့ပါသည်။ 'ကျေးဇူးပဲဗျာ၊ တချို့လူတွေက Sanction လုပ်တာ မကောင်းဘူးလို့ ပြောထားတာ ရှိတော့ ခင်ဗျားပြောလိုက်တာ သိပ်ကောင်းသွားတယ်၊ ကျနော့်သတင်းကို Balance လုပ်ဖို့ ကောင်းသွားတာပေါ့၊ ဒါမှ မျှသွားတယ်'ဟု ပြောခဲ့ပါသည်။ သတင်းသမားဟာ တကယ်ကော Balance ဖြစ်အောင် လုပ်ပေးဖို့ တာဝန်ရှိလို့လား၊ ကျနော် စဉ်းစားခဲ့ဖူးပါသည်။ နောက်တကြိမ် အကြောင်းတိုက်ဆိုင်၍ ဖုန်းပြောကြရသောအခါ ထိုကိစ္စကို ကျနော်က အရင် ဆွေးနွေးခဲ့ပါသည်။ သူက ကျနော့်ကို ကောင်းကောင်းမွန်မွန်ပဲ ပြန်ရှင်းပြပေးပါသည်။ 'ကျနော်တို့က သတင်းသမားဆိုတော့ ကြားလူတွေဖြစ်သွားပြီ၊ နှစ်ဘက်စလုံးကို တတ်နိုင်သလောက် မျှအောင် စဉ်းစားပေးရတာတွေ ရှိလာတယ်'ဟု သူ့ခံယူမှုကို ရိုးရိုးသားသား ပြောပြခဲ့ပါသည်။

လူတဦးချင်းစီ၏ စိတ်ဓာတ်ခံယူမှု၊ ယုံကြည်မှုများကို ကျနော်တို့က ဘာမျှ ကန့်ကွက်လိုစိတ် မရှိပါ။ ကန့်ကွက်လျှင်လည်း တရားမျှတမှာ မဟုတ်ပါ။ ပြဿနာက ကျနော့် ရင်ထဲမှာ ကိုယ့်ဘာသာကိုယ် ဖြစ်သွားခဲ့ခြင်းဖြစ်ပါသည်။ ကျနော်တို့က သူ့ကို တင်းပုတ်နဲ့ သွားကြားထိုးတံ တိုက်တဲ့တိုက်ပွဲမှာ ရှေ့တန်းစစ်မျက်နှာက ကျနော်တို့ရဲ့ မီဒီယာ တပ်မှူးလို သဘောထားခဲ့တာ ဖြစ်ပါသည်။ သူက 'တပ်မှူး'မလုပ်ချင်တော့ဘဲ 'ဒိုင်လူကြီး (ကြားလူ)'ပဲဖြစ်ချင်သည်ဟု ပြောလာသောကြောင့်ဖြစ်ပါသည်။ ကျနော့်မိတ်ဆွေ ထိုသူသည် တသက်လုံး အဖိနှိပ်ခံနှင့် ဖိနှိပ်သူတို့၏ ပဋိပက္ခတွင် အဖိနှိပ်ခံဘက်ကသာ ပြတ်ပြတ်သားသား ရပ်ခဲ့သူဖြစ်ပါသည်။ သူ'တပ်မှူးဘဝ'ကနေ 'ဒိုင်လူကြီး' ဘယ်အချိန်ကဖြစ်သွားခဲ့မှန်း ကျနော်ပင် သေသေချာချာ မသိခဲ့ပါ၊ အခြားသူတွေရော သိခဲ့ပြီလား၊ ကျနော်မသိပါ။ ကျနော်ဆိုခဲ့ပါပြီ၊ တဦးချင်း၏ ကိုယ်ပိုင်ရွေးချယ်မှုများကို ကျနော် အလေးထားပါသည်။ သို့သော် ကျနော် ကြားလူပဲ လုပ်တော့မယ်ဆိုပြီး ကျနော်တို့ရဲ့ ကတုတ်ထဲကနေ သူထွက်သွားတာကို လက်ခံနိုင်အောင် ကျနော် အချိန်အတော်ယူခဲ့ရပါသည်။ သူ့ဖြတ်သန်းမှု၊ သူ့ကျွမ်းကျင်မှုနှင့် အတတ်ပညာ၊ သူ့စိတ်စေတနာကောင်းတွေကို ကျနော်တို့ အပြည့်မရနိုင်တော့ဘူးဆိုသော အသိသည် ကျနော့်စိတ်ကို အနှောင့်အယှက်ဖြစ်စေခဲ့တာ အမှန်ဖြစ်ပါသည်။

အခြားခေါင်းဆောင်ကြီးတဦးက ကျနော့်ကို ပြောပြဖူးပါသည်။ သူ့ကို နယ်မြေခံ သတင်းထောက်တဦးက အင်တာဗျူး လုပ်သည့်အကြောင်း၊ သူ့ကို မလေးမစား အလုပ်ခံရသည်ဟု ခံစားလိုက်ရသည့်အကြောင်း ရင်ဖွင့်ပါသည်။ ထိုသတင်းထောက်က သူ သတင်းပို့ရန် အချိန်ကပ်နေသဖြင့် ပြောချင်တာ တခုခု မြန်မြန်ပြောပေးရန် တောင်းဆိုသည်ဟု ဆိုပါသည်။ ခေါင်းဆောင်ကြီးက 'ခင်ဗျား တခုခုတော့ မေးလေ .... ကျနော်က ဘာပြောရမှန်း မသိဘူးဗျ'ဟု ပြန်ပြောပါသည်။ 'ရပါတယ်၊ ကိစ္စမရှိဘူး၊ ဆရာ့ပြည်သူ့သစ္စာဖောက်တွေက ရန်သူလို့ သတ်မှတ်ခံရတာကို ဂုဏ်ယူပုံမရသည့်အပြင် ကိုယ့်ကိုယ်ကို အားငယ်နေပုံပင် ပေါက်နေပါသည်။

ကျနော်တို့ အင်အားစုတွေအနေနှင့် တလျှောက်လုံးတွင် တတ်နိုင်သမျှ လူထုဘက်က ရပ်တည်ပြီး စွမ်းသလောက် ဆောင်ရွက်ခဲ့ကြပါသည်။ ဒီကနေ့ မီဒီယာရဲ့အရေးပါမှုကိုလည်း ကျနော်တို့က အလေးထားပါသည်။ သတိပြုမိကြပါသည်။ Media Ethic အရ ဆောင်ရွက်ကြရတာတွေကိုလည်း နားလည်မှုရှိပါသည်။ မီဒီယာသမားတွေထဲမှာ ကိုယ်ယုံတဲ့အတိုင်း မှန်မှန်ကန်ကန် ရပ်တည်အသံပါရင်ပြီးရော ဘာပဲဖြစ်ဖြစ် ပြောသာပြောချလိုက်၊ သင့်တော်တဲ့အပိုင်းကို ကျနော်ကြည့်ပြီး ထည့်လိုက်မယ်'ဟု ပြောကြောင်းဆိုပါသည်။ 'အတော်ခွကျတဲ့လူဗျာ အသံပါရင် ပြီးရောဆိုတော့ ကျနော် လက်ခေါက်မှုတ်ပြီး ထည့်ပေးလိုက်ရင် ကောင်းမလားဆိုပြီး စဉ်းစားမိသေးတယ်'ဟု ကျနော့်ကို ရယ်ရယ်မောမော ပြောပြခဲ့ဖူးပါသည်။

ဒီပဲယင်းကိစ္စဖြစ်သောအခါ သတင်းတွေက အမျိုးမျိုးထွက်လာခဲ့ပါသည်။ ဖြစ်ရပ်ကြီးကျယ်ခဲ့တာကိုတော့ အားလုံး သိပြီးဖြစ်၍ အကျယ်မရေးလိုပါ။ ကျနော်တို့ကလည်း ကျနော်တို့ ပူပန်စိတ်နှင့်မို့ အဖြစ်မှန်တွေ လူထုသိဖို့ မီဒီယာတွေကို အားကိုးတကြီး ချဉ်းကပ်ရပါသည်။ သတင်းအများစုမှန်ကန်ကြောင်း နောက်ပိုင်းတွင် အတည်ပြုရှိရသော်လည်း အချို့သတင်းများမှာ ခုထိအတည်မပြုနိုင်သေးပါ၊ အချို့မှာ မှားယွင်းပါသည်။ ကျနော်တို့ တင်ပြသည့် သတင်းအချို့မှားယွင်းသောအခါ အတိုက်အခံတွေဟာ ဒီလိုပဲဆိုပြီး အပြစ်ပုံချပါသည်။ နအဖက မဟုတ်ပါ၊ ကျနော်တို့၏ ကြားလူများက အပြစ်တင်တာ ဖြစ်ပါသည်။ ကျနော်တို့ကလည်း အခြေအနေကို ရှင်းပြရပါသည်။ 'မြန်မာပြည်မှာ စစ်အုပ်စုတက်လာကတည်းက ဘယ်သူကများ ရာနှုန်းပြည့် အမှန်အတိုင်း သိခွင့်ရလို့လဲ၊ ဘာမှ အတည်ပြုလို့ မရတာ၊ အတည်ပြုဖို့ ခက်ခဲတာကိုက မြန်မာပြည်ရဲ့ အခြေအနေမှန်ပဲ၊ အမှန်အတိုင်း သိခွင့်မရလို့ မှားတာဟာ အပြစ်မဟုတ်ဘူး'လို့ ပြန်ပြောခဲ့ရပါသည်။ မီဒီယာသမားအချို့က ကျနော်တို့ကို မျက်မာန်တော် ရှသွားခဲ့ပါသည်။

အတိုက်အခံ(အဖိနှိပ်ခံ)ဘက်က ရပ်တည်သည်ဟု အထင်ခံရသဖြင့် နဝတ နိုင်ငံခြားရေးဝန်ကြီးကို အင်တာဗျူး တောင်းလို့ မရဘူးဆိုကာ ဝမ်းနည်းပက်လက်ဖြစ်နေပုံရသော ကျနော်တို့လူများကို မြင်ခဲ့ရဖူးပါသည်။

ကျနော်ကတော့ ကျနော်တို့တပ်မှူးတွေကို ဒိုင်လူကြီး မဖြစ်စေချင်ပါ။ အဖိနှိပ်ခံဘက်က ရပ်ရတာကို ဂုဏ်ငယ်တယ်လို့ မခံစားစေလိုပါ။ လူထုဦးစိန်ဝင်းတို့၊ အိုးဝေဦးညိုမြတို့၊ ဂျာနယ်ကျော်ဦးချစ်မောင်တို့၊ အမေဒေါ်အမာတို့လို လူထုဘက်က ပြတ်ပြတ်ရပ်ခဲ့တဲ့ မီဒီယာသမားတွေ ဖြစ်စေချင်ခဲ့သူဖြစ်ပါသည်။
ဦးချစ်မောင်ဆိုလျှင် ဘယ် နိုင်ငံရေးပါတီ အဖွဲ့အစည်းကိုမှ တရားဝင်မဝင်ခဲ့ပေမင့်
လူထုဘက်ကရပ်ခဲ့သော သတင်းစာဆရာတယောက်ဆိုသည့် ဂုဏ်ကိုမှူ တောင့်တခဲ့တဲ့သူဖြစ်ပါသည်။

လုပ်ကိုင်နေကြသူအချို့ကိုလည်း ကျနော်တို့ တွေ့ပါသည်။ အချို့ဆိုလျှင် ကျနော် တလေးတစားရှိပါသည်။ သို့သော် ကျနော် ယခုတင်ပြခဲ့သည်များမှာ ဝါးလုံးရှည်နှင့် ရမ်းလို၍ မဟုတ်ပါ။ အချို့သောငါးခုံးမများကြောင့် တလှေလုံး မပုတ်စေလို၍ ဖြစ်ပါသည်။

ကျနော်ကတော့ ကျနော်တို့တပ်မှူးတွေကို ဒိုင်လူကြီး မဖြစ်စေချင်ပါ။ အဖိနှိပ်ခံဘက်က ရပ်ရတာကို ဂုဏ်ငယ်တယ်လို့ မခံစားစေလိုပါ။ လူထုဦးစိန်ဝင်းတို့၊ အိုးဝေဦးညိုမြတို့၊ ဂျာနယ်ကျော်ဦးချစ်မောင်တို့၊ အမေဒေါ်အမာတို့လို လူထုဘက်က ပြတ်ပြတ်ရပ်ခဲ့တဲ့ မီဒီယာသမားတွေ ဖြစ်စေချင်ခဲ့သူဖြစ်ပါသည်။ ဦးချစ်မောင်ဆိုလျှင် ဘယ်နိုင်ငံရေးပါတီ အဖွဲ့အစည်းကိုမှ တရားဝင်မဝင်ခဲ့ပေမင့် လူထုဘက်ကရပ်ခဲ့သော သတင်းစာဆရာတယောက်ဆိုသည့် ဂုဏ်ကိုမှူ တောင့်တခဲ့တဲ့သူဖြစ်ပါသည်။

မြန်မာပြည် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် နိုင်ငံအချို့က ငွေကြေးအရ၊ ရုပ်ဝတ္ထုအရ အကူအညီအချို့ ပေးပါသည်။ ထိုခေါင်းစဉ်အောက်၊ ထိုရည်ရွယ်ချက်အောက်တွင် ရှိနေသူများမှာ ကျနော်တို့နှင့် တလှေထဲစီး တခရီးထဲသွားကြသူများဟု ကျနော်တို့က ရိုးရိုးသားသား ယုံကြည်ပါသည်။ ကျနော်တို့ ရဲဘော်ရဲဘက်များဟုလည်း သုံးစွဲလိုပါသည်။ ထို့ကြောင့်ပင် အချို့အင်အားစုများကို ကျနော်တို့ မီဒီယာဟု ဆိုလိုရခြင်းဖြစ်ပါသည်။ ဒီအဆိုကို သီအိုရီအရ သုံးစွဲတင်ပြခြင်း မဟုတ်ပါ။ လတ်တလောအခြေအနေအောက်မှ ကျနော်တို့ ပြည်သူလူထုအကျိုးစီးပွားကို ချဉ်းကပ်သုံးစွဲခြင်းသာ ဖြစ်ပါသည်။ အားလုံးကိုယ်စီမှာ မိမိနှစ်သက်ရာ သင့်တော်သော နည်းလမ်းပေါင်းစုံ၊ နည်းနာပေါင်းစုံကို ကျင့်သုံးနိုင်ခွင့် ရှိကြပါသည်။ သို့သော် မည်သည့်နည်းနာကမျှ သေနင်္ဂဗျူဟာကို သစ္စာမဖောက်သင့်ပါ။

တတ်နိုင်သလောက် ချုပ်၍ ဖော်ပြပါမည်။ ရန်သူက မီဒီယာတင်းပုတ်ကြီးနှင့် လူထုကို မညှာမတာ ထုပါသည်။ ကျနော်တို့က မဆိုစလောက်သော မီဒီယာ သွားကြားထိုးတံကလေးဖြင့် ပြန်တွန်းလှန်နေရသော အခြေအနေဖြစ်ပါသည်။ သွားကြားထိုးတံလေးမှာမှ ယိုင်နဲ့နဲ့ဖြစ်နေရလျှင် ကျနော်တို့ ဘယ်တော့မှ နာလံထူကြတော့မှာ မဟုတ်ပါ။ ကျနော့်အနေဖြင့် ဘယ်သူဘယ်ဝါ ပုဂ္ဂိုလ်ရေးရာ ပြောဆိုရန် ဆန္ဒလုံးဝမရှိပါ။ မူသဘောများကိုသာ အဓိကပြောလိုပါသည်။ ကျနော်တို့ အယူအဆက ဒီမိုကရေစီတော်လှန်ရေးခရီးစဉ်အောက်မှာ မီဒီယာသမားတိုင်းက အဖိနှိပ်ခံလူထုဘက်ကသာ ပြတ်ပြတ်သားသား ရပ်စေချင်ပါသည်။ ဒီမိုကရေစီဆန့်ကျင်သူနှင့် ဒီမိုကရေစီလိုလားသူတို့၏ ပဋိပက္ခ ပိုများလာလေလေ မီဒီယာ၏ အရေးပါမှုက ပိုလာလေလေဖြစ်မှာ သေချာပါသည်။ ဒီဆောင်းပါးကို ရေးသားရသည်မှာလည်း ကျနော်တို့လူတွေကို ပိုမိုဦးတည်၍ မေတ္တာရပ်ခံသည့်သဘောဖြစ်ပါသည်။ မကသောအရပ်များ ကြိုးရှုပ်နေသည်ကိုတော့ ကျနော်တို့ တားနိုင်မည် မဟုတ်ပါ။ မီဒီယာသည် ပြည်သူ့အတွက် ဖြစ်စေလိုသော စေတနာဖြင့် ဤစာကိုရေးရပါသည်။

❖

## မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ကုန်ကူးနေမှုများ တားဆီးပေးရန် ထိုင်းအစိုးရက နအဖထံ စာရေးတောင်းဆို

ဩဂုတ်၊ (၂၃)ရက်။

မူးယစ်ဆေးဝါး ထုတ်လုပ်နေခြင်းနှင့် မှောင်ခိုတင်သွင်းနေမှုများအား တားဆီးပေးရန် နအဖစစ်အစိုးရအနေဖြင့် ပိုမိုဆောင်ရွက်သွားစေလိုကြောင်း တောင်းဆိုစာကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက နအဖ စစ်အုပ်စုထံ ပေးပို့ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အဓိကထား ဆောင်ရွက်နေသည့်အတွက် ထိုင်းနိုင်ငံ၏ စိုးရိမ်ပူပန်မှုကို နအဖအစိုးရအား သိရှိစေလိုကြောင်း၊ စစ်အစိုးရအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများ ရှာရန် အလေးထားတိုက်တွန်းထားကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာ ဆီယာဆတ်က ပြောကြားခဲ့သည်။

ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဝင် ဆီးနိတ်လွှတ်တော်အမတ် ပရာဆတ်ချူဟာဘန်ကလည်း 'ထိုင်းနိုင်ငံတွင် ဖြစ်ပွားနေသည့် မူးယစ်ဆေးဝါးပြဿနာ၏ အရင်းအမြစ်သည် မြန်မာနိုင်ငံက ဖြစ်ကြောင်း' ထိုင်းစစ်တပ်က ဖမ်းဆီးမိခဲ့သည့် စိတ်ကြွဆေးပြား (၁)သန်းကိစ္စကို ရည်ညွှန်း၍ ဗုဒ္ဓဟူးနေ့က ပြောဆိုခဲ့သည်။

၎င်းက "ဒီပြဿနာဟာ အနာဂတ်မှာ ပိုမိုဆိုးဝါးလာနိုင်တယ်"ဟု ပြောကြားခဲ့ပြီး နအဖ သည် မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို လျစ်လျူရှုထားပုံ ရသည်ဟုဆိုသည်။ ထိုင်းမြန်မာဆက်ဆံရေးသည် ရင်းနှီးမှုရှိနေသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် လျော့ကျသွားခြင်း မရှိဟု ၎င်းက ဆက်လက်ပြောဆိုခဲ့ပြီး စစ်အစိုးရ၏ ဝင်ငွေသည် မူးယစ်ဆေးဝါးအပေါ် ပိုမိုအားထားနေရလိမ့်မည်ဟု ထင်မြင်ပါကြောင်း မစ္စတာ ချူဟာဘန်က ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်က ဗုဒ္ဓဟူးနေ့က ထိုင်းမြန်မာနယ်စပ်တွင် ဖြစ်ပွားခဲ့သည့် မူးယစ်ဆေးမှောင်ခိုတင်သွင်းသူများနှင့် ထိုင်းနယ်ခြားစောင့်တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မကြာမီမှာပင် မူးယစ်ဆေးကုန်ကူးသူများအား သုတ်သင်ပစ်ရန် ထိုင်းစစ်တပ်ကို အမိန့်ပေးခဲ့သည်။ ❖

## ဦးနေဝင်း၏သားမက်နှင့်သားများသေဒဏ်အယူခံ ပယ်ချခြင်းခံရ တရားစီရင်ရေးအာဏာကို အာဏာတည်မြဲရေးအတွက် နအဖ အသုံးချနေ

ဩဂုတ်၊ (၁၅)ရက်။

နိုင်ငံတော်ပုန်ကန်မှုနှင့် သေဒဏ်ချမှတ်ခြင်း ခံထားရသည့် ကွယ်လွန်သူ အာဏာရှင်ဟောင်း ဦးနေဝင်း၏ သားမက်နှင့် မြေးသုံးဦးတို့၏ အယူခံလွှာကို ပြီးခဲ့သည့် တနင်္လာနေ့က ဗဟိုတရားရုံးချုပ် တရားသူကြီးများက ပယ်ချလိုက်ကြောင်း သိရသည်။

၁၉၆၂ ခု မတ်လ စစ်အာဏာသိမ်းပွဲမှ ၁၉၈၈ ခုအထိ တိုင်းပြည်ကို အာဏာစက်အလွန်အကျွံသုံး၍ အုပ်ချုပ်ခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း နေဝင်း၏ သားမက်ဖြစ်သူ ဦးအေးဇော်ဝင်း၊ မြေးများဖြစ်သူ အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ (၄)ဦးအား နိုင်ငံတော်ပုန်ကန်မှု၊ လက်ရှိစစ်အုပ်စုကို ဖြုတ်ချရန် ကြံစည်မှုတို့အတွက် လွန်ခဲ့သည့်နှစ် မေလ(၇)ရက်နေ့က ဖမ်းဆီးခဲ့ပြီး စက်တင်ဘာလတွင် ကြိုးမိန့် စီရင်ချက် ချခဲ့သည်။ အဆိုပါစီရင်ချက်ကို တရားခံများက အဆင့်ဆင့် အယူခံဝင်ခဲ့ရာ နောက်ဆုံး၌ ဗဟိုတရားရုံးချုပ်သို့ ရောက်ရှိလာပြီး တရားသူကြီးများဖြစ်ကြသည့် ဦးချစ်လွင်နှင့် ဦးခင်မောင်အေးတို့က ထိုအယူခံလွှာကို ပယ်ချခဲ့ခြင်း ဖြစ်သည်။


မြန်မာပြည်ကို ဆင်းရဲတွင်းထဲ ပို့ဆောင်ခဲ့သူ ဦးနေဝင်း၏ သားမက်နှင့် မြေး(၃)ဦး

တရားခံများအနေဖြင့် တရားဥပဒေကြောင်းအရ ဆက်လက်ခုခံခွင့် မရှိတော့သော်လည်း နောက်ဆုံးအခွင့်အရေးအဖြစ် သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ အယူခံဝင်ဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် နေအိမ်အကျယ်ချုပ် ချထားခြင်းခံနေရဆဲဖြစ်သည့် ဦးနေဝင်း၏ သမီးဖြစ်သူ ဒေါ်စန္ဒာဝင်းအပေါ် ယခုအချိန်အထိ တရားစွဲဆိုခြင်း မရှိသေးကြောင်း သိရသည်။ ထိုအမှုနှင့်ပတ်သက်၍ ဥပဒေပညာရှင်များက ဝေဖန်သုံးသပ်ကြရာတွင် စစ်အုပ်စုသည် တရားစီရင်ရေး အာဏာတရပ်လုံးကို အာဏာတည်မြဲရေးအတွက် အသုံးချနေကြောင်း ရှုမြင်ခဲ့ကြသည်။ ❖

## ထိုင်းနိုင်ငံအတွင်း မူးယစ်ဆေးဝါး မှောင်ခိုသူများအား သုတ်သင်ပစ်ရန် ထိုင်းဝန်ကြီးချုပ် အမိန့်ထုတ်


ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်ထရာ

ဩဂုတ်၊ (၂၀)ရက်။

ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်က ထိုင်းနိုင်ငံအတွင်း မူးယစ်ဆေး မှောင်ခိုတင်သွင်းလာသည့် မြန်မာမူးယစ်ဆေး မှောင်ခိုသူများအား သုတ်သင်ပစ်ရန် ထိုင်းစစ်တပ်ကို အမိန့်ပေးလိုက်သည်။

ယနေ့နံနက်ပိုင်းက ထိုင်းမြန်မာနယ်စပ် ချင်းမိုင်ခရိုင်အတွင်း မြန်မာဘက်ခြမ်းမှ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းလာသူ လက်နက်ကိုင်အင်အား(၂၀)နှင့် ထိုင်းနယ်ခြားစောင့်တပ်ဖွဲ့တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့အပြီး နာရီပိုင်းအကြာတွင် အဆိုပါအမိန့်ကို ထိုင်းဝန်ကြီးချုပ်က ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

တိုက်ပွဲအတွင်း မူးယစ်ဆေးဝါး သယ်ဆောင်လာသူ (၈)ဦးကို စိတ်ကြွဆေးပြား (၅)သိန်း၊ အေကေမောင်းပြန်ရိုင်ဖယ်သေနတ် (၅)လက်၊ လက်ပစ်ဗုံး(၁၁)လုံးတို့နှင့်အတူ အသေဖမ်းဆီးမိခဲ့ပြီး (၁၁)ဦး ထွက်ပြေးလွတ်မြောက်သွားခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့ အကြီးအကဲက ဆိုသည်။

မူးယစ်ဆေးဝါး သယ်ဆောင်လာသူများမှာ နအဖစစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသည့် UWSA 'ဝ'လက်နက်ကိုင်များ ဖြစ်ကြောင်း အာဏာပိုင်တို့က ယုံကြည်ခဲ့ကြပြီး မူးယစ်ရာဇာ ဝေ့ရှုခမ်း၏ လက်အောက်ခံဂိုဏ်းမှဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ဝန်ကြီးချုပ်ထပ်ဆင်က "ထိုင်းနိုင်ငံထဲကို ကျူးကျော်ပြီး ထိုင်းလူငယ်တွေ ပျက်စီးအောင် မူးယစ်ဆေးဝါး လာရောက်တင်ပို့ရောင်းချတာကို လုံးဝလက်မခံနိုင်ဘူး"ဟု ပြောကြားသွားခဲ့သည်။ ❖

## အဖွဲ့ချုပ်မှ ထုတ်ပယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန် စာရေးတောင်းဆို

ဩဂုတ်၊ (၁၈)ရက်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ပယ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၀)တို့က ကြားဖြတ်အစိုးရ အမြန်ဆုံး ဖွဲ့စည်းပေးရန် အပါအဝင် အချက်(၇)ချက်ပါ အိတ်ဖွင့်ပေးစာတစောင်ကို နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့ကြောင်း သိရသည်။

ယခုလ(၇)ရက်နေ့ နေ့စွဲဖြင့် ပေးပို့ခဲ့သည့် အဆိုပါစာတွင် ကြားဖြတ်အစိုးရအဖွဲ့တွင် ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၊ တပ်မတော်အစိုးရက ရွေးချယ်ထားသည့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP)မှ နိုင်ငံရေးပါတီကိုယ်စားပြုကော်မတီများ၊ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သင့်ကြောင်း ဖော်ပြထားပြီး နိုင်ငံရေးပါတီများအားလုံး (CRPP)တွင် ပါဝင်ရန်၊ အပစ်အခတ်ရပ်စဲရေး မလုပ်ရသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများလည်း အဆိုပါ ကြားဖြတ်အစိုးရအဖွဲ့တွင် ပါဝင်ခွင့်ရရေးကိုလည်း တပ်မတော်နှင့် (CRPP) တို့ ပူးတွဲ ကြိုးစားပေးရန် လိုအပ်ကြောင်း တိုက်တွန်းထားသည်။

ဆက်လက်ဖော်ပြထားရာတွင် ကြားဖြတ်အစိုးရအနေဖြင့် တာဝန်(၃)ရပ်ကို လုပ်ဆောင်သင့်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရေး၊ (၁၅)နှစ်တာကာလအတွင်း တပ်မတော်အစိုးရက ကျူးလွန်ခဲ့သည့် ပြစ်မှုများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရေးနှင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အခြေခံသည့် လွှတ်တော်တရပ် ခေါ်ယူရေးတို့ ပါဝင်သည်။

နိုင်ငံရေးအကဲခတ်သူများက ထုတ်ပယ်ခံအမတ်များ၏စာတွင် ပါတီဆန့်ကျင်ရေးနှင့် ဒေါ်စုဆန့်ကျင်ရေးများကို ပြောဆိုထားခြင်း မရှိတော့ဘဲ၊ စစ်အစိုးရဆန့်ကျင်ရေး ပြောကြားလာသည်ကို တွေ့ရခြင်းမှာ ထူးခြားနေကြောင်း ကောက်ချက်ချခဲ့သည်။ သို့ရာတွင် အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် (၇၀)ကျော်တို့ လက်မှတ်ရေးထိုး တောင်းဆိုခဲ့ကြသလို ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးနှင့် မေ(၃၀)ဒီပဲယင်း လူသတ်ပွဲဖြစ်ရပ်အား စုံစမ်းပေးရန် တောင်းဆိုချက်များ မပါရှိသည်မှာ နားမလည်နိုင်စရာ ဖြစ်ရကြောင်း ဆိုခဲ့ကြသည်။

အထက်ပါ တောင်းဆိုစာကို ထုတ်ပယ်ခံ လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးတို့ ကိုယ်စား ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်အေးမြင့်၊ မင်္ဂလာဒုံ အမှတ်(၁) မဲဆန္ဒနယ်မှ ဦးကြည်မင်းနှင့် အမှတ် (၂) ကိုယ်စားလှယ် ဦးတင်ထွန်းမောင်၊ ဧရာဝတီတိုင်း ဒေးဒရဲ အမှတ်(၁)မှ ဦးသန်းထွန်း၊ ကျိုက်လတ်အမှတ်(၂)မှ ဦးတင်ဝင်းနှင့် ပဲခူးတိုင်း မိုးညိုအမှတ်(၂)မှ ဦးထွန်းရွှေတို့က ပေးပို့ခဲ့ကြခြင်းဖြစ်သည်။

ယခုလို အဖွဲ့ချုပ်မှ ထုတ်ပယ်ခြင်း ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုစာလွှာသည် ထိုင်းက အဆိုပြုထားသည့် Road Map ကိစ္စနှင့် အချိန်ကိုက် ထွက်ပေါ်လာသည့်အတွက် စာပါအကြံပြုချက်များအပေါ် စဉ်းစားဖွယ်ဖြစ်နေကြောင်း နိုင်ငံရေးအကဲခတ်တို့က ဆိုသည်။ ❖

## နအဖ စစ်အုပ်စုပေါ်ဒဏ်ခတ်ပိတ်ဆို့မှု တရုတ်အစိုးရ ဆန့်ကျင်

ဩဂုတ်၊ (၂၀)ရက်။

မြန်မာနိုင်ငံအတွင်းမှ အဖြစ်အပျက်များသည် ပြည်တွင်းရေးသက်သက်သာဖြစ်သဖြင့် နိုင်ငံတကာက ပိတ်ဆို့ဒဏ်ခတ် အရေးယူထားမှုများကို တရုတ်အစိုးရက သဘောမတူနိုင်ကြောင်း တရုတ်ထိပ်တန်း ခေါင်းဆောင်တဦးက ပြစ်တင်ပြောဆိုလိုက်သည်။

တရုတ်နိုင်ငံသို့ (၆)ရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိနေသည့် နအဖ စစ်အုပ်စု၏ ဒုတိယအကြီးအကဲ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံ၏ တတိယအကြီးအကဲဖြစ်သူ မစ္စတာ တန်ဇီယွန်းက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆက်လက်၍ မြန်မာပြည်သူများသည် အသိဉာဏ်ထက်မြက်သူများဖြစ်ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုလုပ်ကိုင်နိုင်သူများဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

သို့ရာတွင် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ရန်အတွက် တရုတ်တို့က သိမ်မွေ့နည်းအရ တိုက်တွန်းခဲ့သည်ဟု ဆိုသည်။ တရုတ်အစိုးရသည် မြန်မာ့နိုင်ငံရေးတွင် ဝင်ရောက်မစွက်ဖက်လိုကြောင်း ပြောဆိုနေသော်လည်း ထိုင်းနိုင်ငံက အဆိုပြုထားသည့် Road Map ခေါ် နိုင်ငံရေးလမ်းပြမြေပုံကိစ္စကို ထိုင်းတို့နှင့် ညှိနှိုင်းဆွေးနွေးပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် နအဖစစ်အုပ်စုအပေါ် ဖိအားပေးရန် နိုင်ငံတကာ၏ ကမ်းလှမ်းမှုကို ယနေ့အထိ ငြင်းဆန်နေပြီး မြန်မာနိုင်ငံကို အထီးကျန်ဖြစ်စေရန် ဝိုင်းပယ်သည့် လုပ်ရပ်များအား ဆန့်ကျင်ခဲ့သည်။

တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ဇီယွန်းက ဗိုလ်ချုပ်မောင်အေးနှင့် ပီကင်း၌ တွေ့ဆုံစဉ် မြန်မာနိုင်ငံကို နိုင်ငံတကာအခန်းကဏ္ဍများတွင် ဖယ်ထုတ်ထားသည့် မည်သည့်လုပ်ရပ်မဆို ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် လက်ထောက်ဥက္ကဋ္ဌ ဝမ်ဟောင်ဆင်းကလည်း တရုတ် မြန်မာ နှစ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် ရေရှည်ရပ်တည်လာခဲ့သလို ရှေ့ဆက်၍လည်း နှစ်နိုင်ငံ ဆက်ဆံရေး ပိုမို တိုးတက်ကောင်းမွန်လာရန် တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည်။ ❖



ယခင်လမှအဆက်

ထို့နောက် ပါတီသည် တဘက်မှလည်း ဂန္ထဝင်ကြေညာစာတမ်းထောက်ခံရေးနှင့် လွှတ်တော် အမြန်ခေါ်ယူရေးတိုက်ပွဲများကို အခြားပါတီအဖွဲ့အစည်းများ၊ ကျောင်းသားများ၊ သံဃာတော်များဖြင့် တိုက်ပွဲဖော်ထုတ်သည်။ တဘက်မှလည်း တာဝန်ပေးကာ တောတွင်းနှင့် ဆက်သွယ်ရေးလုပ်ကာ အလံပြောင်းရွှေ့ရေး ကြိုးပမ်းသည်။ အလံပြောင်းရွှေ့ရေး ဆက်သွယ်ရေးတာဝန် ပေးအပ်လိုက်သည့် တသုတ်သည် မာနယ်ပလောသို့ ရောက်ရှိလေသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးကို လွှတ်ကာ အလံပြောင်းရွှေ့စိုက်ထူရေးကို ပြင်ဆင်လေသည်။

ယခုနှစ်အောက်တိုဘာ (၁၆)ရက်နေ့၌ ဥက္ကဋ္ဌ ကိုမြင့်ဇော် ရှောင်တိမ်းလာနိုင်ခဲ့သည်။ အောက်တိုဘာ(၂၅)ရက်နေ့၌ သူတို့ မာနယ်ပလောသို့ ရောက်လာကြလေသည်။ ယခုရောက်ရှိလာသူများမှာ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ ဗဟိုကော်မတီဝင် (၄) ဦးဖြစ်သည်။ တိုင်းခေါင်းဆောင်များမှာ ရန်ကုန်တိုင်းမှတဦး၊ ပဲခူးတိုင်းမှတဦး၊ စစ်ကိုင်းတိုင်းမှ နှစ်ဦးနှင့် မန္တလေးတိုင်းမှ နှစ်ဦးဖြစ်၏။ မန္တလေးတိုင်းမှ တဦးသည် လူ့ဘောင်သစ်ခေါင်းဆောင်လည်းဖြစ်လျက် (ဗလသ) ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်သမဂ္ဂများအဖွဲ့ချုပ် (အထက်ဗမာပြည်) ဥက္ကဋ္ဌလည်းဖြစ်သူ မင်းမင်းဦးဖြစ်သည်။

ဥက္ကဋ္ဌတို့ အလံပြောင်းရွှေ့မှုဟာ ပါတီတရပ်လုံး လက္ခဏာဆောင်ပါသလား၊ ဆိုလိုတာက အောက်ခြေထုတခုလုံး သိပါသလားဟု စာရေးသူက မေးသည်။

ဤမေးခွန်းကို စာရေးသူက အရေးကြီးသည်ဟု မြင်သည်။ လူ့ဘောင်သစ်အနာဂတ်ကို မှန်းဆကြည့်နိုင်ရန် အခြေခံကျပါသည်။

ဥက္ကဋ္ဌက ဖြေသည်။

သိတယ်၊ ဘာကြောင့်လဲဆိုတော့ လူ့ဘောင်သစ်ဟာ ပါတီ၊ ပါတီဖွဲ့တာဟာ နည်းပရိယာယ်အရသာ ဖြစ်တယ်ဆိုတာ ပါတီဝင်ထုတရပ်လုံး အမြဲတမ်း သဘောပေါက်နေအောင် အဲဒီသဘောဆောင်တဲ့ ထုတ်ပြန်ကြေညာချက်တွေ ပါတီက လုပ်နေခဲ့လို့ပါ။

ဒုတိယအချက်ကတော့ နှစ်ဆယ့်တဦးထဲမှာ ခြောက်ဦးနုတ်ထွက်၊ ဒုဥက္ကဋ္ဌပါတဲ့ သုံးဦးအဖမ်းခံနေရတယ်။ နှစ်ဦးက ပျောက်ဆုံးနေတယ်၊ ရန်သူဖမ်းထားတယ်ဆိုတဲ့ သတင်း ရထားတယ်။ ထောင်ထဲမှာလဲ မရှိဘူး။ ရန်သူသတ်ပစ်တာ ဖြစ်နိုင်တယ်လို့ ထင်တယ်။

နှစ်ယောက်ကတော့ တိမ်းရှောင်နေတယ်၊ သူတို့နဲ့ ကျနော်တို့ ခုရက်ပိုင်းမှာပဲ ပြန်ဆုံမိတော့မယ်။ နှစ်ယောက်ကတော့ မန္တလေးမှာ အကျယ်ချုပ်ကျနေတယ်။ ရန်ကုန် ဗဟိုမှာ မရှိဘူး။ ဒါကြောင့် ဗဟိုခေါင်းဆောင်ဆိုလို့ ဗဟိုမှာ တယောက်မှ မရှိတော့ဘူး၊ ခုကျနော်တို့ ဒီကိုရွှေ့လာတာ ပါတီဗဟိုတခုလုံးပဲ။

နောက်တခုက လွန်ခဲ့တဲ့ ခြောက်လလောက်ကတဲက မြို့နယ်အဆင့်ထိ ပါတီဆိုင်းဘုတ်တွေကို ဖြုတ်ချချင်ရင် ချခွင့်ပြုထားခဲ့တယ်။

ပါတီထုတရပ်လုံးဟာ ပါတီ စပြီးတည်ထောင်ကတည်းက နည်းပရိယာယ်အရ ပါတီတည်ထောင်တာဆိုတာ ရှင်းရှင်းလင်းလင်း သိနေကြပါတယ်ဟု ဥက္ကဋ္ဌက ရှင်းပြလေသည်။

## (၃)

**ပုံဖော်ကောက်ကြောင်း မေးခွန်းလေးရပ်**

လူ့ဘောင်သစ်နှင့် တွေ့ဆုံသည့် နှစ်ရက်မှာ ဆက်ရက် မဟုတ်ပေ။ စာရေးသူက မေးမည့်မေးခွန်းလေးရပ်ကို ကြိုတင်၍ တင်ပြထားနှင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုမေးခွန်းလေးရပ်သည် လူ့ဘောင်သစ်ပါတီ၏ အနာဂတ်လမ်းကြောင်းအား ပုံကြမ်းခြစ်ခြင်းလည်း ဖြစ်နေ၍ ဖြစ်ပါသည်။ ကြားထဲ လေးရက်ခြားပြီး ပြန်တွေ့ဆုံဖြစ်သည်။

ပထမ ဤမေးခွန်းဖြင့် လူ့ဘောင်သစ်ပါတီ၏ ဥပဒေတွင်းမှ ပုံရိပ်ကို ဖော်ကြည့်လေသည်။

လူ့ဘောင်သစ်ပါတီ တည်ထောင်ခဲ့တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ....

''ကျနော်တို့ ရည်ရွယ်ချက်သုံးရပ် ဖော်ထုတ်တင်ပြခဲ့ပါတယ်။

၁။ မြန်မာပြည်မှာ စစ်မှန်တဲ့ ဒီမိုကရေစီ ထွန်းကားရေး၊

၂။ အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းရေး၊

၃။ တပ်ပေါင်းစုကြီးတရပ် ပေါ်ထွန်းရေး၊ အာဏာ၊ ဒီအာဏာသုံးရပ် ပါဝင်ပါတယ်။ ဒီအာဏာသုံးရပ်ဟာ ဘယ်သူက အသိမှတ်ပြုတာ မပြုတာနဲ့ မဆိုင်ဘူး။ အမျိုးသားအခွင့်အရေးအဖြစ် တည်ရှိပြီးသားဖြစ်နေပါတယ်။ ဒါကို ဖြေဆိုနေရတယ်ဆိုတာ ကိုယ်၌က အားနာစရာဖြစ်နေပြီတောင် ခံစားမိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုမူနဲ့ ပတ်သက်၍တော့ အဲဒီကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေအပေါ် အခြေခံတဲ့ ပြည်နယ်တွေ ဘယ်လိုပေါင်းစုမလဲဆိုတဲ့ ပြဿနာလို့ ကျနော်တို့

သူရိယသာရ

နားလည်ပါတယ်။ ပြည်နယ်အစိုးရတွေနဲ့ ဗဟိုအစိုးရကြား အာဏာဘယ်လိုခွဲဝေမလဲ၊ ဘယ်လိုပြန်လည် စည်းရုံးဖွဲ့စည်းမလဲဆိုတဲ့ ပြဿနာပါ။ ဒါနဲ့ပတ်သက်၍ အခု ဒီအေဘီရဲ့ ဖက်ဒရယ်ပြည်ထောင်စုမူကို အခြေခံအားဖြင့် ကျနော်တို့ သဘောတူပါတယ်''

တတိယမေးခွန်းမှာမူ လူ့ဘောင်သစ်ပါတီတရပ်တည်းအတွက်သာ ဦးတည်ချက် မဟုတ်တော့။ မြန်မာပြည်တပြည်လုံးရှိ ဥပဒေတွင်းပါတီများ၏ ဘဝနှင့် အတွေးအခေါ်များအခြေအနေကိုပါ စမ်းသပ် ကြည့်ရှုခြင်းလည်း ဖြစ်ပါသည်။

ခွင့် မရှိတော့ဘူး။ ပါတီရဲ့ ရန်ပုံငွေ ရောင်းချပွဲတွေ ပယ်တယ်။ ဖက်ဆစ်တွေ အတင်းအကျပ်မေးနေတဲ့ မေးခွန်းတွေကို မဖြေမနေရ ဖြေနေရတယ်။ လှုပ်ကနဲ၊ လန့်ကနဲဆိုရင် ဖမ်းတာပဲ။ အခုအထိ အဖမ်းခံနေရတဲ့ ပါတီဝင် ထောင့်ငါးရာကျော်ပြီ။

ကျနော်တို့ဟာ ဟိုမှာ နေနေတာကိုက ပြည်သူတွေအပေါ် သစ္စာစောင့်သိရာ မရောက်တော့ဘူးလို့ ခံစားလာရတယ်။ မြန်မာပြည် တော်လှန်ရေးဟာ ဥပဒေအတွင်းမှာ လုံးဝ လုပ်မရတော့ဘူး။ လက်နက်ကိုင်နည်းတခုပဲ ရှိတော့တယ်။ ဒါကို မသိလို့ မရဘူး''

ဤစတုတ္ထမေးခွန်းသည် ပါတီလမ်းကြောင်းကြီးတခုလုံးအား ချမှတ်ရာ၌ သေနင်္ဂဗျူဟာကျသော၊ အချက်အခြာကျသော မေးခွန်းကြီးဖြစ်နေပါသည်။

ရန်သူရဲ့ လက္ခဏာသတ်မှတ်တာနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်။ ရန်သူကို ဘယ်လိုမြင်ပါသလဲ။

''ဖက်ဆစ်လို့ မြင်ပါတယ်။''

ဥက္ကဋ္ဌခင်ဗျား၊ ရန်သူကို ဖက်ဆစ်လို့ လက္ခဏာသဘောအရ သတ်မှတ်လိုက်ရင် ချေမှုန်းပစ်ရေးတခုထဲပဲရှိတယ်လို့ နိုင်ငံရေးပညာရှင်ကြီးတွေက ကောက်ချက်ချကြပါတယ်။ ဥပမာ ဒုတိယကမ္ဘာစစ်မှာဆိုရင် ရန်သူကြီးတွေဖြစ်နေကြတဲ့ နယ်ချဲ့စနစ်နဲ့ ကွန်မြူနစ်စနစ်ဟာ ရန်ဖြစ်နေတာ ခဏရပ်

> သူတို့ပါတီ၏ အမည်ကား လူ့ဘောင်သစ်ဟု ထူးခြားချက်ပါရှိနေသည်။
> ထို့ကြောင့် ကျနော့်အတွက်ကား မေးခွန်းတခုတည်း ကြွင်းကျန်နေရစ်ခဲ့၍ သူတို့အဖြေများကမူ
> ပြည့်စုံသွားကြပြီးလား မဆိုနိုင်။ သမိုင်းကလည်း လက်တွေ့ထဲ၌ မေးရန် မေးခွန်းများစွာဖြင့်
> သူတို့ကို စောင့်ကြိုနေသည်။ သူတို့ ဖြေကြားရတော့မည်။

အဲဒီ(၃)ရပ်ကို ဖော်ထုတ်တင်ပြခဲ့ပါတယ်။''

ဒုတိယမေးခွန်းဖြင့် ပုံကြမ်းဖော်ယူကြည့်ပါသည်။

ဒီဘက်မှာ လွတ်မြောက်ဒေသမှာ စိုက်ထူထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် လူ့ဘောင်သစ်အနေနဲ့ ဘယ်လိုခံယူပါသလဲ....

အတွင်းရေးမှူးက ဖြေသည်။

''အမျိုးသားတိုင်းရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟာ အမျိုးသားတိုင်းရဲ့ မွေးရာပါ အခွင့်အရေးဖြစ်ပါတယ်။ အတိအကျဖြေရရင် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟာ အုပ်ချုပ်မှုအာဏာ၊ ဥပဒေပြုအာဏာနဲ့ တရားစီရင်မှု

လူ့ဘောင်သစ်ပါတီဟာ ဒီကိုရွှေ့မလာဘဲ ဥပဒေအတွင်းမှာ နေလို့မရဘူးလား....

''မရပါဘူး''

ဘာကြောင့်မရတာလဲ....

''အကျဉ်းချုပ်ပြောရရင် ဟိုမှာနေရင် ၁/၉၀ ကို ထောက်ခံ၊ သူတို့လုပ်တဲ့ အမျိုးသားညီလာခံ နေရှယ်နယ် ကွန်ဗင်းရှင်းကို တက်။ အဲဒီမှာ သူတို့ရေးဆွဲမယ့် အခြေခံဥပဒေကို ခေါင်းညိတ်ရမှာပဲ။ ဒါမလုပ်လို့ မရဘူး။ ဒါလုပ်တာဟာ ပြည်သူတွေအပေါ် သစ္စာစောင့်သိရာ ကျပ့်မလား။

အခြားအကြောင်းတွေအများကြီးထဲမှာ .... ဥပမာဆို ပါတီရဲ့ စာပေထုတ်ဝေခွင့် န/သ ကို ပိတ်ထားတယ်။ ဘာမှ ဝါဒဖြန့်ချိ

ထားပြီး၊ မဟာမိတ်ဖွဲ့ပြီး ဖက်ဆစ်ကို ချေမှုန်းပစ်ကြပါတယ်။ ဒါသမိုင်းပါပဲ။ ဖက်ဆစ်လို့ ပြောရာမှာ ဟိုတကွက် ဒီတကွက် ကြည့်ပြီး ပြောတာ မဟုတ်ဘဲ တခုလုံးခြုံပြီး စနစ်အရ သုံးသပ်ပြီး ဖက်ဆစ်လို့ ပြောလိုက်ပြီဆိုလျှင် ချေမှုန်းပစ်ရေး သေနင်္ဂဗျူဟာက လွဲပြီး ဘာမှချလို့မရတော့ပါဘူး။ ဒါကြောင့် ရှင်းအောင် ထပ်ပြောစေချင်ပါတယ်။

''ဖက်ဆစ်လို့ မြင်ပါတယ်လို့ ကျနော် ထပ်ပြီး အတည်ပြုပြောပါမယ်။ ရန်သူဖက်ဆစ်တွေ ကျင့်သုံးနေတာ စစ်အာဏာရှင်စနစ်ဖြစ်ပါတယ်။ ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို ချေမှုန်းမပစ်သမျှ ပြည်သူတွေ မလွတ်မြောက်ပါဘူး။ ဖက်ဆစ်တွေရဲ့ စစ်တပ်ဖျူရိုကရက် အုပ်ချုပ်ရေးယန္တယားကိုပါ ချေမှုန်းဖျက်ဆီးသုတ်သင်ဖယ်ရှားပစ်ပြီးမှသာ ပြည်သူတွေဟာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို ဖော်ထုတ်နိုင်မယ်။

ဆက်ပြောရရင် စစ်မှန်တဲ့ ဒီမိုကရေစီရတဲ့အခါမှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လုပ်လို့ရပါမယ်။

ဆက်ပြောရရင် ပြည်သူတွေအချင်းချင်းအတွင်းမှာရှိနေတဲ့ ပဋိပက္ခတွေကို လက်နက်မကိုင်တဲ့နည်း၊ ညှိနှိုင်းဆွေးနွေးနည်းတွေနဲ့ ဖြေရှင်းပြီး ပြည်သူတွင်း ငြိမ်းချမ်းရေးရမှာပဲ။

ရန်သူဟာ ဖက်ဆစ်ဖြစ်တဲ့အတွက် ဖက်ဆစ်နဲ့ စေ့စပ်သူတွေဟာ ပြည်သူရဲ့ စိတ်ဆန္ဒတွေကို မျက်ကွယ်ပြုသွားသူတွေချည်းပါပဲ''

ဒုတိယတခေါက်တွေ့ဆုံခြင်းမှာ အထက်ပါမေးခွန်းလေးရပ်ဖြင့် အဆုံးသတ်သွားလေသည်။ သူတို့သည် စာပေကလပ်ဟု အသိအမှတ်ပြုထားရာ မယ်တုက္ကိချောင်းကွေ့ချိုးထဲရှိ အိမ်ပေါ်မှ နှုတ်ခွန်းဆက်ကာ ဆင်းသက်သွားလေသည်။

မယ်တုက္ကိစမ်းချောင်းရေကို ဖြတ်လျှက် တဖက်ရှိ ကမ်းသို့တက်သွားနေသည်။

အနာဂတ်ကို မျှော်လင့်ချက်ကြီးမားလှသည့် အသက်သုံးဆယ်မပြည့်တတ်သေးသည့် ထိုလူငယ်နှစ်ယောက်၏ ကျောပြင်သည် ပျောက်ကွယ်သွားလေပြီ။

စာရေးသူစိတ်ထဲ၌မူ သူတို့ အားရတက်ကြွစွာ ပြောသွားသည့်စကားများလည်း ရိုက်ခတ်ကျန်နေခဲ့၏။ မေးချိန်မတိုင်သေးသော မေးခွန်းတခုလည်း စိတ်ထဲ၌ ကြွင်းကျန်နေရစ်ခဲ့သေးသည်။

ဤမေးခွန်းကား နှင်းကြွင်းကျန်များ ပမာနှယ် စာရေးသူစိတ်၌ အုံ့ပျနေသည်။

သူတို့၏ပြောကြားချက်များထဲ၌ အဖန်တလဲလဲကြားနေရသည့် စကားမှာ စစ်မှန်သော ဒီမိုကရေစီဟူ၍ဖြစ်၏။ ဤအသုံးအနှုန်းမှာ ၁၉၈၈ နောက်ပိုင်း၌ ပါတီတိုင်း၊ အဖွဲ့အစည်းတိုင်း၊ လူတိုင်းပြောနေသည့် စကားဖြစ်သဖြင့် ယေဘုယျစကားဖြစ်၏။

သူတို့ပါတီ၏ အမည်ကား လူ့ဘောင်သစ်ဟု ထူးခြားချက်ပါရှိနေသည်။

ထို့ကြောင့် ကျနော့်အတွက်ကား မေးခွန်းတခုတည်း ကြွင်းကျန်နေရစ်ခဲ့၍ သူတို့အဖြေများကမူ ပြည့်စုံသွားကြပြီးလား မဆိုနိုင်။

သမိုင်းကလည်း လက်တွေ့ထဲ၌ မေးရန် မေးခွန်းများစွာဖြင့် သူတို့ကို စောင့်ကြိုနေသည်။ သူတို့ ဖြေကြားရတော့မည်။

ပါတီကို လက်နက်ကိုင်တော်လှန်ရေးနှင့် အံဝင်ခွင်ကျအောင် မည်သို့ ပြန်လည်တည်ဆောက်မည်နည်း။

မည်သည့် လမ်းညွှန်အတွေးအခေါ်နှင့် မည်သည့် သေနင်္ဂဗျူဟာလမ်းစဉ် ချမှတ်မည်နည်း။ မည်သည့်ပုံစံဖြင့် တော်လှန်ရေးတပ်မတော် တည်ဆောက်မည်နည်း။

လူ့ဘောင်သစ်ဟူသည့် အမည်နာမ၏ ခမ်းနားကြီးမားမှုကလည်း သူတို့ကို မေးခွန်းများစွာ မေးလာပေလိမ့်ဦးမည်။

ရန်ကုန်ဖက်ဆစ်နေပြည်တော်မှ သူတို့ အလံကိုကား မာနယ်ပလော တော်လှန်ရေးမြို့တော်သို့ သယ်ယူရွှေ့ပြောင်းလာခဲ့ပြီးလေပြီ။ ❖

# သတင်းတိုထွာ

## စစ်အုပ်စုအား တရုတ်အစိုးရက ချေးငွေ ဒေါ်လာ သန်း(၂၀၀)ခန့် ပေးအပ်

**ဩဂုတ်၊ (၁၆)ရက်။**

မန္တလေးမြို့ အရှေ့တောင်ဘက် မိုင် (၃၀)အကွာရှိ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း(၂၀၀)နှင့်ညီမျှသည့် နိုင်ငံခြားငွေကြေးပမာဏကို တရုတ်အစိုးရက နအဖအား ချေးရန် ဩဂုတ်လ(၁၅)ရက်နေ့က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ၎င်းရေအားလျှပ်စစ်စီမံကိန်းကို ပြီးခဲ့သည့်နှစ်က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မီဂါဝပ် (၇၅၀)အထိ ထုတ်လုပ်နိုင်မည်ဟု သိရသည်။ ❖

## လယ်သမားများ ထွက်ပြေးတိမ်းရှောင်နေရသောကြောင့် လယ်ယာလုပ်ငန်းများ ထိခိုက်နစ်နာနေ

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးကို ဖန်တီးခဲ့သည့် နအဖ စစ်အုပ်စုသည် ပြည်ပရန်ကာကွယ်ရေး အကြောင်းပြ၍ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းတွင် အရွယ်ရောက်သူ ယောကျ်ားလေးတိုင်းအား ပြည်သူ့စစ်သင်တန်း အတင်းအဓမ္မ တက်ရောက်ခိုင်းနေကြောင်း သိရသည်။

ထိုသို့ အဓမ္မလုပ်ဆောင်နေမှုများကြောင့် ဒေသခံလယ်သမားများမှာ လယ်ယာလုပ်ငန်းကို မလုပ်နိုင်ဘဲ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ထွက်ပြေးရောက်ရှိလာသည့် လယ်သမားတဦးက ‘‘သေနတ်မကိုင်ချင်၊ လယ်ပဲလုပ်ချင်သည်’’ဟု ၎င်း၏ ခံစားချက်ကို အသံလွှင့်ဌာနတခုနှင့် ဆက်သွယ်မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။ ❖

## သမတဟောင်း၏ နေအိမ် ဗိုလ်ချုပ်အသိုင်းအဝိုင်း၏ ဇိမ်ခံရာဖြစ်လာ

**ဩဂုတ်၊ (NCGUB)**

ရန်ကုန်မြို့ ဟာမစ်တစ်အနီးရှိ သမတဟောင်း စပ်ရွှေသိုက်၏နေအိမ်ကို ပြုပြင်၍ ရန်ကုန်မြို့တော်ဝန် ဦးကိုလေး၏ သမီးက အနှိပ်ခန်းဖွင့်ထားကြောင်း သိရသည်။ ထိုအနှိပ်ခန်းတွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများမှ အနှိပ်သမလေးများနှင့် မြန်မာအမျိုးသမီးများအား အချိန်ပြည့်ထားပြီး၊ တိုင်းတပါးသူလေးများနှင့် နှိပ်လိုက ဈေးတမျိုး၊ မြန်မာအမျိုးသမီးလေးများနှင့် နှိပ်လိုက ဈေးတမျိုး သတ်မှတ်ထားကြောင်း သိရသည်။ ထိုအနှိပ်ခန်းများတွင် နအဖ ဗိုလ်ချုပ်များ အပါအဝင် ၎င်းတို့ အသိုင်းအဝိုင်းများဖြင့် ညလုံးပေါက် စည်ကားနေသည်ကို တွေ့ရကြောင်း ရန်ကုန်မှ လာသည့် သတင်းများအရ သိရသည်။ ❖

## ဝန်ကြီးသမီး၏ တနေ့တာ သုံးစွဲငွေ ဗိုလ်ချုပ်ဈေးသူဈေးသားများ တုန်လှုပ်သွား

**ဩဂုတ်၊ (NCGUB)**

နအဖ အစိုးရအဖွဲ့ဝင် ဒုဝန်ကြီးသမီး (၇)တန်းကျောင်းသူလေးတဦးက ဈေးဝယ်ချိန် တနာရီခန့်အတွင်း ကျပ်ငွေ သုံးသိန်း သုံးစွဲသွားသဖြင့် ဗိုလ်ချုပ်ဈေးတခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြောင်း သိရသည်။

ယခုလဆန်းပိုင်းက သာသနာရေး ဒုဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၏သမီး (၇)တန်းကျောင်းသူလေးသည် သူငယ်ချင်းသုံးယောက်နှင့်အတူ ဗိုလ်ချုပ်ဈေးသို့ ဈေးဝယ်ထွက်လာရာ (၅၀၀)တန် ငွေစက္ကူ(၆)ထုပ် (ငွေသုံးသိန်း)ကို ကိုင်ဆောင်သုံးစွဲခဲ့ကြောင်း၊ ဈေးဝယ်ချိန် တနာရီခန့်အတွင်း သမီးဖြစ်သူက ငွေသုံးသိန်းကို သုံးစွဲနိုင်လျှင် ၎င်း၏မိဘများ မည်ရွေ့မည်မျှ ချမ်းသာမည်ကို ဗိုလ်ချုပ်ဈေးသူဈေးသားများက ခန့်မှန်းတွက်ချက်ပြီး အံ့ဩဘနန်း ဖြစ်သွားကြကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။ ❖

## ကော့သောင်မြို့ရှိ ကုန်စိမ်းသည်များ ဒုက္ခကြုံ

ကော့သောင်မြို့ရှိ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေကြသော ကုန်စိမ်းသည်များသည် နအဖ စစ်အာဏာပိုင်များ၏ အမိန့်အမျိုးမျိုးကြောင့် ယင်းတို့၏ ကုန်စိမ်းများကို တဘက်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံ ရနောင်းသို့ ကုန်များ မတင်ပို့နိုင်ဘဲ၊ မကြာခဏ လေလွင့်ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရကြောင်း ကုန်စိမ်းသည်တဦးမှ ရင်ဖွင့်ပြောပြသွားသည်ကို ကြားသိရသည်။ ❖

# လယ်မြေများသိမ်းယူခံရသည့် လယ်သမားများ ဒေါသ ကတိပျက်သည့် မယကအဖွဲ့ဝင် ဝိုင်းရိုက်ခံရ

**ဩဂုတ်။ (မဇ္ဈိမ)**

ရွေးကောက်ပွဲကာလအတွင်း တစည ကို မဲမပေးခဲ့သည့်အတွက် သိမ်းယူခံရသည့် လယ်မြေများအတွက် လူနေမြေကွက် ပြန်လည်မရသည့် လယ်သမားကြီးများက မယက အဖွဲ့ဝင်တဦးအား ဝိုင်းရိုက်သည့်ဖြစ်ရပ်တခု ရန်ကုန်တိုင်းအတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၁၉၇၉ ခုနှစ်က ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၂၂) ရွာမှ လယ်မြေဧက စုစုပေါင်း သုံးသောင်းကျော်ကို ဒဂုံမြို့သစ်တည်ဆောက်ရန်အတွက် စစ်အစိုးရက သိမ်းယူခဲ့သည်။ ထိုသို့ သိမ်းယူခဲ့ရာတွင် မြို့ရွာအိုးအိမ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်၊ တစညပါတီမှ ဗိုလ်ကြီးဟောင်းတင်ဝင်းနှင့် လှည်းကူးမြို့နယ် မဝတအဖွဲ့ဝင်များက ၁၉၉၀ ခု၊ မေလ၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် တစညပါတီကို မဲပေးပါက နစ်နာကြေးအဖြစ် လယ်သမား အိမ်ထောင်စုတစုလျှင် ပေ(၄၀×၆၀) လူနေမြေကွက်တကွက်စီ ပြန်လည်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်ဟု ဆိုသည်။

ထို့နောက်ပိုင်း ၁၉၉၃ ခုနှစ်တွင် လှည်းကူးမြို့နယ် မဝတက အဆိုပါကျေးရွာများတွင် စာရင်းထပ်မံကောက်ယူ၍ ရွေးကောက်ပွဲတွင် တစညကို မဲပေးခဲ့သည့် လယ်သမားအိမ်ထောင်စုများအား ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် မြေကွက်ချထားပေးခဲ့ပြီး မဲမပေးသူများကို မြေကွက် အစားထိုး ပြန်ပေးခဲ့ခြင်း မရှိခဲ့ပေ။

ထိုကိစ္စအပေါ် မကျေနပ်သည့် လယ်သမားများက ဩဂုတ်လ(၂)ရက်နေ့တွင် ဒဂုံမြောက်၊ အမှတ်(၂၇)ရပ်ကွက်နေ မြို့နယ် မယကအဖွဲ့ဝင် ဦးရဲကျော်ခိုင်ကို သွားရောက်တွေ့ဆုံ၍ လယ်မြေများသိမ်းယူစဉ်က ကတိအတိုင်း လူနေမြေကွက်များ အစားထိုး ပြန်ပေးရန် တောင်းဆိုခဲ့ကြရာ ၎င်းက ရွေးကောက်ပွဲတွင် တစညကို မဲမပေးသူများ၏ လယ်မြေများကို အစိုးရက သိမ်းလိုက်ပြီဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ထိုဖြေရှင်းချက်ကို မကျေနပ်သည့်အတွက် လယ်သမားများ ဒေါသထွက်ပြီး ၎င်းအား ဝိုင်းရိုက်ခဲ့ကြခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ လယ်သမားတဦး၏က ပြောပြခဲ့သည်။

မယကအဖွဲ့ဝင် ရဲကျော်ခိုင်ဆိုသူမှာ ရိုက်နှက်ခံရသည့်အတွက် မင်္ဂလာဒုံစစ်ဆေးရုံ အရေးပေါ်ဌာနတွင် တက်ရောက်ကုသမှုခံယူနေရပြီး ရိုက်နှက်သူလယ်သမား(၁၈)ဦးကို ခမရ(၁၀၈)အတွင်းရှိ ခရိုင်တရားရုံးတွင် နေ့ချင်းပြီး အမှုစစ်ဆေး၍ ထောင်ဒဏ်(၇)နှစ်စီ ချမှတ်ကာ မိသားစုဆွေမျိုးသားချင်းများနှင့် လုံးဝတွေ့ခွင့်မပေးဘဲ ထားကြောင်း ဖမ်းဆီးခြင်းခံနေရသူ မိသားစုများ၏ အဆိုအရ သိရသည်။ ❖



# ဒီပဲယင်းရာဇဝတ်မှုအပေါ် မကျေနပ်သည့် ရဲတပ်သား(၆)ဦး ထောင်ဒဏ်အပြစ်ပေးခံရ

**ဩဂုတ်၊ (ဒီဗွီဘီ)**

နအဖမှ ကျူးလွန်ခဲ့သော မေ(၃၀) ဒီပဲယင်းရာဇဝတ်မှုအကြောင်း မကျေမနပ် ပြောဆိုဆွေးနွေးခဲ့သည့် ရဲတပ်သား(၆)ဦးကို ကော့သောင်းမြို့နယ် ရဲမှူးကြီးက အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၁)နှစ်စီ အပြစ်ပေးလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လ(၁၃)ရက်နေ့က မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ် ခမောင်ကြီးရဲစခန်းမှ ရဲတပ်သားအချို့သည် အရက်မူးအောင် သောက်ပြီး ဒီပဲယင်းရာဇဝတ်မှုအပေါ် မကျေနပ်ကြောင်း ကျယ်ကျယ်လောင်လောင် ပြောဆိုခဲ့ကြသည်ဟု ဆိုသည်။ ထိုသို့ အော်ဟစ်ပြောဆိုနေကြသည်ကို ရဲအရာရှိများက လာရောက်သတိပေးဟန့်တားခဲ့သော်လည်း ၎င်းတို့က ဂရုမစိုက်ဘဲ ပြန်လည် တုံ့ပြန်ပြောဆိုခဲ့သောကြောင့် ၎င်းတို့အားလုံး ဖမ်းဆီးခံခဲ့ရကြောင်း ဒေသခံတို့က ဆိုသည်။

အဆိုပါအမှုကို ယခုလ(၉)ရက်နေ့က ရဲခုံရုံးတွင် အပြီးသတ်စစ်ဆေးခဲ့ပြီး ဖြစ်ရပ်တွင် ဦးဆောင်ပါဝင်ခဲ့သည့် ရဲတပ်သားများဖြစ်ကြသည့် ရဲအုပ်သိန်းဝင်း၊ ရဲတပ်ကြပ်ကြီး တင်ထွန်း၊ ရဲတပ်ကြပ် ခင်မောင်ဝင်း၊ ရဲတပ်သား ဇော်ဇော်အောင်နှင့် မင်းဇော်ဦးတို့(၆)ဦးအား ရဲတပ်ဖွဲ့မှ ရာသက်ပန် ထုတ်ပယ်၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်စီချမှတ်လိုက်ကြောင်း သိရသည်။ ယခုအခါ ၎င်းတို့အားလုံးကို ကော့သောင်မှ မြိတ်(ဘိတ်)အကျဉ်းထောင်သို့ ပို့ဆောင်ရန် စီစဉ်နေကြောင်းလည်း ဒေသခံတို့က ပြောပြကြသည်။

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီးနှင့် ပတ်သက်၍ စစ်တပ်နှင့် ရဲတပ်ဖွဲ့များအတွင်း မကျေမနပ် ပြောဆိုမှုများရှိနေကြောင်း သတင်းများထွက်ပေါ်နေသော်လည်း ယခုလို ထောင်ချအပြစ်ပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။ ❖

# ဝန်ထမ်းလယ်ယာစိုက်ပျိုးရေးစရိတ်အတွက် မြို့ခံလူထုထံမှ အဓမ္မငွေကောက်ခံ

**ဩဂုတ်၊ (၁၄)ရက်။**

စစ်ကိုင်းတိုင်း တမူးမြို့နယ်တွင် ဝန်ထမ်းလယ်ယာ စိုက်ပျိုးရေးစရိတ်အတွက် မြို့ခံလူထုထံမှ အဓမ္မကောက်ခံနေပြီး ဒေသအတွင်းရှိ လယ်သမားများကို အဓမ္မလုပ်အားခိုင်းစေနေကြောင်း သိရသည်။

တမူးမြို့နယ်အတွင်းရှိ ဝန်ထမ်းလယ်ယာ ဧက(၅၀)ကျော်စိုက်ပျိုးရေးအတွက် မြို့နယ်အတွင်းရှိနေအိမ်များမှ တအိမ်လျှင် (၈၅၀)ကျပ် လိုက်လံကောက်ခံနေပြီး တမူးမြို့စွန်ရှိ မြို့မရပ်ကွက်မှ လယ်သမားများက နှစ်စဉ် သွားရောက်စိုက်ပျိုးပေးနေရကြောင်း ဒေသခံတို့ အဆိုအရ သိရသည်။ အဆိုပါလယ်သမားများမှာ ကိုယ်တိုင်သွားရောက်စိုက်ပျိုးပေးနေရသော်လည်း စရိတ်ကောက်ခံငွေ ကင်းလွတ်ခွင့် မရရှိကြောင်း၊ ၎င်းတို့၏ လယ်ယာမြေသုံးဓာတ်မြေဩဇာကိုလည်း မယက က အပြင်ပေါက်ဈေးထက် မြင့်သည့်နှုန်းနှင့် အဓမ္မဝယ်ယူခိုင်းနေကြောင်း၊ ထို့ကြောင့် လယ်သမားများမှာ စိတ်မသက်မသာ ခံစားနေကြရသည်ဟု ဒေသခံတဦးက ထုတ်ဖော်ပြောဆိုသည်။

ထို့ပြင် တမူးအခွန်ဦးစီးဌာနကလည်း ယခင်နှစ်များကထက် အိမ်ခွန်နှစ်ဆတိုးကောက်ခံနေသည့်အတွက် တမူးမြို့ခံများ ကျေနပ်မှု မရှိကြကြောင်း သိရသည်။ ❖

# နိုင်ငံတကာဖိအားများ အာရုံပြောင်းရန် ‘ဝ’တပ်ဖွဲ့နှင့် ဆက်ဆံရေးတင်းမာနေသယောင် နအဖ ဖန်တီး

**ဩဂုတ်၊ (၁၃)ရက်။**

နိုင်ငံတကာဖိအားများအပေါ် အာရုံပြောင်းသည့်အနေဖြင့် အပစ်အခတ်ရပ်စဲထားသည့် ‘ဝ’တိုင်းရင်းသားလက်နက်ကိုင် (UWSA)တပ်ဖွဲ့များနှင့် ဆက်ဆံရေး တင်းမာနေသယောင် နအဖက ဖန်တီးနေကြောင်း ရှမ်းသတင်းအေဂျင်စီက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက နအဖ တပ်ဖွဲ့များသည် ရှမ်းပြည်အရှေ့မြောက်ပိုင်းရှိ (ရလလဖ)ခေါ် ပအိုဝ်းနီအဖွဲ့ ဘိန်းချက်စခန်းတခုနှင့် သိန္နီမြို့နယ်အနီးရှိ KIA နှင့် KDA အဖွဲ့ပိုင် ဘိန်းချက်စခန်းတခုကို ထူးထူးခြားခြား ဝင်ရောက်တိုက်ခဲ့ပြီးနောက်ပိုင်း ‘ဝ’တပ်ဖွဲ့ပိုင် ဘိန်းချက်စက်ရုံများကိုလည်း နအဖက အလားတူ ဝင်ရောက်တိုက်ခိုက်လာလိမ့်မည်ဟု ‘ဝ’တပ်ဖွဲ့များအကြား စိုးရိမ်ပူပန်မှု ဖြစ်ပေါ်နေကြောင်း ရှမ်းသတင်းအေဂျင်စီက ထုတ်ဖော်ပြောဆိုသည်။ ထို့ပြင် နအဖ စစ်အင်အား(၃)သောင်းခန့် ‘ဝ’ အပစ်အခတ်ရပ်ဒေသအတွင်း ထပ်မံရွှေ့ပြောင်းလာသောကြောင့် ပန်ဆန်းရှိ ‘ဝ’ တပ်ဖွဲ့ ဗဟိုဌာနချုပ်တွင် တလအတွင်း အရေးပေါ်အစည်းအဝေး (၂)ကြိမ်တိတိ ခေါ်ယူခဲ့သည်ကို သိရသည်ဟု ထိုသတင်းအေဂျင်စီက ဆိုသည်။

ယခုလို ဘိန်းချက်စခန်းများအား ဝင်ရောက်တိုက်ခိုက်ခြင်းသည် နအဖအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းနေကြောင်း ဝါဒဖြန့်ရန် ဟန်ပြလုပ်ဆောင်သည့် သဘောသာဖြစ်ပြီး နိုင်ငံတကာဖိအားများ အာရုံပြောင်းသွားစေရေးကို အဓိကထား လုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှမ်းသတင်းအေဂျင်စီ



ဗိုလ်ချုပ်ကြီးနှစ်ဦး အာဏာလွန်ဆွဲပွဲ ဘယ်သူအနိုင်ရမလဲ



ဝ တပ်ဖွဲ့ခေါင်းဆောင် ပေါက်ယူချန်း

ပြောခွင့်ရပုဂ္ဂိုလ်က ဒီဗွီဘီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ပြောကြားသွားသည်။

၎င်းက “ ‘ဝ’ဟာ အမေရိကန်ဘက်ကနေပြီးတော့မှ မူးယစ်ဆေးဝါးနဲ့သော်လည်းကောင်း၊ ဒီ အကြမ်းဖက်ဝါဒနဲ့သော်လည်းကောင်း စွပ်စွဲထားတဲ့အတွက်ကြောင့် ဒီဥစ္စာကို အသုံးချရင် အခုလို ဖိအားပေးတဲ့ဘက်ကနေ သူတို့မှာ လွတ်လိုလွတ်ငြား သူတို့ စီစဉ်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် သူတို့ဆုံးဖြတ်ချက် ရရှိတယ်လို့တော့ ကျနော်တို့ မကြားရပါဘူး။ ဒါပေမယ့် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ‘ဝ’တွေဘက်ကလည်း တော်တော်ကြီးကို စိတ်ပူပင်သောကရောက်တယ်လို့ ပြောပါတယ်။ တဘက်က သူတို့ပူပင်တာက သူတို့ကို အကာအကွယ်ပေးထားတာ အခုထိ ခင်ညွန့်ပဲရှိတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်လည်း ပြုတ်ကျတော့မလိုလို၊ နောက်ပြီးတော့မှလည်း သူတို့ကိုလည်း တိုက်တော့မလိုလို၊ အဲဒီမျိုးသတင်းကို သူတို့လည်း နားစွင့်နေကြတယ်။ စိတ်ပူပြီး နားစွင့်နေကြတယ်လို့ ပြောပါတယ်။ အဲ.... နောက်ဆုံးကျတော့ ဒီ(၉)ရက်နေ့မှာ ရှမ်းပြည် အရှေ့တောင်ပိုင်း၊ ထိုင်းနယ်စပ်တလျှောက်မှာရှိနေတဲ့ တပ်မှူးတွေဟာ အများအပြား ပန်ဆန်းဘက်ကို သူတို့အရေးပေါ် အစည်းအဝေးလုပ်မယ်ဆိုပြီးတော့ ထွက်သွားတယ် ပြောပါတယ်။ ဒီလိုမျိုး အရေးပေါ်အစည်းအဝေးတွေကို လုပ်တာ သူတို့က (၂)ခါရှိသွားပြီ။ ပထမတခါက ဒီ ဇူလိုင်လ(၇)ရက်နေ့က ဖြစ်ပါတယ်။ ဒီ အများအားဖြင့်ကတော့ ဘာအကြောင်း ဆွေးနွေးမယ်လို့ မသိရပေမယ့် အားလုံးက ခန့်မှန်းနေကြတာက နအဖကနေပြီးတော့မှ စစ်ပြင်လာမယ်ဆိုလို့ရှိရင် သူတို့က ဘယ်လိုလုပ်မလဲ။ ဒါကို သွားဆွေးနွေးကြတယ်လို့ ပြောပါတယ်”

ရှမ်းသတင်းအေဂျင်စီ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသွားခြင်းဖြစ်သည်။ ထို့ပြင် ဩဂုတ်(၁၄)ရက်နေ့ကလည်း အပစ်အခတ်ရပ် အဖွဲ့ခေါင်းဆောင်များအားလုံးနှင့် တွေ့ဆုံရန် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အစည်းအဝေးခေါ်ယူခဲ့ကြောင်း ထပ်မံ သိရှိခဲ့သည်။

အဆိုပါပုဂ္ဂိုလ်၏ ပြောဆိုချက်ကို ကိုးကား၍ ဩဂုတ်လ (၁၃)ရက်နေ့ထုတ် သည်နေးရှင်းသတင်းစာ၏ သတင်းတပုဒ်တွင် နိုင်ငံတကာဖိအားများ အာရုံပြောင်းစေရေးအတွက် နအဖက ‘ဝ’ တပ်ဖွဲ့ကို တိုက်ခိုက်ရန် ပြင်ဆင်နေကြောင်း ရေးသားထားပြီး နအဖအဖွဲ့အတွင်း အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို ထောက်ခံအားပေးနေသည့် ဗိုလ်ချုပ်ခင်ညွန့်နှင့် သဘောထားတင်းမာသူ နအဖ ဒုတိယအကြီးအကဲ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးအကြား စိတ်ဝမ်းကွဲမှုများ ရှိနေသောကြောင့် ‘ဝ’တပ်ဖွဲ့ကို တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။ ထိုသတင်းနှင့်ပတ်သက်၍ အမည်မဖော်လိုသူ နအဖအရာရှိတဦးက မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့ကြောင်း ရန်ကုန်အခြေစိုက် အေပီသတင်းက ဆိုသည်။ သို့ရာတွင် ‘ဝ’တပ်ဖွဲ့နှင့် နအဖအကြား ဆက်ဆံရေးအခြေအနေကိုမူ အဆိုပါ အရာရှိက ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။ ❖




## နအဖ အပြောင်းအလဲ ဗိုလ်ချုပ်ခင်ညွန့် ဝန်ကြီးချုပ်ဖြစ်လာ

**ဩဂုတ်၊ (၂၅)ရက်။**

ယနေ့ထုတ်ပြန်သည့် အမိန့်များအရ နအဖ စစ်အုပ်စုအတွင်း ရာထူးအပြောင်းအလဲများ ပြုလုပ်ခြင်းနှင့် တာဝန်မှ ရပ်စဲခြင်းများ ပြုလုပ်ခဲ့ရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

အမိန့်ကြေညာချက်များအရ နအဖ အစိုးရအဖွဲ့တွင် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝန်ကြီးချုပ်ဖြစ်လာပြီး ၎င်း၏နေရာတွင် ဒီပဲယင်းလုပ်ကြံမှုကြီးကို ကြိုးကိုင်ခဲ့သည့် အတွင်းရေးမှူး(၂) ဗိုလ်ချုပ်စိုးဝင်းအား တိုးမြှင့်ခန့်ထားလိုက်သည်။ အတွင်းရေးမှူး(၂)အဖြစ် နအဖအဖွဲ့ဝင် ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က ရောက်ရှိလာပြီး ဝါရင့်ဝန်ကြီးများ ဖြစ်ကြသည့် နအဖ ဥက္ကဌရုံးဝန်ကြီး ဗိုလ်မှူးချုပ်အေးဘယ်လ်၊ ဒုဗိုလ်ချုပ်ကြီး မင်းသိန်းနှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး သန်းအောင်၊ သမဝါယမဝန်ကြီး ဒုဗိုလ်ချုပ်ကြီးတင်ငွေ၊ သာသနာရေးဝန်ကြီး ဦးအောင်ခင်တို့ကို တာဝန်မှ ရပ်စဲခဲ့သည်။

လစ်လပ်သွားသည့် ဝန်ကြီးများနေရာတွင် ဝန်ကြီးချုပ်ရုံးဝန်ကြီးများအဖြစ် ယခင်မြို့တော်ဝန် ဦးကိုလေး၊ ဗိုလ်ချုပ်သိန်းဆွေတို့ကို ပြောင်းရွှေ့ခန့်ထားလိုက်ပြီး သာသနာရေးဝန်ကြီးအဖြစ် ဗိုလ်မှူးချုပ် သူရမြင့်အောင်၊ သစ်တောဝန်ကြီးအဖြစ် ဗိုလ်မှူးချုပ်သိန်းအောင်၊ သမဝါယမဝန်ကြီးအဖြစ် ဗိုလ်ချုပ်ဌေးဦးတို့ကို ပြောင်းရွှေ့ခန့်ထားခဲ့သည်။

ယခုလို နအဖ စစ်အုပ်စု ရာထူးအပြောင်းအလဲများ ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးအကဲခတ်များက မဆလခေတ်က ဗိုလ်နေဝင်း၏ လုပ်နည်းလုပ်ဟန်များသာဖြစ်ကြောင်း ဝေဖန်ခဲ့ကြပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စစ်ကောင်စီက ခန့်အပ်သည့် ရုပ်သေးဝန်ကြီးချုပ်အဖြစ် ရောက်ရှိသွားကြောင်း သုံးသပ်ခဲ့ကြသည်။ ❖

## ပဲခူးတိုင်း လွှတ်တော်ကိုယ်စားလှယ်များ နအဖဥက္ကဋ္ဌထံ အချက်(၃)ချက်တောင်းဆို

**ဩဂုတ်၊ (၂၅)ရက်။**

ပဲခူးတိုင်းအတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ချုပ် တိုင်းစည်းရုံးရေးအဖွဲ့ဝင်များ စုပေါင်း၍ အချက်(၃)ချက်ပါ တောင်းဆိုစာတစောင်ကို နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ထားကြောင်း သိရသည်။

အဆိုပါတောင်းဆိုစာကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပေးပို့ထားခြင်းဖြစ်ပြီး တောင်းဆိုချက်များအဖြစ် ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးထားသည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားသူအားလုံး ပြန်လွှတ်ပေးရေး၊ အကျဉ်းထောင်များအတွင်း ဖမ်းဆီးခြင်းခံနေရသူ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေးနှင့် အဖွဲ့ချုပ်ရုံးများအားလုံး ပြန်ဖွင့်ခွင့်ပေးရေးတို့ ပါဝင်ကြောင်း ပဲခူးတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှက ပြောဆိုခဲ့သည်။

ထိုသို့ တောင်းဆိုမှုပြုသူများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦးနှင့် တိုင်းစည်းရုံးရေးကိုယ်စားလှယ်များ ပါဝင်ပြီး စုစုပေါင်း(၄၀)ကျော်တို့က လက်မှတ်ရေးထိုး တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တောင်းဆိုစာပေးပို့ရာတွင် ပါဝင်သူ ဦးမြတ်လှက အဖွဲ့ချုပ်ခေါင်းဆောင်များအား ဖမ်းဆီးထားပြီး ရုံးများကို ပိတ်ထားခြင်းသည် နိုင်ငံရေးပါတီတခု၏ စည်းရုံးရေးကို ဟန့်တားရာရောက်ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီရရှိရေးအတွက် အသက်ပေးထားသူများဖြစ်သည့်အားလျော်စွာ တိုင်းပြည်တွင် နောက်မျိုးဆက်သစ်များအတွက် ဒီမိုကရေစီရရှိသည်အထိ ဆောင်ရွက်သွားနိုင်လျှင် ကြိုးစားရကျိုးနပ်မည်ဖြစ်ကြောင်း အသံလွှင့်ဌာနနှင့် မေးမြန်းခန်းတခုတွင် ပြောကြားသွားခဲ့သည်။

❖

## နအဖဘဏ်များ၏ ငွေချေးငွေထုတ်လက်မှတ် စင်္ကာပူဘဏ်များ ပိတ်ပစ်ပြီ

**ဩဂုတ်၊ (၆)ရက်။**

နအဖစစ်အုပ်စုအပေါ် အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့မှု ဥပဒေကြောင့် ရန်ကုန်မြို့ရှိ နအဖဘဏ်များကို ငွေချေး၊ ငွေသွင်း၊ ငွေထုတ် လက်မှတ်များအား စင်္ကာပူဘဏ်ကြီးများက ပိတ်ပစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် (MFTB)နှင့် မြန်မာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ် (MICB)တို့အား စင်္ကာပူဘဏ်ကြီးများက ငွေကြေး လုံးဝမချေးတော့သည့်အပြင် L/C (Letter of Credit)ခေါ် ငွေသွင်း ငွေထုတ် လက်မှတ်များကိုလည်း ဇူလိုင်လကုန်ကစ၍ ပိတ်ပစ်လိုက်ပြီဖြစ်သည်။

ထိုသို့ ပိတ်ပစ်လိုက်သည့်အတွက် သွင်းကုန် ထုတ်ကုန်လုပ်ငန်းများ အခက်အခဲတွေ့ကြုံရမည်ဖြစ်ပြီး စစ်အုပ်စု လူတန်းစားကို အဓိကထိခိုက်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ကြည်က ဆိုသည်။ ထို့ပြင် နိုင်ငံခြားတွင် သွားရောက်ပညာသင်ကြားနေသည့် အာဏာရှင်ဗိုလ်ချုပ်ကြီးများ၏ သားသမီးများ ပညာသင်ကြားရေးကိုလည်း ထိခိုက်နစ်နာစေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

❖